www.burmeseclassic.com

နှင်းလပြည့်
စာပေ



BURMESE CLASSIC

လုံးချင်းဝတ္ထုသစ်

# ရှင်ပြွတ်နိုး

လမင်းရှင်ခွင်

www.burmeseclassic.com

ပန်းချီ သိန်းရွှေကြည်
2016

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ထွေးထွေးသိမ်း(မြ-၀၀၈၂၇)
ငွေပုံကြယ်စာပေ၊ အမှတ်-(၅၄၅)၊ ကျောင်းလမ်း၊
၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (မြ-၁၀၉၈၈)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - စိုးလပြည့်စာပေ
အမှတ်-၂၂၄၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၁၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
ရှင်မြတ်နိုး
လမင်းရောင်ခွင်/ရှင်မြတ်နိုး။ ရန်ကုန်။
ငွေပုံကြယ်စာပေ၊ ၂၀၁၆။
(၂၄၀)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) လမင်းရောင်ခွင်

BURMESE CLASSIC

## အခန်း ( ၁ )

နောက်ဆုံးပေါ် ကားအကောင်းစားကြီးကို မြင်ဖို့ရောက်လာတဲ့ မိန်းကလေးတစ်ယောက်အား မြင်မြင်ချင်းမှာပဲ နှလုံးသားတွေ တဆတ်ဆတ်တုန်ယင်လှိုက်ခါသွားလေအောင် ချစ်မိသွားရတယ်ဆိုတဲ့အဖြစ်က ကိုယ့်လို စက်ပြင်သမားတစ်ယောက်အတွက် အရပ်ရပ်ကလူတွေကြားလို့မှ မသင့်တော်တဲ့ကိစ္စ ဖြစ်ရသည်။ လှပချောမောအိစက်နုဖတ်နေတဲ့ မိန်းကလေး။

"ဒီမှာ"

"ဗျာ"

"ကားပျက်နေလို့ ကြည့်ပေးနိုင်တဲ့လူရှိလား"

"ဗျာ ... "

"ရှင် ဗမာစကား မတတ်ဘူးလား ... "

ကိုယ့်တစ်ကိုယ်လုံးမှာ စက်ဆီမဲမဲတွေ ပေကျံညစ်ပတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကာ အဖြူရောင်ဝတ်စုံကိုမှ နှစ်သက်တတ်၍ အမြင်မတော် အသားကတော့မမဲပါဘူး။

ဒါပေမဲ့ … ဖုံမှုန့်တွေ စက်ဆီတွေနဲ့ အမဲရောင်ကပဲ ကိုယ့်တစ်ကိုယ်လုံး ဖုံးလွှမ်းနေသည်။

"ဒီမှာ … ရှင် ဘာကြောင့်ကြည့်နေတာလဲ၊ ကျွန်မ ကားပျက်ပါတယ် ကြည့်ပေးမယ့်လူရှိလားလို့ မေးနေတာလေ"

"ဟုတ်ကဲ့ … ကြည့်ပေးနိုင်ပါတယ်၊ ကျွန်တော်က စက်ပြင်ဆရာပါ၊ ကားက ဘယ်မှာပါလဲခင်ဗျာ … "

"တကယ်ပါပဲ … အူတူတူနဲ့ ဟိုမှာ … "

သူမ မျက်ဝန်းတွေက စိတ်ရှုပ်ထွေးစွာ ကိုယ့်ကိုလည်း အထင်သေးတဲ့အရိပ်တွေ ပြည့်နှက်နေသည်။

အဖက်မတန်သလို ကားကို ဆောင့်ဆောင့်ဆောင့်လေး လက်ညှိုးထိုးပြပြီး ဧည့်သည်တွေ ထိုင်ဖို့ ချထားတဲ့ ကုလားထိုင်မှာ ဝင်ထိုင်နေ၏။

ကိုယ်ကတော့ ယောင်ချာချာ မဆီမဆိုင် လက်တွေ ခြေတွေ တုန်ယင်နေသည်။

"အရမ်းချောလိုက်တာ ဘယ်လိုလုပ်ရမလဲ … မင်းကို ချစ်မိသွားပြီ၊ မတန်မရာ … မင်းက ဘာကောင်လဲ ခနဲ … မမှီတဲ့ပန်းကို တုံးခုလို့လှမ်းလည်း မရနိုင်ဘူး"

ကိုယ့်စိတ်တွေကို ချိုးနှိမ်ဖို့ပဲ လိုအပ်သည်ဟု ထင်သည်။





ကိုယ်က စက်ပြင်သမား။

ကျွမ်းကျင်အဆင့် မဟုတ်သေးဘဲ ပညာလာသင်တာပါ။

ဝပ်ရှော့ပိုင်ရှင် ဦးငွေရကာ ခနရဲ့ ဦးလေးနှစ်ဝမ်းကွဲ။

နယ်ကနေ ရောက်လာပြီး ဝပ်ရှော့မှာ ဝင်လုပ်နေတာ လခက တစ်လ တစ်သိန်း။

အမေ့ကျန်းမာရေးကြောင့် ကြိုတင်ယူထားရတာ ငါးလစာတောင် ရှိနေပြီ။

"သားရယ် … ပညာတတ်ကြီးဖြစ်အောင် ကြိုးစားစမ်းပါ ဒါမှသားလေး မပင်ပန်းဘဲ နေနိုင်မှာလေ … အမေသားက လိမ်မာပြီးတော့တယ် … မောင်ငွေရကာ ပညာလည်းဆက်သင်ပေးမယ်လို့ ပြောတယ် … သား ကြိုးစားရင် ကြိုးစားသလောက်ပေါ့"

အမေ အထူးမှာတာက မိန်းကလေးကိစ္စတွေ မရှုပ်ဖို့ဘဲ။

မိန်းကလေးကို လုံးဝစိတ်မဝင်စားပါနဲ့တဲ့။

ကိုယ်လည်း မိန်းကလေးတွေနဲ့ လုံးဝကို ကင်းရှင်းအောင် နေထိုင်ခဲ့တယ်။

စိတ်လည်း မဝင်စားပါဘူး။

အမေ့ကို မသေခင် ချမ်းချမ်းသာသာနေစေချင်တယ်။

အကောင်းဆုံး အဝတ်အစားတွေ အကောင်းဆုံး အစားအစာတွေ ကျွေးချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တဲကုတ်လေးထဲမှာနေထိုင်ရတဲ့ အမေ့ကို တိုက်ခန်းနဲ့ ထားချင်တယ် ... ဒါပဲ ... ။

"ဒီမှာ ... "

"ဗျာ ... "

"ရှင့်ကို ကျွန်မ ကြည့်နေတာ ကားစက်ဖုံးလည်း မဖွင့်ဘူး ရပ်ပြီး ဘာတွေစဉ်းစားနေတာလဲ ... ကျွန်မမှာ အချိန်မရှိဘူးနော်၊ မလုပ်တတ်ရင်လည်း ပြန်မယ်"

"ဗျာ"

"ဘာဗျာလဲ ... ရှင်ဗမာစကားကိုတောင် ကောင်းကောင်း နားမလည်ဘူးထင်တယ် ... တော်ပြီ ... "

"နေ ... နေပါဦး ခဏလေးပါ ... ကိုယ်က ကားစက်ပြင် ဆရာပါ ... ခဏလေး ... "

"တောက်"

ကိုယ်ကလဲ ကိုယ်ပဲ။

ကားစက်ကို ဖွင့်ကြည့်ဖို့တောင် မေ့လျော့နေသည်။

ဒုက္ခပါပဲ ...

အချစ်က ကြောက်စရာကြီးပဲ။

ကိုယ် ဘာတွေစဉ်းစားနေတာလဲ။

စက်ပြင်ဆရာ အစုတ်အနုတ်ကများ မတန်မရာ ချမ်းသာ





ကြွယ်ဝပြီး ချောမောလှပလွန်းတဲ့ မိန်းကလေးကိုမှ ချစ်မိသွားရ၏။

ကိုယ် သတိထားပြီး ကားစက်ဖုံးကို ဖွင့်သည်။

"ဒီမှာ"

"ဗျာ"

"ရှင် တကယ်ရော ပြင်တတ်ရဲ့လား ... ရှင့်ကိုကြည့်ရတာ မတတ်သလိုဘဲ ... တွန့်ဆုတ်ဆုတ်နဲ့၊ ကျွန်မကားက အရမ်းအဖိုး တန်တယ်နော်"

"ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ ... စိတ်မပူပါနဲ့နော်၊ ကိုယ်ပြင် တတ်ပါတယ်"

ကိုယ်တဲ့ ... ဒီစက်ပြင်သမားက စကားပြောတာတော့ ယဉ်ကျေးသားပဲ။

ဒါကြောင့် ဒက်ဒီ့စိတ်ကြိုက် ဝပ်ရှော့ဖြစ်နေတာ ထင်တယ်။

"လမ်းဘေးက ဝပ်ရှော့ဆိုပေမယ့် အထင်မသေးနဲ့နော် သမီး ဝန်ဆောင်မှု အရမ်းကောင်းတယ် ... စေတနာပါတယ်၊ ကား ကောင်းတွေကိုလည်း ပြင်တတ်တယ်"

သခင်လည်း ဒီနားရောက်မှ ကားကဖောက်လာလို့ ဒက်ဒီ ပြောပြောနေတဲ့ မိုးကောင်းကင် ဝပ်ရှော့ကို သတိရပြီး ဖြေးဖြေး ခြင်းမောင်းလာခဲ့သည်။

ဝပ်ရှော့က လမ်းဘေးမှာ သေးသေးလေးပါ။

မကြိုက် ...

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှုံ့ချင်သည်။

သခင်နှင့်ရွယ်တူ စက်ပြင်သမားတစ်ယောက်ပဲ ရှိနေ၏။

စကားပြောတာတွေကတော့ တကယ့်ကို ရိုကျိုးပြီး ဆက်ဆံရေးကောင်းပါတယ်။

ဒါပေမဲ့ သူ့ကိုယ်သူ ကိုယ်လို့ထည့်ပြောနေတာတော့ အပေါ်စီးက ဖြစ်နေသလိုပဲ။

သခင် မျက်နှာကျောကို မာမာနှင့်စူပုတ်ထားသည်။

"စက်က ချေးနဲနဲပိတ်ချင်တယ်၊ ကြီးကြီးမားမားပျက်တာတော့ မရှိပါဘူး၊ ဟိုမှာ ခဏလေး ထိုင်စောင့်ပေးပါခင်ဗျာ ... ကိုယ် ဆီစစ်ဗူးလဲပေးပါ့မယ် ..."

"ဒီမှာ မြန်မြန်ပြင်ပေးပါ ... ကျွန်မ အရေးတကြီးသွားစရာကိစ္စရှိပါတယ်"

"ဟုတ်ကဲ့ပါခင်ဗျာ ... ခဏလေးပါ အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါ့မယ်"

မိန်းကလေးကတော့ မာနခဲမလေးပဲ မျက်နှာက မာတင်းခက်ထန်နေတာပဲ။

ကိုယ့်စိတ်တွေကို ထိန်းချုပ်နေရတယ်။

မတန်မရာ မငမ်းမိဖို့ပါ။

ကောင်မလေးက ကိုယ်နဲ့ရွယ်တူပဲ။

ဘဝက်ကြမ္မာတွေက ကွာလိုက်တာ။



မိုးနဲ့မြေပဲ ... ကိုယ် ဆီစစ်ဗူးလဲပေးလိုက်သဖြင့် ကားက မောင်းလို့ ကောင်းသွားသည်။

"ကားက ကောင်းသွားပါပြီ ခင်ဗျာ ... "

"ဘယ်လောက်ပေးရမလဲ"

ကိုယ်က ကျသင့်ငွေကိုပြောတော့ ဒက်ဒီ့စာရင်းထဲမှာ ထည့်မှတ်လိုက်တဲ့။

ကျသင့်သလောက်ပဲမှတ်နော် ... ပိုမမှတ်နဲ့တဲ့။

လူတွေက ယုံရတာမဟုတ်ဘူးတဲ့။

ကားပေါ်တက်သွား၍ ဝေါခနဲ မောင်းထွက်သွားသည်။

"ဟ ... ဘာလဲဟ ... ဒက်ဒီ့စာရင်းမှာ ထည့်ပေါင်းပါဆိုတော့ သူ့ဒက်ဒီက ဘယ်သူလဲ ... ဘာမဟုတ်တဲ့ငွေလေးကိုများ ပေးမသွားဘူး ... မပေးရင်လည်း သေသေချာချာပြောရမှာပေါ့"

ပြီးတော့လည်း လူကိုမှားမယုံသင့်ဘူးနဲ့ ပိုမမှတ်နဲ့တဲ့။

ကိုယ် ဒေါသထွက်သွားသည်။

အင်းလေ ... ဖြစ်တတ်ပါတယ်။

သူဌေးသမီးပဲ ဖြစ်နေတာကိုး ... ။

ခက်တာက ဒက်ဒီ့စာရင်းမှာ ထည့်ပေါင်းဆိုတော့ သူ့ဓာက ဘယ်သူ့သမီးလဲ။

"ဟော့ ဓနု ... မင်းတစ်ယောက်ထဲရပ်ပြီး ဘာတွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"ဟာ … ဦးလေးငွေ ရောက်လာတာနဲ့အတော်ပဲ … ဒီမှာ"

သူ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို ဝပ်ရှော့ပိုင်ရှင် ဦးလေးအား ပြောပြလိုက်သည်။

"ဟား … ဟား … မင်းတွေ့ခဲ့ရတဲ့ ကောင်မလေးက ဦးထင်လင်းရဲ့သမီး ဒေဝီသခင်လေ …"

"ဗျာ …"

"အဲဒီကောင်မလေးနာမည်က ဒေဝီသခင်တဲ့ … ဟိုကွာ မင်းကိုခင်တဲ့ သူဌေးကြီး ဦးထင်လင်းလေ … သူ့သမီးပဲ … ဒီကောင်မလေးက မာနကြီးတယ် … ဦးလေးငွေတို့ ဝပ်ရှော့ကို မလာဘူး … ဦးလေးတောင် တစ်ခါလောက်ပဲ မြင်ဖူးတာ"

ကောင်မလေးနာမည်က ဒေဝီသခင်တဲ့လား။

မနနှင့် ခင်မင်နေတဲ့ သူဌေးကြီး ဦးထင်လင်းရဲ့သမီးတဲ့။

မန တော်တော်လေး စိတ်ဓာတ်ကျသွားရသည်။

"ဦးထင်လင်း စာရင်းမှာထည့်လိုက် … နေ့စွဲနဲ့ သေသေချာချာမှတ်နော် … ဦးထင်လင်းက တစ်ဦးတည်းသော သမီးမို့အလိုလိုက်ထားတယ်ထင်တယ် … နည်းနည်းတော့ဆိုးတယ်"

မနတော့ သွားပြီ။

ဘယ်လိုကြီးလဲ …





နှလုံးသားတွေ စူးနင့်နာကျင်နေရသည်။

ဒေဝီသခင်ကိုမှ ချစ်မိသွားတာ ကိုယ့်ရဲ့ရူးသွပ်မှုပဲ။

မင်း အရူးထတာပါ။

ဒေဝီသခင် ဖခင်ကတော့ မနအား ခင်မင်၏။

အကူအညီလိုအပ်ရင် တောင်းနိုင်ကြောင်း အမြဲတမ်းပြောသည်။

"မနကိုခင်တယ် … မင်းအင်ဂျင်နီယာဖြစ်ဖို့ နယ်ကနေတက်လာပြီး ကြိုးစားနေတယ်ဆို … လိုအပ်တဲ့ အကူအညီတောင်းနော် … အန်ကယ်ကူညီချင်တယ်၊ မနတို့လို လူငယ်တွေကို အားပေးချင်တယ်ကွယ်"

မနက စက်မှုတက္ကသိုလ်မှာ ပထမနှစ် အင်ဂျင်နီယာ တက်နေသည်။

ဦးလေးငွေက ကျောင်းထားပေး၏။

မနလည်း ပညာသင်ရင်း လုပ်အားပေးနေသည်။

"ကျွန်တော်တို့က ဆင်းရဲပါတယ် … ဒါပေမဲ့ ကျွန်တော့်ကိုယ်ပိုင် အစွမ်းအစနဲ့ပဲ အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်ပါတယ်"

သူ့ပညာရေးအတွက် ဘယ်လိုလူမှ အရိပ်အဖြစ် အုပ်မိုးမခိုလိုပေ။

ဦးလေးငွေကိုတောင်မှ လုပ်အားခအဖြစ် ဝပ်ရှော့မှာဝင်လုပ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကျောင်းစရိတ် လိုလောက်၏။

ချုံးခြံချွေတာသည်။

"မေနံ"

"ဗျာ"

"မင်း ကျောင်းသွားဖို့ပြင်ဆင်တော့လေ ... မင်းကတော့ တကယ့်ကိုတာဝန်ကျေပါတယ် ... ဦးလေးငွေက မင်းပညာရေးကို လုံးလုံးတာဝန်ယူချင်တာ ... မင်းက လက်မှမခံတာ"

"ရပါတယ် ... ဦးလေးငွေရယ် ... ကျွန်တော်ပေါ့သွားမှာ စိုးရိမ်လို့ပါ ကျေးဇူးတင်ပါတယ်ဗျာ"

အမိက သူ့အမေကို ပြုစုစောင့်ရှောက်ချင်တယ်။

သူ့ကိုယ်ပိုင် အစွမ်းအစနဲ့ပဲ ကြိုးစားတည်ဆောက်လိုသည်။

သူ ကျောင်းသွားဖို့ ပြင်သည်။

ဒေဝီသခင်ရဲ့ လွှမ်းမိုးမှုကို ဖယ်ရှားပြစ်ရမယ်။

မောက်မာ ထောင်လွှားတဲ့ သူဌေးသမီးပဲ။

"မာနမနေက ငွေကြေးချို့တဲ့ပေမယ့် မာနတော့ကြီးတယ်၊ ဒေဝီသခင်တစ်ယောက်ထဲရှိနေရင်တောင် မင်းကိုကျောခိုင်းပြစ်ယ်"

အမေ့အတွက်ပဲ ဒီလိုမိန်းကလေးတစ်ယောက်ကို သူချစ်မိ၍ မဖြစ်ဘူး။

အဆင့်အတန်းလည်း ခွဲခြားပြီး ဆိုးဆိုးပေပေ မိန်းကလေး





ရင်ထဲမှာ ဒေဝီသခင်က ဆူးတစ်ချောင်းလို နစ်ဝင်နေပေမယ့် ဆွဲထုတ်ဖယ်ရှားပြစ်ရမည် ဖြစ်သည်။

သူ ပြင်ဆင်ပြီးသည်နှင့် ကျောင်းကိုထွက်လာခဲ့၏။

ဒေဝီသခင်က ဖယ်ရှားချင်ပါတယ်ဆိုမှ သူ့အတွေးတွေထဲ အချိန်မလပ် ဝင်ရောက်နေလေသည်။

"ဘာလဲဟ ... မဆီမဆိုင် မင်းနဲ့အဝေးကြီးပဲ မနံ ... စိတ်ထဲမှာတောင် မထားနဲ့ ... မင်းဒုက္ခရောက်လိမ့်မယ်နော်"

အတွေးကို ဖြတ်ပြစ်သည်။

ဒေဝီသခင်ရဲ့ မျက်နှာချောချောလေးက ရုတ်တရက် မေ့ပြစ်ယ်ရှား၍မရ၊

သူချစ်မိသလိုလို စွဲလမ်းနှစ်သက်မိသလိုလို။

မွဲငတေ ဝပ်ရှော့အလုပ်သမားတစ်ယောက်ကများ ဒေဝီခင်ဘက်က အဖက်ပင်မလုပ်။

အထင်သေးအမြင်သေးနှင့် မောက်မောက်မားမား ဆက်ဆံသည်။

"တော်ပါပြီကွာ ... ဒေဝီသခင်လို မိန်းမမျိုးကို အမေသာတော်ရင် အမေသေတာတောင် ဒုက္ခပင်လယ်ဝေပြီ သေရမယ် ... မနာဝမှာ အမေက အရေးအကြီးဆုံးပဲ ..."

သူစိတ် တွေဝေယိမ်းယိုင်မသွားစေရန် ထိန်းချုပ်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့ရောက်တော့ ဖယ်ရီပေါ်မှ မနဆင်းလိုက်၏။

ကျောင်းအဝင်အဝတွင် မထင်မှတ်ဘဲနှင့် ကားလေးတစ်စီးနှင့် ဝင်တိုက်မိတော့မလို ဖြစ်သွားသည်။

"ဟာ ..."

"ဟင် ..."

"လမ်းဖြတ်ကူးတာ သတိထားပါဦး ... ဘာလဲ မျက်မမြင်လား"

ကားပေါ်မှ မိန်းကလေးတစ်ယောက်က ရန်စွယ်နဲ့ငေါငေါ ရန်တွေ့နေသဖြင့် သူလှမ်းကြည့်လိုက်တော့ ဒေဝီသခင် ဖြစ်နေသည်။

သူ့ကို မမှတ်မိပေ။ စက်ဆီတွေ ပေကျံနေတဲ့ မနကို မှတ်မိဖို့မလွယ် ... မနက လူချော။

"မေ့ပြစ်ပါမယ်ဆိုကာမှကွာ ... ဟာ ... ဒေဝီသခင်လည်း စက်မှုတက္ကသိုလ်မှာ တက်တာလား"

ဒေဝီသခင့်ကားလေးက ကျောင်းဝင်းထဲအထိ မောင်းဝင်သွားသည်။

သူလည်း မသိမသာ အကဲခတ်ရင်း ဒေဝီသခင့်နောက်မှ လိုက်နေမိ၏။

ထင်ထားတဲ့အတိုင်းပဲ ... ဒေဝီသခင်နှင့်သူက အခန်းပဲ မတူတာပါ။





ပထမနှစ် အင်ဂျင်နီယာကျောင်းသူ ဖြစ်နေသည်။

"ဒုက္ခပါပဲကွာ ... မေ့ပြစ်ပါ့မယ်ဆိုကာမှ ..."

ဒေဝီသခင်က သူ့အရှေ့ခန်းထဲ ဝင်သွားသည်။

လူကသာ မောက်မောက်မာမာ ဆိုးဆိုးပေပေ ဖြစ်နေတာပါ ပညာရေးကတော့ ကောင်းသားပဲ။

ပညာမတတ် ဘာမတတ် ကလေကချေ ကောင်မလေးတစ်ယောက် မဖြစ်တာပဲ သူ့ကျေနပ်သလိုလို။

မင်းနဲ့ ဘာဆိုင်လို့လဲ မနရာဟု တွေးပြီး သူ့အခန်းထဲ ဝင်လာခဲ့သည်။

"မာနမနေရေ ... မင်းတော့ သွားပြီ၊ အနှောက်အယှက်တစ်ခု ခဲ့ထင်တယ် ... ဒေဝီသခင်နဲ့မင်းဘဝက မိုးနဲ့မြေထက်တောင် ကွာခြားသွားပြီပဲ ..."

မစဉ်းစားဖို့ ဘယ်လောက်ပဲ သူ့စိတ်တွေကို ထိန်းချုပ်နေပါစေ ဒေဝီသခင့်ကို မေ့ပြစ်နိုင်ခြင်းမရှိ ဒေါသထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"သခင်လေ လမ်းမှာနေ့တစ်ကောင် လမ်းဖြတ်ကူးတာ ငေးတီငေးငိုင်နဲ့ဝင်တိုက်မိတော့မလို့ သိလား ... တိုက်မိလို့သေသွားရင်လည်း သခင်ပဲအမှုပတ်ဦးမယ် ... တကယ့်ကို အူတူတူနဲ့"

သခင် ဒေါသဖြစ်လို့မဆုံးပေ။

ငေးတီငေးငိုင်နဲ့ ...

သခင် ကားမောင်းကျွမ်းကျင်လို့ပေါ့။

ဒက်ဒီက အသက်မပြည့်သေးဘူး လိုင်စင်လည်းမရှိလို့ သတိထားမောင်းလို့ အထပ်ထပ် သတိပေးထားသည်။

ဒရိုင်ဘာနှင့်ကျောင်းကို ပို့ပေးဖို့ စီစဉ်ထားပေမယ့် သခင်ကတော့ ကိုယ်တိုင်ပဲမောင်း၏။

ပြဿနာမဖြစ်အောင်နေဟု အမြဲတမ်း မှာနေတတ်သည်။

"သမီးမှာ လိုင်စင်လည်းမရှိဘူး၊ အသက်လည်း မပြည့်သေးဘူး ... ပြဿနာတက်ရင် ရှင်းရခက်တယ်နော်"





"သခင်က ထွားထွားကြိုင်းကြိုင်း အသက်မပြည့်သူလို့ထင်စရာမှမရှိတာ ... စိတ်ချ သခင် ရှင်းတတ်တယ် ... သူများမောင်းတဲ့ကား မစီးချင်ပါဘူး၊ အောက်တယ် ..."

တော်သေးတာပေါ့ ဒေဝီ ... ပြဿနာမတက်လို့၊ စောစောကလူကို တွေးမိတိုင်း ဒေါသထွက်သည်။

"သခင်တို့ကျောင်းက ကျောင်းသားပဲထင်တယ် ... ညီမအသက်က သခင်တို့အရွယ်ပဲထင်တယ်"

"ရှင်ကတော့လေ ဒေါသသာထွက်နေတယ် ... ဒီလူ့ကိုတော်တော်လေး မှတ်သားလေ့လာထားတာပဲ"

"အင်း ... သူကမြင်ရင်တော့ မှတ်မိလွယ်တယ်ဟ ချောတယ် ... သန့်တယ် ... အူတူတူပေမယ့် တို့ကျောင်းကပဲထင်တယ်"

"ရှာကြည့်ကြမလား"

"မရှာပါဘူး ... ကြည့်ရတာ အစုတ်အနုတ် ... ဒေဝီသခင်ချည်မှန်းထားတဲ့ ယောကျ်ားက သိတယ်မဟုတ်လား"

"သိပါတယ် ... သိပါတယ်နော်၊ ရုပ်ချော ဉစ္စာပေါ ပညာတတ်အရပ်မြင့်မြင့် ... မိဘအသိုင်းအဝန်းက ဂုဏ်သရေရှိရှိ အတော်နုံး အစွမ်းအစတွေနဲ့ ... အမလေး ... ရှေ့ဆက်ပြောရင် အမောဆို့သေနိုင်တယ် ... ရှင်တော့ တစ်သက်လုံး အပျိုကြီးပဲဖြစ်မယ်"

"ဖြစ်ဖြစ်လေ ... အိမ်ထောင်လဲ မကျချင်ပါဘူး ... သခင်



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လိုမိန်းကလေးလဲ ... ပျော်ရွှင်မှုတွေ လွတ်လပ်မှုတွေ အပြည့်အဝနေချင်တာ ဒက်ဒီတောင် ဆုံးမသွန်သင်လို့ မရဘူး"

"သေသင့်ပြီ ... "

သခင်က ဘယ်လောက်ပဲပျော်ပျော် လွတ်လွတ်လပ်လပ် နေထိုင်တတ်ပါစေ ယောကျ်ားလေးတွေနဲ့ ရှုပ်ရှုပ်ပွေပွေတော့ မနေထိုင်ခဲ့။ ချစ်သူလည်း မရှိဘူး။

မထားတာပါ ...

သခင် လက်ထပ် မည့်ဘဝတစ်လျှောက်လုံး လက်တွဲဖော်က အမြင့်ဆုံး အရည်အချင်းတွေ သတ်မှတ်ထားလို့ သခင်လည်း ယောကျ်ားတစ်ယောက် အထင်သေးစေမယ့် အလုပ်မလုပ်မိစေရန် ရှောင်ရှားနေသည်။

"သခင်ရေ ... စာသင်ရတာထက် တို့နှစ်ယောက်အရေးမရ အဖတ်မရ စကားတွေပြောပြီး ပင်ပန်းနွမ်းနယ်ရလို့ စားသောက်ဆိုင်တွေဘက် သွားမလား"

"အိုကေ ... အစားက တို့နှစ်ယောက်နဲ့တည့်တယ် သွားကြမယ်"

သခင်နှင့်ညိုမီတို့ အတန်းထဲကနေ ထွက်လာကြသည်။

"ဟဲ့ ... ဟဲ့ ညိုမီ ... ဟိုမှာ ... ဟိုမှာဟ ... သခင်ကားနဲ့ တိုက်မိတော့မလို ဖြစ်သွားတဲ့ ငတုံးကောင် ... "



"ဘယ်မှာလဲ"

"တို့အနောက်က အခန်းထဲမှာလေ ... ထိုင်နေတယ်၊ ထမင်းဗူးဖွင့်နေတယ် ... ထမင်းစားမလို့ ထင်တယ်"

"ဘာဟင်းတွေနဲ့ စားနေလဲ စပ်စုရအောင် ... "

"ကဇွန်းရွက်ကြော် ... "

"ဘာ ... "

"ငါတွေ့လိုက်တယ်"

"သေသင့်ပြီ"

ညိုမီက တစ်ခုခုပြောလိုက်လျှင် သေသင့်ပြီဆိုတဲ့စကားကို အမြဲတမ်းပြောတတ်သည်။

ဟုတ်တယ် ...

သူ့ထမင်းဗူးကို သေသေချာချာကြည့်လိုက်တာ ကဇွန်းရွက်ကြော်ပဲ။

"ဆင်းဆင်းရဲရဲ ကျောင်းလာတက်ရတာ ထင်တယ် ... "

"သွားမယ်ဟာ"

နှစ်ယောက်သား စားသောက်ဆိုင်တွေဆီ ရောက်လာကြသည်။

"သခင်"

"ပြော"

"ဆင်းရဲပေမယ့် သူ့ရုပ်ရည်ကတော့ ရှုပါဖြောင့်တယ်နော်

www.burmeseclassic.com



ချောတယ်ဟာ"

"စိတ်မဝင်စားပါဘူး"

"ညီမှီ စိတ်ဝင်စားတယ်"

"ဘာ ..."

"အော်လိုက်တာ ပတ်ဝန်းကျင်ကတောင် လိုက်ကြည့်နေပြီ"

"ရှင်က အဓိပ္ပါယ် မရှိတာ ဘာဖြစ်လို့ပြောလဲ ... လန့်သွားတယ်"

"ဟုတ်တယ်လေ ... သခင့်ဘဝနဲ့က အရမ်းကွာဟနေပေမယ့် ညီမှီဘဝနဲ့ကတော့ နည်းနည်းနီးစပ်နိုင်တယ်လေ ... ညီမှီက ရုပ်ချောချောကြိုက်တယ် ... ယောက်ျားပီသရမယ် ... ငွေကြေးချမ်းသာစရာမှ မလိုတာ ..."

"သေသင့်ပြီ"

"ဟွန်း ... ညီမှီစကားနော် ..."

"ကဲပါ ... ဗိုက်ဆာနေပြီ စားစရာတွေမှာတော့ ..."

"ဒီနေ့ ညီမှီ ကျွေးမယ် ..."

"ဘာအထိမ်းအမှတ်လဲ"

"ချစ်သူကို စတင်တွေ့တဲ့ အမှတ်တရနေ့လေ"

"ဘုရားသခင် ..."

"ကျွန်မ သေသင့်ပြီလား"





"ဟုတ်တယ် ... သေသင့်တယ်၊ အရူးထမနေစမ်းပါနဲ့ ... ငွေကြေးဥစ္စာ မပြည့်စုံရင် ရုပ်ချောတာက အသုံးမဝင်ဘူးနော်"

"သူက ပညာတတ်လေ ... အင်ဂျင်နီယာဖြစ်တော့မှာ အရည်အချင်းက မဆိုးဘူးလေ ..."

"ဒေါ်ညီမှီ ... ရှင့်ဟာရှင် ကြိုက်ချင်ကြိုက်ပါ ... မကန့်ကွက်ပါဘူး။ ဘာပဲဖြစ်ဖြစ် ... ရှင့်ရဲ့အမှတ်တရအတွက် ကျပ်ကောင်းကောင်းအဝအပြဲ စားရမှာပေါ့လေ"

"စားစေသတည်း ..."

နှစ်ယောက်သား ရယ်မောပြီး စားစရာတွေ မှာကြသည်။ ညီမှီက အရူးထပြီး အကောင်းဆုံးတွေမှာကျွေးနေ၏။

သခင်ကတော့ ဒီလောက်အဆင့် စိတ်မဝင်စားပါဘူး။

အထင်လည်း မကြီးဘူး။

သူ အင်ဂျင်နီယာ ဖြစ်ပါစေဦး ... သူဌေးဖြစ်ဖို့ဆိုတာ အချိန်တွေအများကြီး ကြိုးစားတည်ဆောက်ရဦးမှာ ဖြစ်သည်။

သခင့် စရိုက်နဲ့မဖြစ်ဘူး။

ယောက်ျားက သခင့်စည်းစိမ်ဥစ္စာတွေကို မှီခိုစားသောက်နေထိုင်တာကိုလည်း မကြိုက်ပေ။

အမြဲတမ်း သခင့်ထက် သာနေစေရမယ်။

"ဟဲ့ သခင် ... သူနာမည်ဘယ်သူလဲလို့ စုံစမ်းကြည့်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ပါ ... သူ့အခန်းထဲမှာ တို့အသိဆွေဆွေ ရှိတယ်လေ ... ”

“ရှင့်သဘောပဲ ... ဘာမှန်းမသိ ညာမှန်းမသိ အဲဒီလောက်ကြီး စွဲလမ်းရလား ... ”

“အချစ်လေ ... ”

“သေလိုက်”

“ညိုမှီစကားနော်”

ညိုမှီက အဖြစ်သည်းစွာနှင့် အစားအသောက်တွေကိုပင် ခပ်မြန်မြန်စားသောက်စေပြီး သူ့အခန်းဆီ ပြန်ရောက်လာကြသည်။

“ဟိုမှာ ထမင်းစားပြီးပြီဟ စာဖတ်နေတယ် ... စာကြိုးစားပုံပဲနော် သခင်”

သခင် စိတ်မဝင်စားပါဘူး။

သူ့ဟာသူ စာကြိုးစားနေလည်း ဘာအထင်ကြီးစရာရှိလို့လဲ

သခင်တို့ကိုမြင်တော့ ဆွေဆွေထွက်လာသည်။

အထက်တန်းကျောင်းမှာ တစ်ကျောင်းထဲတက်လာကြပြီး ကျောင်းနေဘက်တွေ။

“ဆွေဆွေ ... ရှင့်ကိုမေးစရာရှိတယ်၊ လာ ... တို့အခန်းဘက်လိုက်ခဲ့”

“ညိုမှီ ... ဘာတွေအရေးတကြီးဖြစ်လာတာလဲ၊ နောက်တစ်ချိန် ကျူတိုရီရယ်ရှိတယ်ဟ ... စာကြည့်ရဦးမယ်”





“လာစမ်းပါ ... ရှင့်ကျူတိုရီရယ်ထက် အရေးကြီးတာရှိလို့” ညိုမှီက ဆွေဆွေကို ဆွဲခေါ်လာသည်။

သခင်ကတော့ စိတ်ပျက်လက်ပျက်နှင့် နောက်မှလိုက်လာခဲ့၏။

အတန်းရှေ့မှာ ရပ်သည်။

“ညိုမှီ ဘာမေးမှာလဲဟ ... မေးလေ ... ”

“ဆွေဆွေ ... ”

“ပြော ... ”

“ဟိုလေ ... ရှင်တို့အခန်းထဲက ယောကျ်ားပီသတဲ့သူ နာမည်သိချင်လို့ ... ”

“ဘယ်သူလဲ ... ဆွေတို့အတန်းထဲမှာ အဲဒီလိုလူတွေ အများကြီးပဲ”

“အခုတစ်ယောက်ထဲပဲ ရှိတယ်လေ ... ဟိုဟာ ကန့်စွန်းရွက်ကြော်နဲ့ ထမင်းစားတဲ့လူ ... ”

သခင်ဝင်ပြောလိုက်၍ ညိုမှီက မျက်စောင်းလှည့်ထိုးသည်။

“သြော် ... မာနနေလား”

“ဘာ ... ”

“သူ့နာမည်က မာနနေတဲ့”

“အောင်မယ်လေး ... နာမည်က ကြီးကျယ်ခမ်းနားလိုက်တာ ... ဘာကြီးလဲဟ ... လူနေမြို့ကြားလား”



www.burmeseclassic.com

www.burmeseclassic.com



"သခင်ရယ် နင်ကတော့လေ သူများချစ်သူကို မှိုချီးမျှစ်ချိုးနဲ့ နှိမ်နှိမ်ချချ ... "

"ဟုတ်တယ် ... မာနခဲနေက လူကတော့ ဝပ်ရှော့မှာလုပ်တာလေ ... နယ်ကပဲ ... ပညာတော်လို့ ဦးလေးဝပ်ရှော့ပိုင်ရှင်ကခေါ်ပြီး ကျောင်းထားပေးတာလေ"

သူမအသိထဲမှာ မနေ့က ဝပ်ရှော့ကောင်လေးကို သတိရသွားသည်။

မဖြစ်နိုင်ပါဘူး ...

ဟိုက မဲမဲညစ်ညစ် အဝတ်အစား အစုတ်တွေနဲ့ အရုပ်ကတော့ မြင့်၏။

မာနခဲနေတဲ့ မုန်းစရာကောင်းလိုက်တာ တန်ရာတန်ရာမမှည့်ဘူး။

"ဆင်းရဲတယ် ... ဒါပေမဲ့ နာမည်နဲ့လိုက်အောင် မာနကြီးတယ် ... မိန်းကလေးတွေနဲ့ ကင်းကင်းနေတယ်၊ ဘယ်သူအရိပ်အမိုးကိုမှ မမှီခိုဘူးတဲ့ ... ဝပ်ရှော့မှာဝင်လုပ်ပြီး ကျောင်းတက်တာဟ ... အတန်းထဲမှာ စံပြပဲ ... "

"ဟွန်း ... "

သခင်နှာခေါင်းရှုံ့မိသည်။

ဘာကောင်လဲ ... ကြီးကျယ်လို့။

သခင်က ဆင်းရဲနွမ်းပါးတဲ့ယောကျ်ားလေးဆို လုံးဝ စိတ်





မဝင်စားပါဘူး။

အထင်သေးတတ်သည်။

"အင်းနော် ... သူကြိုးစားမှုက ဂုဏ်ယူသင့်ပါတယ်ဟာနော်ခွေ ... "

"အင်း ... ဟုတ်တယ်"

"ဘာဟုတ်တာလဲ ... သူ့လိုယောကျ်ားမျိုးက မိန်းကလေးတစ်ယောက် မှီခိုအားထုတ်သင့်တဲ့ အရည်အချင်းမရှိပါဘူး ... ညိုမီအဖြစ်သည်းနေတာပါ ... လူနေခြုံကြား စိတ်နေဘုံဗျားကို မကြိုက်တာ ... "

"သခင်နော် ... ရှင် မကြိုက်ရင်နေ ညိုမီတော့ကြိုက်တယ်၊ ကျွန်မကို မိတ်ဆက်ပေးပါလား ... "

"ကျုပ်နဲ့လည်း မခင်ဘူး ... သူကလေ ကျောင်းကိုစာသင်ဖို့ တစ်ခုတည်းပဲလာနေတာ ... တခြားဘာကိုမှ စိတ်မဝင်စားဘူး၊ အတန်းထဲမှာလေ သူနဲ့ခင်တဲ့ယောကျ်ားလေးတစ်ယောက်ထဲရှိတယ် ... ကိုချို့လေ ... "

"ကိုချို့နဲ့ညိုမီ ခင်တယ် ... မိတ်ဆက်ပေးဖို့ တောင်းဆိုရမယ်အတော်ပဲ ... "

"ညိုမီကတော့လေ အကဲပိုနေပြီနော် ... မုန်းတယ် ... ဘာတော်တဲ့ယောကျ်ားတစ်ယောက်ကိုများ သွားပြီးအတန်းထဝင်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ် ... ဆွေလည်း ပြန်တော့ ... ရှင် စာကြည့်ရဦးမယ် မဟုတ်လားလို့ ... ”

“အေး ဟုတ်တယ် ... ရှင့်ကိစ္စ နောက်မှပဲဆွေးနွေးမယ်”

ဆွေဆွေ ပြန်ထွက်သွားသည်။

သခင် နောက်ကနေ ညိုမြိ အပြေးအလွှားလိုက်လာ၏။

နောက်ကနေ ဆွဲထားသည်။

“သခင် နေပါဦးဟဲ့ ... ”

“အတန်းရှိတယ်လေ”

“နေပါဦးဟာ ... ဆရာမမှ မလာသေးတာဘဲ”

အတန်းထဲမှာ သခင်ထွက်ပြီးထိုင်ရင်း စာအုပ်တစ်အုပ်ထုတ်၍ ဖတ်နေလိုက်သည်။

“သခင်ရာ ... အဲဒီလိုမလုပ်ပါနဲ့ဟာ၊ သူ့ကိုတွေ့တွေ့ချင်းပဲလေ ညိုမြို့နှလုံးသားတွေ တဆတ်ဆတ်တုန်ယင်လာတယ် ... အချစ်ဆိုတာများလားပဲ ... ”

“ဟင်း ဟင်း ... ဟား ဟား ... ”

“ဘာရယ်တာလဲဟ”

“ရှင် အရမ်းရယ်ရတယ် ညိုမြိ ... အရူးမထစမ်းပါနဲ့ဟာ။ ယောက်ျားလေးတစ်ယောက်ကို တွေ့တွေ့ခြင်း ဘုမသိ ဘမသိ စွဲလမ်းနှစ်သက်နေတာ ရှင့်ရဲ့ရှေ့ရေး မကောင်းဘူး ... ရွေးချယ်စမ်း





ပါဟာ”

“ညိုမြိကတော့လေ မာနမနေကိုပဲ ချစ်တယ် ... အမလေး နှလုံးသားတွေ တဆတ်ဆတ်တုန်အောင် ချစ်မိသွားတာဟ ... ညိုမြို့နှလုံးခုန်သံတွေ ဘယ်လောက်မြန်နေလဲ စမ်းကြည့် ... ”

“တော်ပါပြီ ... အင်းလေ ... ဒါက ညိုမြို့ကိစ္စပဲ ... ဒါပေမဲ့ နော် အဆင့်အတန်းကတော့ နိမ့်လိမ့်မယ်ထင်တယ် ညိုမြိ ... အဲဒီ ငတုံးအေက ... ”

“သခင်နော် ... ကျေးဇူးပြုပြီး ညိုမြို့ချစ်သူကို နှိမ်နှိမ်ချချ မပြောစမ်းပါနဲ့လို့ တောင်းဆိုတာပါ ... ညိုမြိကတော့ ရွေးချယ်လိုက်ပြီ”

“ကြိုက်ပါ ... ကြိုက်ပါ ... ရှင်ကြိုက်ရင် ပြီးတာပါပဲ”

ညိုမြိ အရူးအမူးဖြစ်နေတာကို မနှစ်သက်မိ။

သခင် ဘယ်တော့မှ တွေ့တဲ့ယောက်ျားတစ်ယောက်ကို မကြိုက်တတ်ဘူး။

ရုပ် ရည်ရူပကာ ချောမောတာလေးတစ်ခုထဲနဲ့တော့ သခင် အထင် မကြီးမိ။

သူ စာကြိုးစားလည်း အင်ဂျင်နီယာပဲ ဖြစ်မှာလေ။

သခင်လည်း ဖြစ်မှာပဲ။

ကိုယ့်ထက် ဘာတွေသာမလဲ။

အင်းလေ ...



www.burmeseclassic.com

www.burmeseclassic.com



ညှိုမိကတော့ သူ့ရွေးချယ်မှုပဲ။
ညှိုမိက ရုပ်နည်းနည်းဆိုးတယ်။
ရွှတ်ကြွမ်းရေကြိုပဲ။
ငွေကြေး အသင့်အတင့် ချမ်းသာတာပဲရှိ၏။
မာနနေကို ရွေးချယ်မှာပေါ့။
ညှိုမိကတော့ မာနနေအကြောင်း တသသ ပြောမဆုံးပေ။
ဆွေဆွေလည်း နားညည်းနေသည်။

❧❧❧

အခန်း ( ၃ )

ဒေဝီသခင်နှင့် သူငယ်ချင်းတစ်ယောက်တို့ မနအခန်းရှေ့မှာ ရပ်နေတာကို တွေ့ရသည်။ မနေ စိတ်တွေ လှုပ်ရှားနေရ၏။ တမင် မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

"မေ့ပြစ်ပါတော့မယ်ဆိုကာမှ တွေ့ဆုံနေရတယ်လို့ကွာ၊ စိတ်ပျက်လိုက်တာ ..."

သူ တမင်အပြင်မထွက်ဘဲ စာအုပ်တစ်အုပ်ကိုပဲ ဖတ်နေမိသည်။ သူတို့အတန်းထဲက ဆွေဆွေနှင့်သူငယ်ချင်းတွေ ဒေဝီသခင်ရဲ့ မျက်နှာထားကတော့ တင်းမာနေပြီ။ သူ့ရင်ထဲမှာ ဒေဝီသခင့် အပေါ် စွဲလမ်းလျှက် တမြေ့မြေ့ ခံစားနေရသည်။

"မန ..."

"ဟင် ကိုချို ..."

"မင်းကိုပြောစရာရှိတယ် ... မင်းကတော့ အရမ်းစန်းသနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီထင်တယ်”

“ဘာလဲ ကိုချို ... ဘာတွေ စန်းထနေတာလဲ၊ ကိုယ်ကတော့ တခြားဘာမှစိတ်မဝင်စားဘူး”

“ဒီမှာ ... ”

“ပြော ... ”

“ဆွေဆွေ့သူငယ်ချင်း ညိုမီသွင်က မင်းနဲ့မိတ်ဆက်ပေးပါတဲ့လေ”

“ဟာ ... မလုပ်ပါနဲ့ကိုချိုရာ ကိုယ်စိတ်မဝင်စားပါဘူး ... မိန်းကလေးတွေနဲ့ ကင်းကင်းနေချင်တယ်၊ ကိုယ် မာနကြီးတာမဟုတ်ပေမယ့် ကိုယ့်ဘဝအခြေအနေအရပါ”

ကိုချိုကတော့ သူ့ဘဝအခြေအနေတွေကို သိနေသည်။

“ဒါတော့ ဒါပေါ့လေ ... မိန်းကလေးက တောင်းဆိုတာပဲ၊ စောစောကပဲ ဒေဝီသခင်နဲ့ နှစ်ယောက် လာကြတာ”

“ဒေဝီသခင်”

“ဟုတ်တယ် ... အခန်း(၂)ကလေ၊ ဒေဝီသခင်ကတော့ အရမ်းမာနကြီးတယ်၊ တော်ရုံယောကျာ်းလေးအနားကပ်လို့ မရဘူး။ ကိန်းခန်းကြီးတယ်ကွ ... အပျော်အပါးနဲ့ ဆိုးဆိုးပေပေ နေချင်နေမယ် ယောကျာ်းလေးတွေကိုတော့ အရမ်းအမြင့်ကြီးမှန်းတယ်”

မနေရင်တွေ မွန်းကျပ်နာကျင်ရသည်။ ဒေဝီသခင်က သူ့ကို အစုတ်အနုတ်ကောင်းကို လုံးဝ စိတ်မဝင်စားနိုင်ပေ။ သူမိတ်ဆက်





ချင်နေတာက ဒေဝီသခင်ပဲ။

“ညိုမီသွင်နဲ့တော့ မိတ်ဆက်လိုက်ပါ၊ ကိုယ့်ကိုအကူအညီတောင်းနေလို့”

မနေကို မိတ်ဆက်ချင်တဲ့ မိန်းကလေးတွေကများသည်။ သူ့ဘဝနှင့်သူပဲ မိန်းကလေးတွေထက် ပညာရေးက အရေးကြီး၏။ အမေကို စောင့်ရှောက်ပေးချင်တယ်။ ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးတွေနှင့် ပို၍ပင် မပတ်သက်လိုပေ။ ညိုမီအောင်တဲ့ ... ဒေဝီသခင်ရဲ့ သူငယ်ချင်းတဲ့ သိပ်တောင် သတိမထားမိပေ။

“ညနေ အတန်းတွေပြီးသွားရင် တွေ့ကြမယ် ... ”

“ဟင်”

“မနေရာ့ မိန်းကလေးတွေကို ဘာဖြစ်လို့ ကြောက်လန့်နေရတာလဲ”

သူက မိန်းကလေးတွေကိုကြောက်လန့်နေတာ မဟုတ်ပါဘူး။ ဒေဝီသခင်ကြောင့်ပါ။ သူမ ပါလာမှာလား။ ရင်တွေ တဆတ်ဆတ်တုန်ယင်နေသည်။ ခက်ပြီ။

“မိန်းကလေးဘက်က တောင်းဆိုတာပဲ မနေ ... ဘာဖြစ်လဲ၊ သူငယ်ချင်းအဖြစ်လေ မင်း ... အဲဒီလို ရှောင်နေရင် အဓိပ္ပါယ်မရှိဘူး ... လက်ခံလိုက်ကွာ နော် ... ”

ကိုချို့ကိုလည်း အားနာမိသည်။ ပြီးတော့ ... ဒေဝီသခင်နှင့်လည်း ခင်မင်ရင်းနှီးလိုခဲ့၏။ ထူးဆန်းစွာဖြင့် ဒေဝီသခင်ကို ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေရသည်။

"ကြုံရင်တော့ လက်ခံပါ့မယ် ကိုချို ... တမင်ကြီးတော့ မလုပ်ပါနဲ့ ... ကိုယ် မနေတတ်ဘူး"

"ဟား ... ဟား ... ဟား ... ခနကတော့ စံပဲကွာ၊ မာနခနဆိုတဲ့နာမည်က ကြားလိုက်ရသူ မိန်းကလေးအပေါင်း ရင်ကိုစူးဝင်နေတဲ့ အဆိပ်လူးမြှားတစ်စင်းလိုပဲထင်တယ်"

*"တော်ပါတော့ဗျာ ... "*

ညနေအတန်းတွေပြီးတော့ ခနနှင့်ညိုမီအောင်တို့ သူငယ်ချင်းသုံးယောက်တို့ လမ်းမှာဆုံမိကြသည်။

"အတော်ပဲ ညိုမီ ... ကိုချို့သူငယ်ချင်း မာနခနနဲ့မိတ်ဆက်ပေးရဦးမယ် ... သူက ညိုမီသွင်တဲ့ ကိုယ့်သူငယ်ချင်းပဲ ... "

ညိုမီ့အပြုံးတွေက ဝင်းလက်သွားပေမယ့် ဒေဝီသခင့်မျက်ဝန်းအကြည့်တွေက မာမာထန်ထန် ... ဆွေဆွေကတော့ ခန၏အတန်းသူငယ်ချင်းဖြစ်သည်။

"ညိုမီ ... သူက မာနခနတဲ့လေ ... အရမ်းရှက်တတ်ပြီးစာမှစာ မိတ်ဆွေသူငယ်ချင်းတောင် မရှိရှာဘူးလေ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်နော် ကိုမာနခန ... ဩော် ... နာမည်ကြီးက ခေါ်ရခက်တယ်၊ ခနလို့ပဲ ရင်းရင်းနှီးနှီးခေါ်မယ်နော် ... "

"ဟုတ်ကဲ့ ခေါ်ပါ ... ရပါတယ်"





သခင်ကတော့ မာနခနကို သေသေချာချာကြည့်မိမှ ဟိုနေ့က သူမကားကို ပြင်ပေးလိုက်တဲ့ ဝပ်ရှော့မှအလုပ်သမားဖြစ်ကြောင်း သိလိုက်သည်။ သေချာတယ် ... ဟိုကောင်ပဲ။ ဒက်ဒီအမြဲတမ်း ချီးမွမ်းနေတဲ့ကောင်။ ဟုတ်တယ် ခနပဲ ... ညိုမီကလည်းသော ဘာမဟုတ်တဲ့ ဝပ်ရှော့အလုပ်သမားကိုမှ ကြိုက်ရတယ်လို့သွန့်လိုက်တာ။ ရုပ်ကတော့ မိုက်ရဲ ... အရပ်မြင့်မြင့်၊ ခန့်ညားချောမောသည်။ ဒါပေမဲ့ မရှိတာမရှိတယ် မာနကြီးက တခွဲသားဖြစ်နေ၏။ သခင် အမြင်ကတ်သည်။

"တစ်ခုခုလိုက်စားပါဦး ခန ... မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်ပေါ့ ညိုမီ ကျွေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ညိုမီ ... ကိုယ့်မှာအလုပ်ရှိလို့ပါ။ ပြန်မှဖြစ်မယ်ထင်တယ် ... ကိုယ်တို့ဝပ်ရှော့မှာ ကားတွေများနေတယ်"

ခနက သူ့ကိုအထင်မကြီးစေရန် ဝပ်ရှော့အလုပ်ပါ ထည့်ပြောလိုက်သည်။

"ကိုယ်က ကျောင်းစရိတ်အတွက် ဝပ်ရှော့မှာ အလုပ်လုပ်ပါသည့်"

"ဟုတ်လား"

"ခွင့်ပြုပါဦး"

ခနကို အထင်မသေးတဲ့အပြင် ညိုမီကတော့ ရိုးသားတဲ့ယောက်ျားတစ်ယောက်အဖြစ် လေးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင် ... တွေ့လား ဘယ်လောက်ရှိုးသားလဲ၊ ယောကျ်ား ဝီသတယ်ဟာ ... "

"သေသင့်ပြီနော် ... အစိပ္ပာယ် မရှိတာဘဲ ... ဝပ်ရှော့က အလုပ်သမားကိုများ"

သခင်ကတော့ မျက်နှာလေးရှုံ့မဲ့လျှက် ပြစ်ပြစ်နှစ်နှစ် ဝေဖန်ပါသည်။ ဘာမှအထင်ကြီးစရာမရှိပါဘူး။ ဒီကောင်ပဲပေးနေတာ။ သူမ ညီမိတို့နှင့်ပင် ဆက်မထိုင်ဘဲ ပြန်လာခဲ့သည်။ လမ်းတစ်ဝက် အရောက်တွင် သူမကားက ဖောက်လာ၏။ စက်ရပ်သွားတော့သည်။

"ဝူး ... ဝူး ... "

"ဒုက္ခပါပဲ ... ဒီကားကလဲ ခဏခဏဖောက်နေတာလဲ ... ရောင်းပြစ်မယ် လုံးဝပဲ ... "

"ဝူး ... ဝူး ... "

"တောက် ... "

ကားကို လမ်းဘေးသို့ထိုးရပ်ပြစ်လိုက်သည်။ ဗျက်ပြန်ပြီ ဘယ်လိုလုပ်ရမလဲ ... ဒက်ဒီဆီ ဖုန်းဆက်ရင်ကောင်းမလားပဲ။ ဝပ်ရှော့ကောင်ကို လွှတ်ဦးမယ်။ သေပစ်ချင်လိုက်တာ ... အနီးအနား မှာလည်း ဝပ်ရှော့က မရှိပေ။ သခင် ဓောချွေးတွေပင် ပျံလာသည်။

"ဒီမှာ"

"ဟင်"



"ကား ဘာဖြစ်လို့လဲ ... "

ခနေ မတွေ့ချင်ပါဘူးဆိုမှ သခင်အဖက်လုပ်ပြီး စကားမပြောပေ။

"မဒေဝီသခင်ကို အကူအညီပေးမလို့ပါ ... ကိုယ် ဖယ်ရီပေါ်ကနေ ဆင်းလာတာလေ"

"မလိုပါဘူး ... သွားပါ ... "

"ကိုယ်တို့က မိတ်ဆွေတွေလေ တစ်တန်းထဲသားချင်းတွေပဲ ... "

"မလိုဘူးလို့ ပြောထားပြီးပြီလေ ... ရှင် ဘာလာပြီးရောတာလဲ ... သခင်က ညီမိုမဟုတ်ဘူးနော် ... ရှင်နဲ့မိတ်ဆွေဖြစ်ဖို့ စိတ်မဝင်စားဘူး"

"ဗျာ"

"သွားတော့ ... ကျွန်မဟာကျွန်မ ဘာပဲဖြစ်ဖြစ် ရှင်နဲ့မဆိုင်ဘူး ... ရန်ကုန်မှာ ဝပ်ရှော့တွေတောင်လိုပုံနေတယ် ... အရေးကြီးတာက ငွေရှိဖို့ပဲ ... "

"ဒါဆိုလည်း ကောင်းပါပြီ ... သွားခွင့်ပြုပါဦး"

"သွား ... သွား ... "

သူ ထွက်သွားသည်။ တကယ်ပါပဲ ... လာပြီးရောချင်တာ။ ကိုယ့်အဆင့်ကိုယ်လည်း နားမလည်ဘူး။ ညီမိက မိတ်ဆက်တာပဲ ဆိုပြီး မုန်းလိုက်တာ။ သခင် အထင်ကြီးစိတ်ဝင်စားတဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လိုမျိုးလည်းဆိုတာ မာနမနေကို ရှင်းရှင်းလင်း လင်းသိစေရမယ်။ သခင်တစ်ယောက်ထဲ ကားကို ပြန်စက်နှိုးကြည့်သည်။

"သေတော့မယ် ... ဘယ်လိုလုပ်ရမလဲ ... ဒက်ဒီဆီဖုန်းဆက်ရင်လည်း သူ့ကိုပဲ လွှတ်မှာပဲ ... မနေ ... မနေနဲ့ တစ်နေ့တစ်နေ့ ချီးမွမ်းခန်းဖွင့်လို့ကို မဆုံးဘူး"

ဝပ်ရှော့ရှာရမယ်။ ဒက်ဒီဆီလည်း မဆက်ချင်ဘူး။ နဂိုကမှ သခင့်ကို စိတ်မချဖြစ်နေတာ။ အချိန်တော်တော်ကြာတဲ့အထိ ကားပြင်ပေးမည့်သူ ပေါ်မလာ။ သခင် စိတ်ပူနေသည်။ ဒက်ဒီထံမှ ဖုန်းလာ၏။ သမီး ဘယ်ရောက်နေလဲတဲ့။ သခင်က မွေးနေ့ညစ်ခံပွဲတစ်ခုရှိလို့ဟု ပြောလိုက်သည်။

"အချိန်နဲ့တော့ပြန်နော် သမီး ... အပျော်တွေအရမ်းများမနေနဲ့နော်"

"ဒက်ဒီပဲ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ"

"သခင်"

"ဒက်ဒီပဲ စောစောပြန်ပါ ... သခင့်ဘဝကို သခင်ထိန်းကျောင်းနိုင်ပါတယ် ... ဒါကြောင့်လည်း သမီးဘယ်လောက်ပဲ အပျော်လွန်ပါစေ လမ်းကြောင်းကတော့ တည့်တယ်လေ"

"သမီး ဘာဖြစ်လို့ ဒက်ဒီကိုပဲ ခနဲ့နေရတာလဲကွာ ... ဒက်ဒီက စိတ်ပူလို့ပါ။ ဒက်ဒီကိုရွဲ့ပြီး သမီးဘဝကိုတော့ ဒုက္ခန္တထဲ ဆွဲနှစ်မပြစ်ပါနဲ့"





"အဟက်"

"သမီး ... "

"ဒါပဲနော် ဒက်ဒီ ... ပွဲကနောက်ကျလို့မဖြစ်ဘူးလေ ... သိတယ်မဟုတ်လား ချမ်းမြေ့ရဲ့မွေးနေ့လေ ... "

"သခင် ... ဒီချမ်းမြေ့ဆိုတဲ့ ကောင်လေးနဲ့ မပတ်သက်ပါနဲ့လို့ ဒက်ဒီမှာထားတယ်လေ"

"ဘာလဲ ... ဒက်ဒီ တိတ်တိတ်ပုန်းရဲ့သားဖြစ်နေလို့လား စိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ပေါ့နော် ... ဒေါ်မေသဲနုက သဘောကျမှာပါ"

"သခင် ... သမီးလေး ဒက်ဒီရှင်းပြတာကို နားထောင်ပါဦး"

"တော်ပြီ"

သခင်ပြောနေရင်း ဒေါသထွက်လာပြီး ဖုန်းကို ပိတ်ပြစ်လိုက်လေသည်။

"စိတ်ပျက်စရာကောင်းလိုက်တာ ... ခေါင်မိုးမလုံလို့ တစ်အိမ်လုံး မိုးရွဲတာသိလား ... "

သခင် မကျေမနပ်ဖြစ်ရဆုံးက ဒက်ဒီနှင့်ဒေါ်သဲနုတို့ ပတ်သက်ဆက်ဆံနေခြင်းပင်။ ဒေါ်မေသဲနုက မိန်းမလည်မကြီး။ မာမီဆုံးပြီးထဲက ဒက်ဒီကိုတွယ်ကပ်နေတာပါ။ သခင်တားလည်းမရ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပဲ သခင်အရွဲ့တိုက်ပြီး ဆိုးပြစ်နေတာ။ နောက်ဆုံး ဒေါ်မေသဲနုရဲ့သားကိုပင် တွဲပြစ်သည်။

"ဒုက္ခပါပဲ ... အရေးကြီးတာက ကားပြင်ဖို့ စက်နိုးလို့လဲ မရဘူး ... သေချင်လိုက်တာနော်"

ခနကို လက်ခံလိုက်ရင် အကောင်းသားဟု တွေးမိသည်။ သခင်ပဲများသွားတယ်။ ဝပ်ရှော့အလုပ်သမားအဖြစ် အပေါ်စီးကနေ ဆက်ဆံပြောဆိုရမှာကို ချမ်းမြေ့ဆီ ဖုန်းဆက်ရင်ရော ... ဒက်ဒီကိုသာ သခင်အရွဲ့တိုက်ပြီး ပြောနေတာ ချမ်းမြေ့ရဲ့အကျင့်စရိုက်ကို မကြိုက်ပေ။ အရက်သမား လူရှုပ်လူပွေပါ။ ဒက်ဒီကို ရွဲ့ပြစ်ချင်သည်။

"အရမ်းမှောင်သွားလို့ မဖြစ်ပါဘူး ... ခနကတော့ ရှိုးသားပုံပဲ"

သခင် အခက်တွေ့နေသည်။ ကားကလဲ ဘယ်လိုမှစက်နိုးမရ။ ပတ်ဝန်းကျင်မှာရှိနေကြတဲ့ ကောင်လေးတွေကလည်း စနောက်ချင်၍ သခင် စိတ်တိုနေသည်။

"အဆင့်မရှိတဲ့ဟာတွေ အောက်တန်းစားတွေ ... ထွီ"

"ခင်ဗျား ဘာပြောတာလဲ ..."

"ပြောတယ်လေ ... နင်တို့က မိန်းကလေးတစ်ယောက်ထဲ ဒုက္ခရောက်နေတာကို မကူညီဘဲ စနောက်စရာလား"

"ဒါကသဘာဝပဲလေ ... စနောက်တာ မခံချင်ရင် တစ်





ယောက်ထဲ ပဲပေးမနေနဲ့ပေါ့ ..."

"ဘာ"

"အစ်မကြီးက အရမ်းချောတော့ စချင်တယ်၊ ချစ်ချင်တယ်"

"ဘာပြောတယ် ... အောက်တန်းစားတွေ ... ငါရဲကို ဖုန်းဆက်ခေါ်လိုက်မှာနော်"

ရဲကိုဖုန်းဆက်ဖို့ လုပ်နေတုန်း သူမဖုန်းကိုဆွဲလုပြီး အနားကပ်လာကြသည်။ သခင် လန့်သွား၏။ သခင်လက်ကို ဆုပ်ကိုင်ဖို့ ပြင်နေသဖြင့် သခင် ရန်းဖယ်ရင်း ကယ်တင်မည့်သူလည်းမရှိ လူကရှင်းနေသည်။

"ဘာမှမဟုတ်ပါဘူး ... ဒီမှာ ချစ်သူနှစ်ယောက်ရန်ဖြစ်နေလို့ ကျွန်တော်တို့က ဝိုင်းဖြန်ဖြေပေးနေတာပါ"

တစ်ယောက်က ဖြတ်သွားသူတွေကို အော်ပြောနေသည်။ ဘယ်သူမှ ရောက်မလာကြ။ သူမအား တစ်ခုခုလုပ်လိုက်မည်ကို ကြောက်သည်။

"သခင် ဘာဖြစ်နေတာလဲ"

"ဟင်"

ခနလက်ထဲမှာ ကားပြင်တဲ့ ကိရိယာတွေကိုင်၍ ရောက်လာသည်။ သူမအား ဝိုင်းအုံခဲနေတဲ့ ကောင်တွေရှုံသွားကြ၏။ ရဲကိုအကြောင်းကြားလိုက်ပြီပြော၍ ထွက်ပြေးသွားကြလေသည်။

"မဒေဝီသခင် ... စောစောကသာ လက်ခံလိုက်ရင် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



က မတတ်တော့ဘူးလေ ... ကံကောင်းလို့နော် ... ကိုယ်ရောက်လာလို့"

"စကားမများနဲ့ ပြင်မှာသာပြင် ... "

"ကိုယ်က စိတ်ပူနေတာ ... ဒါကြောင့် ထပ်လာကြည့်တာလေ"

"ကားကိုပဲပြင်ပါ ... အပိုစကားတွေပြောမနေပါနဲ့၊ ဒီလူတွေလည်း မယုံရဘူး ... ရှင်အကွက်ဆင်ပြီး လွှတ်လိုက်တာဖြစ်နိုင်တာပဲ"

"ဘာပြောတယ်"

"ဟွန်း"

အချိန်လည်း မရှိတော့၍ ကားကိုသာ ပြင်ပေးလိုက်သည်။

ေ၀ာ ေ၀ာ ေ၀ာ

အခန်း ( ၄ )

"ကျေးဇူးတော့ တင်ပါတယ်ဟာ ... ဒါပေမဲ့ မိတ်ဆွေတော့ မဖြစ်ချင်ပါဘူး ... သူက အရမ်းပဲပေးလွန်းအားကြီးတယ်"

မနကို သခင်နည်းနည်းတော့ လေးစားသွားရပေမယ့် သူငယ်ချင်းအဖြစ်တော့ အောက်သည်ဟုထင်မိသည်။ ဝပ်ရှော့ပြင်သမားကို ညိုမီက အထင်တကြီးဖြစ်နေ၍ သခင် တားဆီးနေရ၏။ ညိုမီက လက်မခံ။

"မနက အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ယောက်ပါ သခင်ရာ ... ကြည့်လေ ကြည့်လေ အရမ်းတည်ကြည်ခန့်ညားတယ်လို့ပဲ ညိုမီထင်လာတယ်"

"သေလိုက်တော့"

"ကျွန်တော်မျိုး သေသင့်ပါတယ် ... သခင် ပေးချင်တဲ့အပြစ်ကိုပေးပါ ... မာနမနကို ချစ်မြတ်နိုးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မနိုင်တော့ဘူး"

"ဟဲ့ … သခင် … ရှင်နဲ့မနေက အရင်ထဲကမြင်တွေ့ဘူးတာလေ … ရှင့်ဒက်ဒီကားတွေမြင်တဲ့ ဝပ်ရှော့ကပဲ ညိုမိနဲ့ ရင်းနှီးအောင် ဝင်ကူပါနော် … "

"ကောင်းပြီလေ သခင်ကူညီပေးမယ် … သခင်နဲ့က နှစ်ခါလောက်ရင်းရင်းနှီးနှီးတွေ့ဖူးတယ် … "

"ကျေးဇူးပါပဲ ယောင်းမရယ် … ပျော်လိုက်တာ"

ညိုမိက အစွမ်းအစရှိတဲ့ယောကျ်ားတစ်ယောက်ကိုပဲ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လိုသည်တဲ့။

"သခင်"

"ဟင်"

"ရှင်နဲ့မင်းချမ်းမြေ့ဆိုတဲ့လူရော တကယ်တမ်းပြောရရင်လေ ဒီလူက ချမ်းသာတာတော့ ဟုတ်ပါတယ်၊ ရုပ်ရည်လည်းချောတယ်၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုပေမယ့်လဲလေ … "

"တော်ပြီ … ဒါကသခင်ရဲ့ စံနှုန်းနဲ့ကိုက်ညီတယ်လေ … မဟုတ်ဘူးလား"

"ဟုတ်ပါတယ် … ဟုတ်ပါတယ်"

မင်းချမ်းမြေ့ကို သခင်က အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မယ်လို့ ရှင်ထင်လား ညိုမီ။ ဝေးသေးတယ် တမင်တွဲပြတာ … ဒက်ဒီနဲ့ပတ်သက်နေတဲ့ ဒေါ်မေသဲနုသားဖြစ်နေလို့ပဲ။ ချမ်းမြေ့က





ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲ။ သခင့်ကိုတော့ လက်ထပ်ဖို့အထိ တောင်းဆိုထားသည်။

"သခင့်ကို ကိုယ်လက်ထပ်ချင်တယ်၊ သခင်လက်ခံမယ်ဆိုရင် မာမီကိုခေါ်ပြီး လူကြီးစုံရာနဲ့ ဈေးစပ်ပါ့မယ်"

"လက်ထပ်ဖို့ကိစ္စကတော့ သခင်ကျောင်းပြီးသွားမှပဲ လက်ထပ်မယ် … ချမ်းမြေ့ အေးအေးဆေးဆေးပေါ့နော်"

ချမ်းမြေ့နဲ့က ချစ်သူရည်းစားလည်းမဟုတ် အပျော်တွဲနေတဲ့သဘောပါ။ သခင့်ချစ်သူတော့ မဖြစ်နိုင်ပါဘူး။ ညိုမီပြောသလိုပဲ ကောင်မလေးတွေနဲ့ ရှုပ်ပွေသူကိုတော့ သခင့်ဘဝတစ်သက်တာလုံး လက်တွဲဖော် မဖြစ်နိုင်ပါဘူး။ အစွမ်းအစနဲ့ ရိုးသားမှုလည်း ပြည့်ဝရမယ်။ အမလေး … သခင်စံညွှန်းတွေနဲ့ ပြည့်စုံတဲ့ယောကျ်ားတွေ့နိုင်ပါ့မလား။ မတွေ့လည်း အပျိုကြီးပဲလုပ်ဖြစ်မယ်။ ဒေါ်မေသဲနုကိုသခင် သဘောမကျတာက လောင်းကစားဝါသနာထုံပြီး ယောကျ်ားတွေဆီက ချူစားတာပဲ သတင်းကြီးသည်။

"ဟဲ့ သခင် … ဟိုမှာ မင်းချမ်းမြေ့လာနေတယ်၊ ဒုက္ခပါပဲ ရှင်လိုက်သွားမလို့လား … မနေ့ ချိန်းထားတယ်"

မင်းချမ်းမြေ့က ကားလေးရပ်ပြီး ကားပေါ်ကဆင်းလာနေသည်။ သူ့နောက်မှာ မနေ့ကိုချို … ရုတ်တရက်ကြီး သခင် ဘယ်လမ်းကိုရွေးချယ်ရမှန်းမသိ ဖြစ်သွားရသည်။ ချမ်းမြေ့ကိုက သခင်ကိုယ်တိုင်ချိန်းလိုက်တာပါ။ ဒက်ဒီနဲ့ဒေါ်မေသဲနုတို့ ချိန်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ကို နှစ်ယောက်တွဲပြီးသွားဖို့ဖြစ်၏။ ချမ်းမြေ့က မသိ။ ဒက်ဒီနှင့်သူ့မာမီတို့ တွဲနေတာတော့ သိထားသည်။

"သခင်"

"ဟင်"

"သွားမယ်လေ"

"ဟင်"

ခနအကြည့်တွေက သူမတို့ဆီ တည့်တည့်မတ်မတ်ရောက်လာသဖြင့် ဘာဖြစ်မှန်းမသိ သခင် အထိတ်တလန့် ဖြစ်ရကာ မဆိုမဆိုင် ခနဘယ်လိုထင်သွားမလဲဟု တွေးမိသွားသည်။ တုန့်ဆိုင်းသွားသည်။

"ညိုမီ … ဘယ်လိုလုပ်မလဲ၊ သခင် နေပေးရမလား"

"ရပါတယ် … သခင် သွားစရာရှိတာ သွားပါဟာနော်"

"ရှင် အဖော်မရှိဖြစ်နေမယ်၊ ဒီနေ့တော့ သခင်နေပေးပါ့မယ် ကတိအတိုင်းလေ …"

သခင် မလိုက်ချင်၍ ပြောနေတာကို ညိုမီက အလိုက်မသိ အတင်းပဲသွားခိုင်းနေသည်။

"လာပါ သခင်ရာ … ကိုယ်လည်းတွေ့ချင်နေတယ်၊ ဘာလဲ မညိုမီ ရည်းစားလား"

"ဟာ … မဟုတ်သေးပါဘူး၊ အခုမှ စတင်မှာ"

"အိုကေ … ဆက်လုပ်ပါ၊ သခင်ကတော့ ကိုယ်နဲ့လိုက်ခဲ့မှ





ဖြစ်မယ်"

သေချင်သွားသည်။ ခနတို့ကလဲ ရောက်လာပြီး ရပ်နေကြသည်။ ခနကတော့ သခင့်ကိုယောကျ်ားလေးတွေနဲ့ ရှုပ်ပွေနေတဲ့ မိန်းကလေးလို့ထင်မှာပဲ။ ဘာဖြစ်လဲ … ဝပ်ရှော့အလုပ်သမားအဆင့်ကို ဂရုစိုက်စရာလား။ စိတ်ကိုတင်းပြစ်လိုက်ပြီး ချမ်းမြေ့နှင့်လိုက်လာခဲ့သည်။

"သခင် … ပြန်မလာတော့ဘူး မဟုတ်လား"

"မလာတော့ဘူး"

သခင့်အစား ချမ်းမြေ့ကဖြေပြီး ကားပေါ်ပွေ့ဖက်တင်မတတ်။ ညိုမီ မကျေမနပ်ဖြစ်ရသည်။ မင်းချမ်းမြေ့ဆိုတဲ့လူတစ်ယောက်ရဲ့ အကျင့်စရိုက်ကို မနှစ်သက်မိ။ သခင်က ဘာတွေအထင်ကြီးနေလဲမသိဘူး။ စိတ်လည်းပူမိ၏။ ဒါပေမယ့် သခင်တို့က ဂုဏ်ဒြပ်ခြင်းတူသူတွေပါ။ သခင်တို့ကားလေးက ပျောက်သွားသည်။

"ညိုမီ ဘာတွေငေးနေတာလဲ သခင်တော့ ပါသွားပြီလား"

"အင်း"

"သခင့်ချစ်သူလားဟင်"

မမေးဘူးဟု တင်းထားပြီးမှ ခနမေးမိသည်။ သခင်နဲ့သူတို့တာ မတူမတန်ဘူးဟုသိနေပေမယ့် သခင့်ကိုမှ နှလုံးသား စူးနင့်အောင် ခန ချစ်မိနေ၏။ ညိုမီနှင့်ပတ်သက်ဆက်ဆံမိတာပင် သခင့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်နေ၍ပင်။ မနု မကြားချင်တဲ့အဖြေကို ညိုမီကပေး သည်။

"သခင်နဲ့မင်းချမ်းမြေ့တို့က ဂုဏ်ဒြပ်ခြင်းလည်း တူကြတယ် နှစ်ဖက်မိဘချင်းတွေလည်း ရင်းနှီးကြတယ်၊ ပြီးတော့လေ … မင်း ချမ်းမြေ့က သခင်သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့လည်းပြည့်တယ်"

"တွဲနေကြတာတော့ ကြာပြီကွ သခင်က မာနကြီးတယ်၊ သာမန်ဆိုရင် အဖက်တောင်မလုပ်ဘူး … ပင်မြင့်ထက်က သခင် ပန်းလေ … မင်းချမ်းမြေ့တို့လို ကားထည်လဲစီးနိုင်တဲ့ကောင်တွေ ပဲ ခူးဆွတ်ခွင့်ရှိမယ် မနုရေ … "

ဟုတ်ပါတယ် သခင် … ကိုယ်လိုကောင်မျိုးနဲ့ လားလားမျှ မထိုက်တန်ပါဘူး။ မနုရင်တွေ နာကျင်နေသည်။ သခင့်ကို ချစ်မိ နေ၏။ အပြစ်လား … မတန်မရာ။ ဒေဝီသခင်ကိုမြင်မြင်ချင်းပဲ ချစ် မိနေခဲ့၏။ မေ့ပြစ်လို့မရ။ သခင်ကတော့ တကယ့်ကို မနုမမှီနိုင်တဲ့ ပင်မြင့်ထက် ပန်းတစ်ပွင့်ပါ။

"သွားကြမယ်လေ … ဒီနေ့တော့ ကိုချို ကျွေးပါ့မယ်"

"ညိုမီ ကျွေးပါ့မယ် … ခင်မင်မှု အမှတ်တရတွေ ဆက်ကိုက် ကျင်းပချင်လို့လေ"

"ဟား … ဟား … ဟား"

ကိုချိုနှင့်ညိုမီတို့က ရယ်မောနေကြပေမယ့် မနုအတွေးတွေ





က သခင့်နောက်ပြေးလိုက်နေသည်။ ညိုမီက မနုကို သဘောကျ နေတယ်လို့ ကိုချိုက ပြောထားပေမယ့် သခင်ကလွဲပြီး တခြား မိန်းကလေးတွေကို စိတ်မဝင်စားနိုင်။ သခင့်အကြောင်းတွေပဲ စဉ်း စားလိုနေသည်။

"ဒီဆိုင်မှာပဲ ထိုင်ကြမယ် မနု … မင်းဘာစားမလဲ"

မနု အတွေးတွေကြောင့် ကိုချိုတို့ပြောတာကို မကြား။ ညိုမီ က သူ့လက်မောင်းကို ဝုတ်လိုက်မှ အသိပြန်ဝင်လာသည်။

"မနု … ဘာတွေစဉ်းစားနေတာလဲ၊ ဘာစားမလဲ ပြောလေ နေကြိုက်တာပဲ အားလုံးစားမယ် … ဦးစားပေးတာနော် အဟက်"

"ကျွန်တော်က ဘာပဲစားရ စားရ ကြိုက်ပါတယ် … မညိုမီ သျှင် မှာကြပါ … အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော် မမှာတတ် ဘူး၊ ပိုက်ဆံကို ချိုးခြံချွေတာနေရလို့ တစ်ခါမှအပြင်မှာ မစားဘူး"

"မနုက အရမ်းပွင့်လင်းတယ်၊ ညိုမီ အရမ်းသဘောကျတယ် သိလား … တကယ်ဆိုရင်လေ သခင်နဲ့တွဲနေတဲ့ မင်းချမ်းမြေ့ကို တောင် သဘောမကျမိဘူး၊ သခင်ကိုယ်တိုင် အဆင့်အတန်းခွဲနေလို့ ပါ … မင်းချမ်းမြေ့က မိန်းမချောလေးတွေနဲ့ အရမ်းတွဲနေတာလေ၊ ညိုမီကတော့လေ ငွေကြေးမချမ်းသာချင်နေပါစေ ရိုးသားတည် ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ သဘောကျတယ် ချစ်သူအဖြစ် ရွေးချယ်ချင်တယ်"

ညိုမီကတော့ တဖြည်းဖြည်းနှင့် မနုကို ချစ်ခင်နှစ်သက်မိ



www.burmeseclassic.com

www.burmeseclassic.com



[illegible]သဖြင့် မိန်းကလေးတန်မဲ့ မျက်နှာပြောင်တိုက်လျှက် ပြောဖြစ်လိုက်သည်။ မနှကာ ငြိမ်သက်နေ၏။ အကြည့်ချင်းဆုံမိတာတောင် အေးစက်စက်။ ကိုချိုကလည်း မနကို စကားလုံးတွေပြစ်သွင်းရင်း ညိုမီနှင့်နီးစပ်စေရန် ပြောနေသည်။ အစားအသောက်တွေရောက်လာတော့ ညိုမီက မနပန်းကန်ထဲ ခပ်ပေးနေသည်။

"စားနော် မန ... အားနာစရာမလိုပါဘူး၊ ညိုမီ အရမ်းကျွေးမွေးပြုစုချင်လို့ပါနော်"

မနဘက်က ယောကျ်ားလေးဖြစ်ပြီး အိုင်တင်ပေးတာ မဟုတ်။ ဘယ်လောက်အထိ ကောင်းနေပါစေ မနခံတွင်းမတွေ့မိ။ မျိုချရတာပင် တစ်ဆို့နေသည်။ သခင် ... မင်းဘာတွေလုပ်နေလဲ။ ဦးလေးငွေကတော့ မင်းကဖခင်အလိုလိုက်ထားလို့ ဆိုးပေတေနေတဲ့ကောင်မလေးတဲ့။ နိုက်ကလပ်တွေလည်း ကောင်လေးတွေနဲ့ သွားတတ်တယ်တဲ့။ အပျော်မက်သည်တဲ့။ မင်းသတင်းတွေက အကောင်းတစ်ခုမှ မရှိပါလားသခင်။

"မန"

"ဟင်"

"မနကိုကြည့်ရတာ တစ်ခုခုတွေးနေသလိုပဲ ... ညိုမီနဲ့နေရတာ စိတ်ညစ်လို့လားဟင်"

"မဟုတ်ပါဘူး မညိုမီသွင် ... ဒီလိုစားသောက်နေရတာကို တစ်ခါတလေ ကိုယ်မနှစ်သက်ဘူး ... အကျင့်ပါသွားမှာစိုးလို့ပါ"





"တကယ်ပါပဲ ... ဘာမှတွေးမနေနဲ့၊ မနလိုအပ်သမျှ ညိုမီ အားလုံးဖြည့်စွမ်းပေးနိုင်ပါတယ်နော်"

"မနတို့ကတော့ စန်းထတာလား ကံကောင်းတာလား ... အင်းလေ ရုပ်ရည်ရူပကာမိတာကိုး ... စိတ်ကူးမလွဲနဲ့နော်မန ... အမိအရဖမ်းထား"

မန မရယ်နိုင်။ သူချစ်နေတာက ဒေဝီသခင့်ကိုပါ။ ချမ်းသာတဲ့သူဌေးသမီးဆိုတာကို ဘေးဖယ်ထားလိုသည်။ ညိုမီသွင့်နေရာမှ ဒေဝီသခင် ဖြစ်စေချင်လာ၏။ မန နှလုံးသားကို စိုးမိုးလွှပ်ခတ်နိုင်သူက သခင်ပါ။ သူ့စိတ်တွေက ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့နေသည်။

"ကဲ ... ကိုချိုလည်း ကိစ္စရှိလို့ သွားတော့မယ်၊ မနနဲ့ညိုမီတို့ အေးအေးဆေးဆေး စကားပြောကြ ... "

ကိုချိုက ဘယ်သူမှ မတားဆီးနိုင်ခင် ထထွက်သွားသည်။ မန မနေတတ်။

မိန်းကလေးတစ်ယောက်နှင့် နှစ်ယောက်ထဲ တစ်ကြိမ်တစ်ခါမျှ မနေဘူးခဲ့။

ညိုမီသွင်က သူ့စိတ်ကို မစွဲဆောင်နိုင်။

ဒေဝီသခင့်ကို သတိရတမ်းတစိတ်တွေကိုလည်း ပြေပျောက်သွားစေရန် မလုပ်ပေးနိုင်ခဲ့။

"မင်းချစ်သူနဲ့ အရမ်းပျော်ရွှင်နေပြီလား သခင်ရယ် ... ငါက



www.burmeseclassic.com

www.burmeseclassic.com



ကလပ်တွေသွားတာ မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်များပါတယ်"

ဘယ်လောက်ပဲ ချစ်သူနှင့်သွားပါစေ စိတ်ပူပင်နေသည်။

မင်းနဲ့ဘာဆိုင်လို့လဲ ခနေ။

အဓိပ္ပါယ်မရှိလိုက်တာ။

အကောင်းဆုံးက မင်းဘေးမှာရှိနေတဲ့ ညိုမြမီသွင်ပဲ မင်းဘာဝကို နားလည်ပြီးစိတ်ထား ဖြူစင်သည်။

ခနေမှာ အမေ ရှိသေးတယ်။

တောမှာပါ ဆင်းရဲလွန်း၏။

ခနေစိတ်တွေ လွတ်ထွက်သွားလို့မဖြစ်။

ညိုမြမီနှင့်အတူတူ လမ်းလျှောက်နေပေမယ့် သူ့စိတ်အစဉ်က ဦးတည်ရာမဲ့နေလေသည်။

"ဒေဝီသခင်လို မောက်မာထောင်လွှားပြီး အဆင့်အတန်းခွဲခြားဆက်ဆံတတ်တဲ့ မိန်းကလေးကိုမှ မင်းချစ်ရလား ခနေရာ၊ မဖြစ်နိုင်ပါဘူး ... မင်းကို အဖက်တောင်မှမလုပ်တာဘဲ၊ မေ့ပြစ်လိုက် ... မင်းနှလုံးသားထဲကနေ ဖယ်ထုတ်ထားလိုက်ပါ"

ခနေ ရင်တွေပူလောင်နေသည်။

ဒေဝီသခင်ကတော့ အရမ်းပျော်နေမှာပါ။

ဂုဏ်ခြင်တူတဲ့ ချစ်သူနဲ့လေ။



ညိုမြမီသွင်ကတော့ သခင်ရွေးချယ်ထားပေမယ့် တရားဝင်ချစ်သူအဆင့်တော့ မဟုတ်သေးဘူးတဲ့။

မင်းချမ်းမြေ့က အသည်းအသန် လိုက်နေတာတဲ့။

ဒါပေမဲ့လည်း ဒေဝီသခင်က ရွေးချယ်မှာပါပဲလေတဲ့။

"ခနေ"

"ဟင်"

"ညိုမြမီတို့အိမ် လိုက်လည်ပါလားဟင်"

"ဟာ ... မလိုက်တော့ပါဘူး ညိုမြမီ၊ ဝပ်ရှော့မှာ ကားတွေများနေလို့ပါ ... ကိုယ်ပြန်မှဖြစ်မယ်"

"ညိုမြမီလေ ... ခနေအကြောင်းတွေကို အိမ်မှာပြောဖြစ်တယ်သိလား၊ အရမ်းတော်ပြီး စိတ်ဓာတ်တည်ကြည်တယ်လို့ ... ဖေဖေနဲ့မေမေက ခေါ်လာခဲ့ပါတဲ့ ... ရိုးသားကြိုးစားတဲ့သူကို မြောက်စားရမယ်တဲ့ ... လေးစားဖို့လည်း ကောင်းတယ်တဲ့လေ"

"နောက်မှပါ မညိုမြမီသွင်"

"ကြည့် ... ဒီလောက်ခင်မင်နေတာတောင် ညိုမြမီကိုတလေးတစား မညိုမြမီသွင်တွေ ဘာတွေလုပ်မနေပါနဲ့၊ ညိုမြမီလို့ပဲခေါ်ပါ ... ဒီမှာ ခဏလေးထိုင်ရအောင်နော် ... အိမ်ကလာကြိုတဲ့ကားစောင့်ရမယ်လေ"

ညိုမြမီတို့ကလဲ ကိုယ်ပိုင်ကားနှင့်ဆိုတော့ သူဌေးတွေပဲ ခနေသာတော့ မခံစားရ၊ သူဌေးသမီးကိုလည်း ချစ်သူအဖြစ် မတွေ့လိုပေ။

www.burmeseclassic.com



အဖေက ရှိသေးသည်။ အဖေ့ကိုလူတွေက အထင်သေးမှာလည်း မကြိုက်။ အဖေ့ကို အဆင့်အတန်းတစ်ခုနှင့် ထားနိုင်အောင် ခနု ကြိုးစားမည်ဖြစ်သည်။

အခန်း ( ၅ )

ချစ်သူရှိနေတဲ့ မိန်းကလေးတစ်ယောက်အား ချစ်မိသွားတာကိုက ခနုရဲ့အားနည်းချက်ပဲ သူသိနေသည်။ သခင်က သူ့လိုအဆင့်အတန်းမျိုးကိုလည်း ဘယ်တော့မှ မှန်းမှာမဟုတ်။ ခနု နာကျင်ရသည်။

"ဒေဝီသခင် မင်းနဲ့က ဖူးစာရေစက်ရှိတယ်ထင်တယ်၊ ကိုယ်ချစ်တယ် ... ရင်ထဲမှာ စူးနစ်နေတယ်"

ညိုမီသွင့်ကို မချစ်ပေ။ သာမန်မိတ်ဆွေအဖြစ်လောက်ပဲ ခံစား၍ရသည်။ ညိုမီသွင်က သူ့အပေါ် ရေလာမြောင်းပေးနှင့်အခွင့်အရေးတွေ ပေးနေခဲ့၏။ ဒေဝီသခင်က ပိုချမ်းသာပြီး ရုပ်ရည်ချောမောလို့လည်း မဟုတ်ပါဘူး သခင်။ ကိုယ့်နှလုံးသားတွေကိုက မတန်မရာ မှန်းနေတာပဲဖြစ်သည်။

"ခနု"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဦးလေးငွေ ..."

"အခုတလော မင်းကိုကြည့်ရတာ တမှိုင်မှိုင်ဖြစ်နေလားလို့ကွာ ... မတက်ကြွသလိုပဲ ... မင်းဘာလိုအပ်လဲ ပြောနော် ... မင်းအဖေအတွက် ငွေလိုလား ... ဦးလေးငွေ ဖုန်းဆက်မေးကြည့်တာတော့ မလိုဘူးတဲ့ ..."

"ငွေမလိုပါဘူး ဦးလေးငွေ ... တစ်ခါတလေ အဖေ့ကိုအရမ်းသတိရပြီး စိတ်ပူမိလို့ပါ"

"မင်းအဖေ နေကောင်းပါတယ်ကွ ... ရှေ့လ ရန်ကုန်လာဖို့ ခေါ်ထားတယ်"

အဖေကြောင့် မဟုတ်ပါဘူး ဦးလေးငွေရာ။ ဒေဝီသခင်ကြောင့်ပါ။ မနေ ရှူးသွပ်မတတ်ဘဲ။ မဖြစ်သင့်ဘူးဆိုတာ သိသိကြီးနဲ့ပဲဗျာ။ သူ့အပြုံးကို မေ့နေသလိုတောင် ဖြစ်သွားသည်။

"မင်းကျောင်းစရိတ်ရော မင်းအဖေ ကျန်းမာရေးအတွက်ရော ငွေကြေးမပူနဲ့ကွ ... မင်းတို့သားအဖက အားနာတတ်တယ်"

"ဟုတ်ကဲ့ မနေ ပြည့်စုံပါတယ်"

မနေကို ဦးငွေတူအရင်းကဲ့သို့ အားကိုးမိသည်။ လိမ္မာပြီး ကြိုးစား၏။ အလုပ်ကိုလည်း တက်တက်ကြွကြွ လုပ်ပေးတတ်သည်။

"ဟောဟိုမှာ မင်းရဲ့ ဖောက်သည်ကြီး ဦးထင်လင်း လာနေတယ်၊ သူ့သမီးပါ လိုက်လာတာပဲ ..."





"ဟင်"

ဦးထင်လင်းရဲ့ ကားလေး ထိုးရပ်လာပြီး ဒေဝီသခင်ပါလာတယ်ဆိုတာနှင့် မနေတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိနှင့် ပြာယာခတ်အောင် တုန်လှုပ်လာရသည်။ မနေအတွေးတွေထဲမှာ စက္ကန့်မလပ် လွှမ်းမိုးလျက်ရှိနေတဲ့ မိန်းကလေးမျက်နှာကျောတင်းတင်းနှင့် ကားပေါ်က မဆင်းဘဲ ထိုင်နေသည်။

"မနေ ... အတော်ပဲကွာ ... မင်းနဲ့တွေ့ချင်လို့လာတာကွ"

"ဟုတ်ကဲ့ ပြောပါ အန်ကယ် ... ဘာအကူအညီများပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူးကွာ၊ အန်ကယ်သမီးကားက ခဏ ခဏပျက်နေတယ် ... မနေ လိုက်ကြည့်ကွာ"

"ဦးလေးငွေ ရှိပါတယ် ... ကျွန်တော်က ဒီလောက်အထိ မကျွမ်းကျင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မနေပဲ လိုက်ခဲ့ပါ ..."

"ဟုတ်တယ် မနေ ... မင်းလိုက်သွား၊ ပြီးတော့ စစ်ဆေးကြည့် လိုအပ်ရင် ဖုန်းဆက်မေးကွာ ... ဦးလေးငွေ အရေးတကြီးကိစ္စရှိလို့ မလိုက်နိုင်ဘူး"

"ဟုတ်ကဲ့"

ဒေဝီသခင်နှင့် မပတ်သက်လိုကာမှ ပတ်သက်ဖို့အကြောင်းတွေက ဖြစ်ဖြစ်လာရတတ်သည်။ မိန်းကလေးတစ်ယောက်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ပြောင်တွဲပြီး နိုက်ကလပ်တက်တာတော့ ခနေ မနှစ်သက်မိပေ။ ဦးထင်လင်းကတော့ ခနေကို အားပေးလျှက် လေးစားချစ်ခင်သူဖြစ်သည်။

"မင်းကားကို မောင်းကွာ ... လိုအပ်တဲ့ပစ္စည်းတွေ ယူလာခဲ့"

"ဟုတ်ကဲ့"

သူ ဒရိုင်ဘာအခန်းမှာဝင်ထိုင်သည်။ ဒေဝီသခင်နှင့်အကြည့်ချင်းဆုံမိသွားစဉ် ... သူ့နှလုံးသားတွေ ဆတ်ခနဲ တုန်ခါသွားသလောက် သူမ တည်တည်တင်းတင်း ဝပ်ရှော့အလုပ်သမားမို့ အဖက်မတန်သလို အကြည့်ကို စိမ်းစိမ်းပြတ်ပြတ် လွှဲပြစ်သည်။

"ခနေ"

"ဗျာ"

"အန်ကယ့်ကုမ္ပဏီကို ခဏဝင်ပါလား ခနေ ... အန်ကယ်လုပ်ငန်းခွင်က ကားတွေပြင်ဖို့လေ ... မင်းကျောင်းတက်စရာရှိတာတက်ပါ၊ အားလပ်တဲ့အချိန်မှာ အန်ကယ့်ကားတွေ ပြုပြင်ထိန်းသိမ်းပေး"

"ဦးလေးငွေကိုတော့ ဖြစ်ထားလို့မဖြစ်ဘူး ထင်တယ် အန်ကယ် ... လိုအပ်တဲ့အကူအညီရှိရင်တော့ပြောပါ ... ကျွန်တော် လာပါ့မယ်"

ဒက်ဒီကတော့ မာနခနေဆိုတဲ့ကောင်ကို အရမ်းချီးမွမ်းခန်းဖွင့်





ပြီး အထင်တကြီး လေးစားနေသည်။ တစ်နေ့တစ်နေ့ ခနေ ... ခနေနဲ့ သခင် နားကြားမြင်းကပ်နေ၏။ ဆီချေးတွေပေးကျံနေ့တဲ့ ဝပ်ရှော့အလုပ်သမားဝတ်စုံနှင့် ကြည့်မရ၊ ညီုမီသွင့်ကို ပြချင်သည်။

"ရောက်ပြီ ခနေ ... ဆင်း သမီး ... ကားကိုလိုအပ်သလို ပြင်ပေးပါ"

"ဟုတ်ကဲ့"

"သမီး ကားဘာတွေဖြစ်လဲဆိုတာ ခနေကိုပြောပြလိုက်၊ ဒက်ဒီ အပြင်ခဏသွားဦးမယ် ... ခနေ မင်းကတော့ အန်ကယ်ပြန်လာမှပြန်နော်"

"ဟုတ်ကဲ့"

ဒက်ဒီ့ကို တရိုတသေ တလေးတစား ဆက်ဆံနေတော့ ခနေမှခနေ ဖြစ်နေမှာပေ့ါ။ သူမနှင့်သူ ကျန်ခဲ့သည်။

"ကားက ဘာဖြစ်လို့လဲ မဒေဝီသခင် ... ခဏခဏ ပျက်နေတယ်"

"ရှင်က ဝပ်ရှော့သမားပဲ အပြစ်ကိုရှာလေ ... သခင်က ကားစီးဖို့ပဲ စိတ်ဝင်စားတယ်"

"အဲဒီလိုလဲ မဟုတ်သေးဘူးလေ ... စက်နိုးလို့မရတာလား"

"ဘယ်နေရာမှာ မောင်းရတာ အခက်အခဲဖြစ်နေလဲဆိုတာစီးတဲ့သူပဲသိမယ်လေ"

www.burmeseclassic.com



"ဒီမှာ"

"ပြော ..."

"ကျွန်မ ဒီကားကို မကြိုက်ဘူး၊ အသစ်လဲချင်တယ်၊ ဒက်ဒီကိုပြောပေး ..."

"ဟင် ... ဒါက မဒေဝီသခင်တို့ သားအဖချင်းပြောသင့်ပါတယ်၊ ကိုယ်က မဆီမဆိုင် ..."

"ပြောပေးဆိုရင် ပြောပေးလေ ... ဘာတွေ စောဒကတက်နေတာလဲ၊ ကားကို လဲဖြစ်ချင်လို့ ..."

ဟုတ်တယ်လေ ... ကားဗျက်အောင် သခင်ပဲ တမင်ဖျက်ဖြစ်တာ။ ဒက်ဒီက ဒေါ်မေသဲနုကားကို အသစ်လဲပေးတာ သခင်သိနေသည်။ ချမ်းမြေ့က ပြောတာပါ။ မုန်းတီးမိ၏။ သခင်က ကားလဲပေးဖို့ပြောတာ ဒက်ဒီက လက်မခံ။ အသစ်ကြီးတဲ့ ... သမီးက ဒေါ်မေသဲနု မဟုတ်လို့လားဆိုတော့ ဒက်ဒီလှည့်ထွက်သွားသည်။

"မနု"

"ဟင်"

"မနုပြောရင် ဒက်ဒီက လက်ခံမှာပါ ... အခုတလော မနေ့မနေ့ အရမ်းချိုးမွမ်းခန်း ဖွင့်နေတာလေ ... မနက်ဖြန် ဒီကားလဲပေးဖို့ပြောပေး ... ရှင့်ကို ညိုမီလွင်နဲ့ အောင်သွယ်ပေးမယ်"

"ဘာ ..."





"ဘာတွေ အထိတ်တလန့်အော်နေရတာလဲ၊ ညိုမီသွင့်ကို ရှင် သဘောကျနေတာ မဟုတ်လား။ မိန်းကလေးတွေနဲ့ ကင်းရှင်းအောင်နေတတ်တဲ့ ရှင်က ညိုမီသွင်ကိုကျမှ သူငယ်ချင်းအဖြစ် လက်ခံတယ် မဟုတ်လား"

မင်းကြောင့်ပဲ ဒေဝီသခင်ဟု ပြောလိုက်ချင်သည်။ ညိုမီသွင်နဲ့ မင်းအောင်သွယ်ပေးမှလား။ ကိုယ်ချစ်တာ သခင့်ကိုပါ။

"မနု"

"ပြော"

"သခင့်တို့ မိတ်ဆွေအဖြစ် ဆက်ဆံကြမယ်လေ"

"ဟင်"

"လုပ်ပြန်ပြီ ... ကျွန်မပြောတဲ့စကားတွေထဲမှာ ရှင့်အတွက် ထိတ်လန့်တုန်လှုပ်စရာတွေကြီးပဲ ပါနေတာလား"

"မင်းစကားတွေက ထူးဆန်းအံ့ဖွယ်ပဲ ... ဘာအကြံအစည်တွေနဲ့လဲတောင် မသိဘူး"

"ကျွန်မ ကားအကောင်းစားကြီး လဲချင်တယ် ... ရှင်က ထောက်ခံပေးလေ ... ဟုတ်တာရော မဟုတ်တာရော ..."

"မင်းက ကိုယ့်ကို ကလိမ်ကကျစ် လုပ်ခိုင်းနေတာလား"

"ကြီးကျယ်မနေနဲ့ ..."

မနုကို ဒက်ဒီက မွေးစားသားအဖြစ်ပင် မွေးစားဖို့စဉ်းစားနေတာ သခင်သိထားသည်။ သခင့်ကိုစောင့်ရှောက်ဖို့တဲ့။ သခင်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝကန့်ကွက်ထားလို့ ဒက်ဒီ ငြိမ်သက်နေခြင်းပင်။ ဒေါ်မေသဲနု ထက်သာတဲ့ကားကို လဲစီးချင်သည်။

"သမီးငယ်သေးတယ် ... ပေါ့ပေါ့ပါးပါးလေးပဲ စီးရမယ်၊ အသက်လည်း မပြည့်သေးဘူး ... လိုင်စင်လည်း မရှိဘူး၊ ပြသနာဖြစ်သွားရင် ရှင်းရခက်တယ်နော်"

ဒက်ဒီက သခင့်ကိုချစ်ပေမယ့် တစ်ခါတရံ သခင့်အလိုဆန္ဒကို ဆန့်ကျင်တတ်သည်။ ခေါင်းမာ၏။ ကြည့်ပါလား ... ဒေါ်မေသဲနုနှင့်တွဲနေတာ။ သခင် အရွဲ့တိုက်လည်း ဒက်ဒီက တွဲမြဲပင်။ သခင်လုံးဝမကြိုက်။ ဒက်ဒီကို မြူစား ချူစားနေသည်ဟုထင်သည်။

"မင်းကားက ကောင်းပါတယ်၊ မင်းတမင်ဖျက်နေတာ မဟုတ်လား ... မင်းနဲ့အဖော်ပါပဲ ... ကားကို မင်းဘာမှတ်နေလဲ ဒေဝီသခင် ... အန္တရာယ်များတယ်"

"စကားတွေ အရမ်းများမနေစမ်းပါနဲ့ မာနုခေ ... ဆရာကြီးလား၊ ဒီကားက မကောင်းတော့ဘူး၊ ကားကောင်းကောင်းလေး လဲသင့်တယ်လို့ ဒက်ဒီကို အကြံပြုပေးပါ ... ညိုမီကို ရှင်ကချစ်နေတယ်လို့ပြောပေးမယ် ဘယ်လိုလဲ ... "

ကိုယ်ချစ်တာ မင်းလို့ပြောချင်သည်။ မပြောဖြစ်တော့။ ဒေဝီသခင့်လို အဆင့်အတန်း ခွဲခြားသူကို ခနချစ်နေတာပင် အရူးထတာပဲ။ သူ့ ဘာမှမပြောတော့ဘဲ ဘရိတ်ကို တမင်တကာ ဖြုတ်ထားတဲ့ အကြောင်း သိသိကြီးနှင့်ခနပြန်၍ ပြင်ဆင်ပေးနေမိသည်။





"ဟွန်း ... လာပြီး ဘဝင်မြင့်ပြမနေနဲ့ မုန်းတယ် ... "

ဒေဝီသခင်က နှုတ်ခမ်းလေးတွေ တွန့်မဲ့ရွဲ့ပြကာ ခပ်လှမ်းလှမ်းမှာ သွားထိုင်နေသည်။

"ညိုမီသွင့်လို အဆင့်တောင် စိတ်မဝင်စားသလို ပဲများနေတယ် ... ဝပ်ရှော့စက်ပြင် အလုပ်သမားကများ"

ညိုမီသွင်နှင့်အောင်သွယ်ပေးမယ်တော့ ခနမငြင်းပယ်တာပင် သခင်လုံးဝမကျေနပ်မိ။ သူက မုန်းမှာပေါ့ သခင်တို့လောက် မချမ်းသာပေမယ့် ညိုမီသွင်လည်း ငွေကြေးပြည့်စုံသူပါပဲ။ ခနမုန်းမှာပဲလေ ... သခင် စိတ်တိုနေသည်။ ညိုမီသွင့်ကို ခနကြိုက်ကြိုက် တဖြည်းဖြည်း သိချင်စိတ်တွေ ပြင်းပြလာ၏။ ဘာဖြစ်လို့ မုန်းမသိ ခနနှင့် မိတ်ဆွေအဆင့်လောက်တော့ ခင်မင်ပတ်သက်ချင်လာသည်။

"အခြောက်တိုက် ဘဝင်မြင့်နေတဲ့ကောင် ... "

သူမ စိတ်ထဲကနေ ဒေါသတကြီး ပြောဆိုရင်း သခင့်ကိုများ အထင်သေးသွားပြီလားဟု တွေးမိလာသည်။ ချမ်းမြေ့နောက်ကို သခင်လိုက်သွားမိတာ မဟုတ်လား။ သေသေချာချာ အနီးကပ်ကြည့်တော့လဲ ခနက ဆွဲဆောင်မှုရှိနေ၏။ ညိုမီပြောသလိုပဲ လောကကြီးမှာ ငွေကြေးက အရေးမကြီးဘဲ တည်ကြည်ခန့်ညားပြီး ရိုးသားကြိုးစားတဲ့ယောက်ျားတစ်ယောက်ကိုပဲ ဘဝလက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖော်အဖြစ် လက်တွဲသင့်လား။ ချမ်းမြေ့က လူရှုပ်။ မအေရော သားရော လူရှုပ်တွေ။ ဒက်ဒီကို မလှုပ်ရှားနိုင်အောင် ချုပ်ကိုင်ထားတာ ကြည့်လေ။ ချမ်းမြေ့ အကျင့်စရိုက်တွေကို ဒက်ဒီကိုယ်တိုင် မနှစ်သက်။ သခင့်ကို တားဆီးမရလို့သာပါ။

"သမီးကို လူရှုပ်လူပွေနဲ့ မပတ်သက်စေချင်ရင် ဒက်ဒီလည်း လူရှုပ်လူပွေ လောင်းကစားသမားနဲ့ မပေါင်းနဲ့ပေါ့"

သခင်လည်း တားဆီးမရ။ တဖြည်းဖြည်းနှင့် သခင့်စိတ်တွေ ဆောက်တည်ရာမရအောင် ပေတေလေလွင့်ပြစ်ချင်သည်။

"ဟွန်း"

ဓနကိုလည်း မကျေနပ်။ ညိုမီသွင့်ကို မုန်းနေမှာပေါ့။ ကြည့်လေ ... မကြိုက်ပါဘူးလို့ ခပ်ပြတ်ပြတ်မငြင်းဘဲ ငြိမ်နေသည်။

"သခင်က အရမ်းချောတယ်၊ ညိုမို့ထက်လည်း ချမ်းသာတယ်၊ ဓနချစ်ရင် သခင့်ကိုပဲချစ်ရမှာ ... သခင့်ကို အဖက်တောင် မလုပ်ဘူး"

သခင် ဘာတွေစဉ်းစားနေရတာလဲ။ ဓနလိုကောင်က သခင့်အဆင့်ကို မျှော်မှန်းစရာလား။ အောက်တန်းစားကောင်။ စက်ပြင်အလုပ်သမားတစ်ယောက်ကများ မဲမဲသဲသဲအဝတ်အစားတွေနဲ့ အရုပ်မြင့်မြင့် ယောကျ်ားတစ်ယောက်အကြောင်း အခုတလော သခင့်အတွေးထဲဝင်ရောက်လာနေတတ်သည်။





"သခင်နဲ့တွေလို့လား တန်လို့လား ... ညိုမီသွင့်ကိုပဲယူ"

စိတ်ကနေ ပြောချင်တာတွေကို မကျေမနပ်ပြောပြီး ငုတ်တုတ်လေးထိုင်နေမိတဲ့ သူ့မအနားသို့ ဓနရောက်လာတာ မသိပေ။ အသံပေးလိုက်မှ အထိတ်တလန့် ဖြစ်သွားရသည်။

"ဒေဝီသခင် ဒီလောက်လည်း ဒေါသတွေနဲ့ပေါက်ကွဲမနေပါနဲ့ ... မင်းနဲ့တန်တာ ဒီကားပဲလေ"

"ဘာပြောတယ်"

"မင်းအန္တရာယ်အတွက် ပြောပြတာပါ ... ဘာပဲဖြစ်ဖြစ် အန်ကယ်ထင်လင်းကိုတော့ ကိုယ်လိမ်ညာ မပြောနိုင်ဘူး ... ကိုယ် အဲဒီလို အလေ့အကျင့်ကို အမုန်းဆုံးပဲ ... ကားက ကောင်းသွားပါပြီ ဒေဝီသခင် ..."

"ကျွန်မကို ဒေဝီသခင် ... ဒေဝီသခင်နဲ့ နာမည်အရှည်ကြီး ခေါ်ခေါ်မနေစမ်းပါနဲ့ အမြင်ကတ်လိုက်တာ"

"သွားပြီ"

"ဒီမှာ"

သူ လုံးဝလှည့်မကြည့်တော့။ ဒေဝီသခင့်အနားကနေ ထွက်သွားလိုသည်။ အလကား ... ဒေဝီသခင် ပိုက်ဆံချမ်းသာတယ်ဆိုပြီး ထင်ရာစိုင်းလွန်းနေ၏။ ဖခင်အပေါ်လည်း ညာတာထောက်ထားမှုမရှိ။ ဓန ကြုံတွေ့သမျှ ဒေဝီသခင် ဒေါသတကြီးနှင့်မောက်မာထောင်လွှားနေသည်။ ကိုယ့်ဘဝတစ်သက်တာအတွက် မရွေး



www.burmeseclassic.com

www.burmeseclassic.com



ချယ်သင့်ပေ။ အဖေ့အတွက် ရွေးမကောင်းမဟုတ်။ ဒေဝီသခင်က မနကို ရွေးချယ်မှာလည်းမဟုတ်ဘဲနှင့် မနအတွေးထဲကနေ ဖယ်ရှား ဖြစ်ဖို့ ဆုံးဖြတ်လိုက်မိသည်။

အခန်း ( ၆ )

"မောင်မန"

"ဗျာ"

"မင်းကပြောတယ်တဲ့ သခင့်ကားက အသစ်လဲသင့်တယ်လို့ …"

"မပြောပါဘူး အန်ကယ် … မလဲသင့်ပါဘူး၊ ကားက အကောင်းကြီးပါ … ဒေဝီသခင်က အသစ်လဲပေးသင့်ကြောင်း ထောက်ခံပေးပါလို့ပြောတာ ကျွန်တော် ငြင်းခဲ့ပါတယ်"

"အဲဒါပြောတာပေါ့ မောင်မနရယ် … သခင် ငယ်သေးတယ် အရိုင်ဘာနဲ့စီးဖို့ပြောတာလည်း လက်မခံဘူး … အန္တရာယ်ရှိတယ်၊ အန်ကယ် စိတ်ပူတယ် …"

"ဒေဝီသခင့်ကို အရမ်းကြီးအလိုမလိုက်သင့်ပါဘူး အန်ကယ်"

မနလည်း စိတ်ပူသည်။ အခုလည်းကြည့်လေ မနက



www.burmeseclassic.com

www.burmeseclassic.com



မထောက်ခံပါဘဲနှင့် လိမ်ညာပြောတဲ့ အကျင့်စရိုက်တွေက ကြောက်စရာကောင်း၏။ မနေ မလိမ်မညာချင်။ ဒေဝီသခင် ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ အမှန်အတိုင်းပဲပြောပြလိုက်သည်။

"သမီးက အန်ကယ့်ကို ရွံနေတာပါ ... ဒီလောက် အဆိုးသွမ်းကြီး မဟုတ်ပါဘူးကွာ"

ဦးထင်လင်း သိသည်။ မေသဲနုကြောင့်ပါ။ မိမိကလည်း ငယ်ချစ်ဦး သဲနုကို ဘယ်လိုမှ ဥပေက္ခာမပြုနိုင်ပေ။ ငယ်စဉ်က ဆင်းရဲတဲ့သဲနု။ အိမ်ထောင်ရေးလည်း မကောင်းခဲ့။ ခင်ပွန်းဆုံးသွားပြီးမှ မိမိနှင့်ပြန်ဆုံမိပြီး ထောက်ပံ့ပေးမိသည်။ သမီးက လက်မခံ။ မေသဲနုက နာမည်ပျက်၏။ မိမိနှင့်မဆုံခင်က လောင်းကစားတွေ ဝါသနာထုံသည်။ သူ့သားကလည်း ခပ်ရှုပ်ရှုပ်ပွေပွေ။ ရုပ်ရည်ကလည်း ချောမောခန့်ညားသူဖြစ်၏။ မိမိ ထောက်ပံ့မှုနှင့် ဘယ်ကနေပွပေါက်တိုးလာသည်မသိ ချမ်းသာနေသည်။

"သား ချမ်းမြေ့က အစွမ်းအစရှိတယ် ကိုလင်း တွေ့လားကြီးပွားလာတာ ... ပြီးတော့လေ ကိုလင်းသမီးလေးကို နှစ်သက်နေတယ်ထင်တယ်"

မိမိကသာ မေသဲနုအား သနားဂြိုဟ်စောင့်ရှောက်ပေးလိုခဲ့ပေမယ့် သားဖြစ်သူ မင်းချမ်းမြေ့ ... ဒီကောင် မဟုတ်တာတွေ စီးပွားရေးလုပ်နေကြောင်း သတင်းရသည်။ မေသဲနုကို ကားအသစ်လဲပေး





တာကလည်း သူ့သားပါ။ သမီးကိုရှင်းပြလည်း လက်မခံပေ။ မေသဲနုနှင့် ပြိုင်နေသည်။

"သခင်သိတယ် ဒက်ဒီ ... ဒေါ်မေသဲနုတို့သားအမိကို ဒက်ဒီ ဘယ်လောက်အထိ ချီးမြှင့်မြှောက်စားထားတယ်ဆိုတာ"

မင်းချမ်းမြေ့ကိုလည်း မယုံပေ။ သမီးကို မအပ်နိုင်။ သမီးကတော့ လက်ထပ်ဖို့အထိ ရည်မှန်းထားကြောင်းပြောနေသည်။

"အန်ကယ်လည်း သမီးအတွက် ဘာလုပ်ပေးရမလဲ ... ဖြစ်နိုင်ရင် မောင်ခနကို မွေးစားသားအဖြစ် အမွေစားအမွေခံ မွေးချင်တယ်"

"ဗျာ"

"မောင်ခနကို သားတစ်ယောက်လိုချင်တယ်၊ အန်ကယ့် စီးပွားရေးကိုလည်း ထိန်းသိမ်းပေးစေချင်တယ် ... သမီးက မဖြစ်ဘူး၊ စဉ်းစားပေးပါလား ခန ..."

"မဖြစ်နိုင်ပါဘူး အန်ကယ် ... ကျွန်တော်ရဲ့ အကြီးမားဆုံးဆန္ဒက အဖေ့ကို အကောင်းဆုံးကျွေးမွေးစောင့်ရှောက်ချင်မိတယ်"

"မင်းအဖေကိုလည်း အန်ကယ်ခေါ်ထားပေးမယ်၊ အန်ကယ်မှာ ညီအစ်ကိုမောင်နှမလည်း မရှိဘူးလေ အစ်ကိုနေရာပေါ့"

မောင်ခနဆိုတဲ့ သူငယ်ရဲ့ ရိုးသားကြိုးစားမှုကို ဦးထင်လင်း နှစ်သက်သဘောကျသည်။ ဆင်းရဲနွမ်းပါးတာတစ်ခုပဲ ပြောစရာရှိနေ၏။ ကိုယ်ကျင့်သိက္ခာရှိသည်။ မိမိနှင့်မေသဲနုတို့က လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အထိ ရည်ရွယ်ထား၏။ မေသဲနုက အတင်းအကျပ်တောင်းဆိုနေတာပါ။ မိမိလည်း ငယ်ချစ်ဦးဖြစ်၍ သံယောဇဉ် တွယ်နေခဲ့သည်။

"ဒေါ်မေသဲနုကို ဒက်ဒီလက်ထပ်ရဲလက်ထပ်ကြည့်၊ သခင်လည်း မင်းချမ်းမြေ့ကို လက်ထပ်မယ် ... အဲဒါ မကောင်းဘူးလား"

သခင်က ရွှဲ့နေတာပါ။ မိမိသဘောမတူနိုင်ပေ။ ဘာဖြစ်လို့လည်းဆိုတော့ မင်းချမ်းမြေ့က မကောင်းမှုအလုပ်တွေနဲ့ စီးပွားရှာနေတဲ့ကောင်။ မူးယစ်ဆေးဝါးရော လောင်းကစားရော စုံနေသည်။

"သခင်နဲ့မနုက တစ်တန်းထဲဆို ... "

"ဟုတ်ကဲ့ ... "

"မနု စောင့်ရှောက်ပေးပါကွာ အပ်ပါတယ် ... "

သခင့်မှာ ချစ်သူရှိတယ်ဟု မနုပြောပြချင်သည်။ ဒါတော့ သူနှင့်မဆိုင်သောကိစ္စ ဖြစ်နေသည်။ မပြောပါဘူး။

"သခင်က အန်ကယ့်ကို မကျေနပ်တာတွေရှိတယ်ကွ ... တစ်ခါတလေ အရွဲ့တိုက်တတ်တယ်"

သမီးနှင့်ပတ်သက်ပြီး မနုကို ရင်ဖွင့်ပြချင်သည်။ မနုနှင့်သမီး လက်ထပ်မယ်ဆိုရင်တောင် မနုလိုကောင်လေးမျိုးနှင့်သဘောတူမိနေ၏။ ဒါပေမယ့် သမီးက မနုလိုအဆင့်မျိုးကို လုံးဝလက်ခံမှာ မဟုတ်ပေ။ သမီးနဲ့မင်းချမ်းမြေ့ကို ခွဲပြစ်ချင်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ ... မနုနဲ့တော့ မကြာခဏတွေ့ပြီး ရင်ဖွင့်ချင်တယ် ... အန်ကယ်ကတော့ သားအဖြစ် သတ်မှတ်ထား





လိုက်ပြီ"

မနုကတော့ အပြုံးနှင့်ခေါင်းညိတ်ပြလိုက်ရပေမယ့် ဦးထင်သင်းရဲ့ မွေးစားသားဘဝတော့ မလိုချင်ပေ။ ဒေဝီသခင် ဘယ်လောက်များ ဒေါသထွက်ပြီး ခါးခါးသီးသီးဖြစ်နေလိုက်မလဲ။ မနုမှာ ခနရှိသည်။ လုံးဝပဲ ... ကိုယ့်အစွမ်းအစနဲ့ ကိုယ်ပဲရပ်တည်မယ် ဒေဝီသခင်။

"သမီးကိုအပ်ပါတယ် သမီးဘာတွေလုပ်နေလဲ ... ဘယ်သွားလဲ ... သမီးချစ်သူအခြေအနေကအစ သတင်းပေးပါကွာနော် မနု ... "

"ဒီကိစ္စကိုတော့ ကျွန်တော် တာဝန်မယူပါရစေနဲ့ အန်ကယ် ဒေဝီသခင်က အရမ်းမာနကြီးပါတယ် ... သတင်းပေးလို့မဖြစ်ပါဘူး ကျွန်တော် မလိမ်ညာချင်လို့ပါ"

"ဟား ... ဟား ... ဟား ... မနုရာ၊ မင်းအရမ်းတည်ကြည်တဲ့သူပဲ ... အန်ကယ် သဘောကျတာ အဲဒါပဲ"

မိမိလို ချမ်းသာကြွယ်ဝတဲ့ လူတစ်ယောက်ကိုတောင် ကပ်အားတာမျိုးမလုပ်ခဲ့။ သမီးနှင့်လက်ထပ်မယ့်ယောကျ်ားမှာ ရှိစေချင်တဲ့အရည်အချင်းတွေ ဖြစ်သည်။

"ဒက်ဒီလည်း ဒေါ်မေသဲနုနဲ့ ကင်းကင်းနေပြပါ၊ သခင်လည်း ဒက်ဒီသဘောကျတဲ့ယောကျ်ားကိုပဲ လက်ထပ်မယ် ... သူ့အဖေကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒက်ဒီက ချစ်မြတ်နိုးနေပြီး သားကျတော့ မနှစ်သက်ဘူးဆို တာ အဓိပ္ပါယ်မရှိတာဘဲ … မင်းချမ်းမြေ့ ဘယ်လိုစီးပွားရေးတွေ လုပ်တယ်ဆိုတာ ဒက်ဒီသိပါတယ်နော် … ဒက်ဒီပဲ အကြီးအကျယ် ချီးမြှင့်ထောက်ပံ့ခဲ့တာလေ”

မေ့သဲနုကို စွန့်လွှတ်ဖို့က မဖြစ်နိုင်ပေ။ မေသဲနုကလည်း လွယ်လွယ်နဲ့ ဖြတ်တောက်ပြစ်လို့ရမည့် မိန်းမလည်းမဟုတ်။ မိမိ အား အပိုင်ချုပ်ထားနိုင်သည်။

“ခနု”

“ဗျာ”

“စိတ်ထဲမှာ အလေးအနက်ကြီး မထားပါနဲ့ … သခင့်ကို တော့ စောင့်ရှောက်ပေးပါ … အန်ကယ် လုံးဝမနိုင်ဘူးကွာ”

ခနု ကတိမပေးခဲ့။ ဦးထင်လင်း ထွက်သွားသည်။ သားအဖ နှစ်ယောက်ကြားမှာ မကြေမလည်စရာတွေ ရှိနိုင်၏။ ခနု ဝင်မရှုပ် လိုပေ။ မင်းချမ်းမြေ့က သခင်ရဲ့ချစ်သူလည်းမဟုတ်။ နိုက်ကလပ် တွေအထိ တတွဲတွဲသွားလာနေသူ ဖြစ်နေသည်။

“ခနုရေ မင်းတော့ ကံထနေတာပဲ ဦးထင်လင်းက သမက် တော်ချင်နေတာကွ”

“ဟာ ဦးလေးငွေကလည်း မဟုတ်တာတွေ … သားအဖြစ် သဘောထားတာပါ”





“ဦးလေးငွေကို အရိပ်အမြွက်ပြောတယ်ကွ … သူ့သမီးတွဲ နေတဲ့ကောင်ကို သဘောမကျဘူးတဲ့ … ခနုနဲ့ဆို သဘောတူတယ် တဲ့”

“တော်ပါတော့ ဦးလေးငွေရာ … အန်ကယ်ထင်လင်းသမီး ဒေဝီသခင်က အရမ်းကြောက်စရာကောင်းတယ်၊ အဆင့်အတန်း လည်းခွဲခြားတယ် … ခနုကိုပိုပြီးတောင် နှိမ်ချဆက်ဆံနေတယ်”

“ဖူးစာဆိုတာ ဒီလိုဇာတ်လမ်းမျိုးကစတာပဲ … နည်းနည်း တော့ စိတ်ကူးထားနော် ခနု”

“တော်ပါပြီဗျာ”

ခနု ကျောင်းသွားဖို့ ပြင်ဆင်နေသည်။ ပြောမယ့်သာပြောရ တာပါ။ ဒေဝီသခင့်ကို ခနု ချစ်မိနေ၏။ စိတ်ကူးထဲမှာတောင် မဖြစ် နိုင်။ အဆင့်အတန်းချင်းက ကွာခြားလွန်းနေသည်။

“မဖြစ်နိုင်ပါဘူး အန်ကယ်ထင်လင်းက သဘောတူတာ တောင် သခင်က အဖက်မတန်ဘူးဆိုပြီး … ”

သခင်ကို စတွေ့ထဲကပဲ ခနု ချစ်ခင်နှစ်သက်စွဲလမ်းသွားရ သည်။ ကိုယ့်ရင်တွေ ဘယ်လောက်အထိ နာကျင်ရလဲ။ ကိုယ့်ကို ဝပ်ရှော့အလုပ်သမား အောက်တန်းစားတစ်ယောက်အဖြစ်ပဲ မင်း သတ်မှတ်ထားနေတာပါ။ ညီမြီသွင်နဲ့တောင် အောင်သွယ်ပေးမည် ဟု ပြောနေသေး၏။ ဒေဝီသခင့်ကို ဘယ်လိုနည်းနှင့်မှ ရယူပိုင်ဆိုင် ခွင့်မရှိနိုင်ပေ။ ခနု ကျောင်းကိုထွက်လာခဲ့သည်။ ကျောင်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ သခင့်ကားလေးက သူ့ရှေ့မှာ ဝိတ်လျှက်ရပ်သွား၏။ ဒေါ်သတကြီးနှင့် ဒေဝီသခင်က ဆင်းလာသည်။

"မာနမေ့ ..."

"ဟင်"

"နင် ဘာဖြစ်လို့ ဒက်ဒီကို ငါကလိမ်ညာတာပါလို့ ပြောလိုက်ရတာလဲ"

"ကိုယ် မလိမ်တတ်ဘူး ဒေဝီသခင် ... မင်းကိုပြောထားပြီးသားပဲ ကားလဲဖို့ ကိုယ်လုံးဝ မထောက်ခံဘူးလို့ ..."

"တောက် ... နင် ... နင် ... ဒက်ဒီအထင်ကြီးအောင် လာလုပ်ပြမနေနဲ့ ... အထင်မကြီးဘူး၊ နင် ထောက်ခံလို့ ငါကားအသစ်မစီးရတာ ခံပြင်းလိုက်တာ ... ဒက်ဒီက ဒီကောင့်ကို ဘာတွေအထင်ကြီးလေးစားနေလဲ မသိပါဘူး ... ရတယ်လေ ... ငါချစ်သူကို လဲနိုင်းမယ် ... သူက အရမ်းချမ်းသာတာလေ ..."

ဒေဝီ ဒေါ်သတကြီး ပြောဆိုပြီးမှ မှားများမှားသွားပြီလားဟု စိုးရိမ်စိတ်တွေဝင်လာရသည်။ ကောင်စုတ် မနေ ... အေးစက်စက်နှင့် ဘာမှမပြောဘဲ ကျောခိုင်းထွက်ခွာသွားဖို့ ပြင်လိုက်၏။ ဒေဝီ ဒေါ်သတကြီးနှင့် အော်သည်။

"ဟဲ့ကောင် ... ဝပ်ရှော့အလုပ်သမားကများ နင့်ကို ငါသူငယ်ချင်း ညိုမီသွင် ရည်းစားအဖြစ် ငါသဘောမတူဘူး ... နင် ညိုမှီကို မှန်းမနေနဲ့ မရဘူး မှတ်ထား ..."





ကလေးတစ်ယောက်လို ခြေကလေးဆောင့်ပြီး ဒေါ်သတကြီး အော်ဟစ်နေတဲ့ ဒေဝီသခင့်ကို စိတ်မဆိုးတဲ့အပြင် မနေ ပြုံးမိသွားရသည်။ ညိုမီသွင်က မနေကို မကြိုက်အောင်ပြောရင် ကျေးဇူးအများကြီးတင်ကြောင်း ပြန်ပြောလိုက်ချင်၏။ မပြောဖြစ် ... ဒေဝီသခင် ကားအသစ်လဲချင်နေတာကို မနေ ဖျက်သလိုဖြစ်သွားတာ စိတ်မကောင်း ဖြစ်နေရသည်။

"မင်းက အရမ်းဆိုးတဲ့ကောင်မလေးတစ်ယောက်ပါပဲ ဒေဝီသခင် ... အနာဂတ်ကို ကိုယ်တိုက်တွန်းပေးရမလား ... မင်းအန္တရာယ်အတွက် ကိုယ်တားဆီးနေတာပါကွာ"

အတန်းတွေပြီးတော့ ညိုမီသွင်နှင့်သူတို့ ဆုံမိသည်။ ဒေဝီသခင်လည်း ပါလာ၏။ မျက်နှာထားက ရှုတင်းနေသည်။

"သခင်ရာ ... ဒီလောက်ကြီး စူပုတ်မထားစမ်းပါနဲ့၊ မနေကြောင့်လား ... ဒါဆို ကိုချိုတို့ တခြားဝိုင်းပြောင်းထိုင်မယ်"

"ရပါတယ်"

သခင် ထမသွားချင်။ ညိုမီက မနေမှမနေ။ သခင့်စကားကို နားမထောင်ဘဲ မနေကိုချစ်သည်တဲ့။ သခင် ဒေါ်သထွက်နေမိသည်။ ချန်းဖြစ်လိုက်စမ်းပါ။ မိတ်ဆွေအဖြစ်ကတောင် ရပ်ဆိုင်းဖြစ်လိုက်ပါ။ ထိုချိန်က ရှောင်ထွက်သွားဖို့ စကားစလိုက်တာ သိသဖြင့် အမြင်ကတ်ကတ်နှင့် ပေကပ်ထိုင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင်က အိမ်နဲ့ပြသနာတက်လာလို့နော် မနေ … ဟို မနေကို ညိုမီလက်ဆောင်တစ်ခုပေးစရာရှိတယ် မနေလက်ခံနော်"

"လက်ဆောင်တော့ မလုပ်ပါနဲ့ ညိုမီ … ကိုယ်လက်မခံပါရစေနဲ့"

"မရဘူးကွာ လက်ခံရမယ် … ဒီလက်ဆောင်ကလေ ဖေဖေသင်္ဘောထွက်ရင်း အမေရိကားကဝယ်လာတာပါ … ညိုမီကယောကျ်ားပတ်နာရီမျိုးပဲ ကြိုက်လို့လေ … အတော်ပဲ မနေကိုပေးမယ် … ညိုမီ့စေတနာကို လက်ခံပေးပါ၊ မငြင်းပါနဲ့မနေရယ်နော်"

မိညိုမီသွင် … အဖြစ်ကိုသည်းတယ်။ မနေကိုပေးတဲ့ နာရီကနာမည်ကြီးတံဆိပ် တန်ဖိုးကြီးသည်။ မနေ လက်မခံရင် ရှင့်ကိုအမှတ်ပေးမယ်။ အတင်းငြင်းပယ်ဖြစ်ပါစေဟု ဆုတောင်းနေတာ ကိုချိုကဝင်နှောက်၏။ နာရီအား မနေလက်မှာ အတင်းအကြပ်ဝတ်ပေးနေသည်။

"လက်ခံလိုက်ပါ မနေရာ … တော်ကြာ ညိုမီ ရှက်သွားပါဦးမယ်၊ ကိုချို ဝတ်ပေးမယ် … မင်းလက်ခံရမယ်"

မနေလက်မှာ ညိုမီပေးတဲ့ နာရီလေးက အရမ်းကိုလိုက်ဖက်ပနာတင့်နေသည်။ သခင့် ဆုတောင်း မပြည့်တော့ဘူး။ နင်ကိုယ်တိုင်က လိုချင်နေတာ မဟုတ်လား မနေ။ ဟွန်း … မြင်တောင်မြင်ဖူးမှာမဟုတ်ဘူး။ မုန်းလိုက်တာ … နင်သာ လက်မခံချင်ရင် ရှက်



အတင်းပြန်ပေးလို့ရသားပဲ အလကားကောင် … တောသား ယပ်ရှော အလုပ်သမားအတွက် မက်မောစရာပဲ။ ညိုမီက အပြုံးတွေဝေနေသလောက် သခင် ဒေါသထွက်နေသည်။

"ကျေးဇူးတင်ပါတယ် ညိုမီ … အမှတ်တရ ပစ္စည်းလေးအဖြစ် ကိုယ်အမြတ်တနိုး ပတ်ထားပါ့မယ်"

"တောက် …"

"ဟင် … သခင် ဘာဖြစ်လို့လဲ … "

"ဒေါသဖြစ်လို့ပေါ့ ဒေါသဖြစ်လို့ … "

"သခင်"

သူမ ဆတ်ခနဲ ထထွက်လာခဲ့မိသည်။ ခန္ဓာကိုယ်က လေထဲမှာလွင့်မျောပါသွားသလိုလို။ ခြေလှမ်းတွေက ဦးတည်ရာမဲ့နေ၏။ သခင့်စိတ်ကိုပင် သခင်နားမလည်နိုင်တော့။ မနေနှင့်ညိုမီတို့ ချစ်သူတွေဖြစ်သွားမှာကို သခင် မနာလိုဝန်တိုဖြစ်နေမိသည်။ ဒေါသတွေအလိပ်လိုက် အလိပ်လိုက် တက်လာနေ၏။ မနေ အလကားကောင်နိုင်းလုံးပဲ။ နင် လူအထင်ကြီးအောင် လုပ်ပြပြီး မိန်းကလေးဆီက လက်ဆောင်ကို ချူယူတဲ့ကောင်ပဲ။ အောက်တန်းကျတယ်။ ဘာပြောတယ် … အမြတ်တနိုး ပတ်ထားပါ့မယ် ဟုတ်လား … အရှက်မရှိလိုက်တာ။ မနေနှင့်အဝေးဆုံးကို ထွက်သွားချင်နေမိသည်။

~~~

www.burmeseclassic.com
~~~

www.burmeseclassic.com

## အခန်း ( ၇ )

"သား ချမ်းကို မာမီပြောမယ်နော်၊ ဟိုကောင်မလေးဒေဝီသခင့်ကို အရယူပါ ... သားနဲ့လည်းတွဲနေတာပဲ မဟုတ်လား ... ကိုလင်းက ချမ်းသာတယ်၊ မိဘစဉ်ဆက် ချမ်းသာလာကြတာ၊ ဒေဝီသခင် ပိုင်ဆိုင်ရမယ့် အတွင်းပစ္စည်း စိန်ရွှေရတနာတွေက နည်းတာမဟုတ်ဘူး"

ဒေါ်မေသဲနု အသိဆုံးပင်။ ငယ်ငယ်လေးထဲက ကိုထင်လင်းတို့မိသားစု ဘယ်လောက်အထိ ချမ်းသာလည်းဆိုတာ သဲနု အသိဆုံးပဲ။ မိမိကိုတောင် မတူမတန်ဘူးဆိုပြီး သဘောမတူ၍ ဖွတ်အတင်းခွဲပြစ်ခဲ့သည်။ ပြီးတော့ ... သူဌေးသမီးတစ်ယောက်နှင့် လက်ထပ်ပေးလိုက်၏။ သဲနုရင်တွေ ဆတ်ဆတ်ခါ နာကြည်းခဲ့ရသည်။

"မာမီရော ... အဖိုးကြီးကိုအရယူလေ၊ လက်နှေးမနေနဲ့ဦး။ တော်ကြာ ... အချိုကြီးလွတ်မယ်"





"မာမီက ပိုင်ပါတယ် ... ကိုလင်း လှုပ်တောင်မလှုပ်နိုင်ဘူး။ ဒီတစ်ခါတော့ မရဘူးလေ ... အပိုင်ဖမ်းထားတယ်သားရဲ့"

ကိုထင်လင်းက စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး အရှက်အကြောက်ကြီးသူပါ။ သဲနုမှာ ကိုလင်းနှင့်အတူတူ အိပ်စက်ခဲ့တဲ့ ဓိဒီယိုဖိုင်တွေရှိသည်။ ဒါပေမဲ့ ခက်နေတာက စည်းစိမ်တော်တော်များများက ဒေဝီသခင်ရဲ့နာမည်နှင့် ဖြစ်နေ၏။ ဒီဟာမက မိမိကိုလုံးဝမကြည်ပေ။ ပိုင်းလုံးမကြီးဟုပင် သဘောထား သတ်မှတ်နေသည်။

"ဒေဝီသခင်ရဲ့ပိုင်ဆိုင်မှုတွေက ပိုများတယ်သား ... ကိုလင်းတ လည်တယ်၊ သူ့သမီးရှေ့ရေးအတွက် အပြည့်အစုံ စီမံထားတယ်လေ"

"စိတ်ချပါ မာမီရာ ... မင်းချမ်းမြေ့ ဘယ်လိုကောင်မျိုးလဲဆိုတာ မာမီ သိပါတယ်"

"ဟုတ်ပါတယ်သားရယ် ... ဒါပေမဲ့ မကောင်းမှု ဒုစရိုက်အလုပ်တွေနဲ့ စီးပွားမရှာပါနဲ့တော့လား ... ဒေဝီသခင့်ကို အရယူပြီး စည်းစိမ်တွေကို တရားဝင် သိမ်းလိုက်စမ်းပါ"

"အိုကေ ... မာမီ ဘာမှမပူနဲ့၊ ဒေဝီသခင်က မာမီ့ကိုရွံ့ပြီး သားနဲ့တွဲနေတာ၊ တကယ်တမ်းကျတော့ လုံးဝထိလို့မရဘူး၊ မင်းချမ်းမြေ့ကလည်း ဒေဝီသခင်ကို ကြိုးရှည်ရှည်နဲ့လွှတ်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေ … မကြာခင် ဒေဝီသခင်ကို သိမ်းပိုက်ပြမယ်”

“အမြန်ဆုံး ကြိုးစားရမယ်သား … ဒီကောင်မလေးက အကျောတင်းတယ်၊ မာမီ့ကိုလည်း လုံးဝအထင်သေးနေတယ် … မပိုင်သေးလို့ သည်းခံနေတာ … ဒင်းကို အမိဖမ်းပြီး အမှုန့်ကြိတ် စက်ထဲ ထည့်ပြစ်ချင်တယ်”

ဒေါ်မေသဲနု ကြိမ်းဝါးနေမိသည်။ မိမိအပေါ် အထင်သေးစွာ အဖက်မလုပ်တဲ့ဟာမ သားနဲ့တွဲနေတာလဲ သူ့အဖေကိုရွဲ့ပြီး ပတ်သက်ဆက်ဆံနေတာပဲဖြစ်သည်။ သားချမ်းမြေ့ကိုလည်း ကိုလင်းက အထင်သေးနေ၏။ မိမိက သမီးနှင့်လက်ဆက်ဖို့ တောင်းဆိုတာ ငြင်းသည်။

“ဒင်းအဖေကလည်း သားကိုအထင်သေးတယ် … သူ့သမီးနဲ့တွဲနေတာကိုလဲ မကြိုက်ဘူး … ဒါကြောင့် မာမီက သားအဖနှစ်ယောက်လုံးကိုချိုးပြီး တုတ်ပြီး ရိုက်ပြစ်ချင်တာ”

ချမ်းမြေ့လည်းသိသည်။ အန်ကယ်ထင်လင်း ထောက်ပံ့ငွေနှင့်သူ ကြီးပွားချမ်းသာလာခဲ့၏။ ဒါပေမဲ့ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေနှင့်ဆိုတာ အန်ကယ်ထင်လင်း သိထားပြီး ဒေဝီသခင်နှင့်မတွဲဖို့ တောင်းဆိုထားသည်။

“သားသိပါတယ် မာမီရာ … မင်းချမ်းမြေ့ပဲဟာ သခင်ကို စောင့်ကြည့်နေတာပါ … ခွင်က မပိုင်သေးလို့ပါ”





“ကြိုးစား မြန်မြန်လေးလုပ်ရမယ် … မာမီလည်း ကိုလင်းနဲ့လက်ထပ်ဖို့ဟာ သူ့ပိုင်ဆိုင်မှုက နည်းနေလို့ …”

ကိုလင်း လှလည်ကျတာပါ။ သနနှင့်လက်ထပ်ဖို့ သမီးကို စည်းစိမ်ဥစ္စာတွေ လွှဲပြောင်းထားသည်။ မိမိကို မလွှဲသာမရှောင်သာ လက်ထပ်မှာပါ။ အရေးကြီးတာက သားနဲ့ဒေဝီသခင်တို့ လက်ထပ်နိုင်ဖို့ လိုအပ်နေ၏။ လက်လွှတ်မခံနိုင်ဘဲ ဖြစ်နေသည်။

“မာမီ သွားမယ် … သားချမ်းလည်း သတိထားပါနော်”

“သားကိုစိတ်ချပါ … သခင့်ကိစ္စလည်း မပူနဲ့ သားအမြန်ဆုံး ဖမ်းပြမယ် … သားလက်ခုတ်ထဲကရေ ဖြစ်သွားစေရမယ်၊ မာမီသား ပါဗျာ”

မာမီ ထွက်သွားမှ မင်းချမ်းမြေ့ အတွေးထဲမှာ ဒေဝီသခင်တ ဝင်ရောက်လာသည်။

“သခင် … သခင် … မင်းကိုယ်တိုင်လည်း မင်းချမ်းမြေ့ကို အထင်သေးနေတာ မဟုတ်လား … မင်းဒက်ဒီကိုရွဲ့ပြီး ကိုယ့်ကို တွဲပြနေတာပဲ”

မင်းချမ်းမြေ့ စဉ်းစားမိတိုင်း မခံမရပ်နိုင်အောင်ဖြစ်ရသည်။ သခင်ကိုလည်း ချမ်းမြေ့ ချစ်နေမိ၏။ လှပချောမောနေတဲ့ သခင် အလှအပတွေကို ယစ်မူးတွယ်တာနေသည်။

“ဟုတ်တယ် … မာမီပြောသလိုပဲ သခင့်ကိုအမြန်ဆုံး အပိုင်ဖမ်းရမယ် လက်လွှတ်မခံနိုင်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



မာမီကလည်း အန်ကယ်ထင်လင်းကို အရယူ။ ချမ်းမြေ့ကလည်း ဒေဝီသခင့်ကို အရယူမယ်။ ပြီးတော့ ယောက္ခမကြီးရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဦးစီးရုံပဲလေ။

"သခင်နဲ့ချိန်းထားတယ်၊ ဒီညပဲ မင်းလေးကို ကိုယ့်ရင်ခွင်ထဲ အမိအရ ဖမ်းချုပ်သိမ်းပိုက်ရလိမ့်မယ် သခင် ..."

ကြိမ်းဝါးရင်း သခင်တို့ကျောင်းကို ထွက်လာခဲ့မိသည်။ အဆင်သင့်ပင် သခင့်ကို လမ်းဘေးအုတ်ခုံလေးမှာထိုင်နေတာကို တွေ့လိုက်ရ၏။ သခင်မျက်နှာက မကြည်မလင် တစ်ခုခုကို ဒေါသတွေပေါက်ကွဲနေပုံရ၏။ ချမ်းမြေ့ အသာအရာပဲ အနားကပ်သွားသည်။

"သခင်"

"ဟင်"

"တစ်ယောက်ထဲထိုင်ပြီး ဘာတွေမကျေမနပ် ဖြစ်နေရတာလဲကွာ"

သခင့်အနား ဝင်ထိုင်ပြီး တယုတယလေး သူမနဖူးပြင်ပေါ်မှ ဆံနွယ်လေးတွေကို သပ်ပေးရင်း မေးသည်။

"ဖယ်ပါ ... သခင့်ကို အဲဒီလိုမလုပ်ပါနဲ့ မကြိုက်ဘူး"

သခင်က သူ့လက်တွေကို ခပ်ကြမ်းကြမ်း ဖယ်ပြစ်သည်။ ချမ်းမြေ့က အပြုံးမပျက်ခဲ့။ မကြာခင် မင်းလေးက ချမ်းမြေ့ရဲ့ဇနီးမယားအဖြစ် အသုံးတော်ခံရဦးမှာပါ။ မလွှဲမရှောင်သာလို့ မင်းချမ်း





မြေ့ကို တွဲနေရပေမယ့် သခင့်စိတ်ရင်းက အထင်သေးနေတယ်ဆိုတာ ချမ်းမြေ့သိသည်။

"သခင် ဘာတွေ စိတ်ညစ်စရာရှိလို့လဲ ... ညီမိုရော"

"မသိပါဘူး မုန်းလို့ ..."

"ညီမိုကိုလား"

ဓနုကိုဟု ပြောမိတော့မလိုလုပ်ပြီးမှ ထိန်းလိုက်ရသည်။ ဓနုအကြောင်းကို ချမ်းမြေ့သိလို့ မဖြစ်ပါဘူး။ ဒက်ဒီ့ကိုရွဲ့ပြီး ချမ်းမြေ့နှင့်တတွဲတွဲလုပ်နေမိပေမယ့် လုံးဝစိတ်မပါဘူး။ တစ်ခါတရံ နိုက်ကလပ်ကိုသွားမိပေမယ့် ဒက်ဒီ့ကိုအရွဲ့တိုက်ပြတာလောက်ပဲ ရှိ၏။ အခုတလော ချမ်းမြေ့နှင့်တွဲနေရတာကို စိတ်ပျက်မိနေသည်။

"သခင် ဘယ်သွားမလဲ ... ဘာစားချင်လဲ၊ ဘာလုပ်ချင်လဲပြော ..."

"သခင်တစ်ယောက်ထဲပဲ နေချင်တယ်၊ ဒီနေ့ တစ်လောကလုံးကို မကျေမနပ်ဖြစ်နေလို့ ချမ်းမြေ့မပါစေချင်ရင် သခင်နဲ့အဝေးဆုံးမှာနေပါ"

"သခင်ရယ် ..."

မင်းချမ်းမြေ့က ဘယ်လိုကောင်မျိုးလည်းဆိုတာလည်း သခင် သိသည်။ သခင်နှင့်သက်တူရွယ်တူ တက္ကသိုလ်ဝင်တန်းလည်း အောင်ပေမယ့် စီးပွားရေးတွေလုပ်ကိုင်အောင်မြင်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မရိုးမသားအလုပ်တွေ လုပ်နေတာဖြစ်သည်။ သခင် မပတ်သက်ချင်တော့။ အခုတလော မနေအထင်လွဲမှာလည်း သခင့်စိတ်တွေ ထိတ်လန့်နေ၏။ မကြာခင် မနေတို့ထွက်လာတော့မယ်။ မတွေ့စေချင်ပေ။ မနေက သခင့်မှာ ချစ်သူရှိနေတယ်ဆိုတာ မသိစေချင်ပေ။ သခင် ထလိုက်သည်။

"သခင် အိမ်ပြန်တော့မယ် ... ဒီနေ့တော့ ဆောရီးပဲနော် ချမ်းမြေ့ ... "

သခင်ရဲ့အတွင်းစိတ်ထဲမှာ ချမ်းမြေ့ကို မုန်းတီးနေမိသည်။ ဒက်ဒီ့ကို ချူစားနေသည်ဟု ထင်နေ၏။ တစ်ခါတရံပဲ ဒက်ဒီ့ကိုအရွဲ့တိုက်ပြီး တွဲပြတတ်သည်။

"သခင်"

"ဟင်"

"စိတ်ပြေလက်ပျောက် ကလပ်သွားကြမလား၊ မကြာခင် ကိုယ်နဲ့သခင်တို့က မလွဲမသွေ ခွေမျိုးတွေတော်ကြရတော့မယ်လေ ... ကိုယ့်ကိုယုံပါ"

သခင်က သူ့ကိုမကြိုက်ဘူးဆိုတာ ချမ်းမြေ့သိနေသည်။ မင်းကို တမင်လွှတ်ပေးထားတာနော် သခင်။ ဒါကို မေ့လျော့မတွက်နဲ့။ တစ်နေ့တော့ ချမ်းမြေ့အကြောင်း ကောင်းကောင်းသိစေရမယ်။ ချမ်းမြေ့ ပြုံးပြုံးလေးနှင့် သခင်လက်လေးကို ဆုပ်ကိုင်သည်။





"ချမ်းမြေ့နော် ဖယ်ပါ ... သခင် မကြိုက်ဘူးလို့ပြောနေတယ်၊ အိမ်ပြန်မှာ ဘယ်မှမသွားဘူး ... "

သူမကားလေး ရပ်ထားတဲ့နေရာကို လျှောက်လာခဲ့သည်။ ချမ်းမြေ့က နောက်မှကပ်လိုက်လာ၏။ သခင် အိမ်ပြန်မယ်။ ပြီးမှ ထားကိုဖျက်ပြစ်ပြီး ဝပ်ရှော့ကောင် မနေကိုပြင်ခိုင်းမယ်။ ညိုမီပေးတဲ့ လက်ဆောင်နာရီကို ယူလိုက်တာ သခင် လုံးဝမကျေမနပ်ဖြစ်နေရ၏။ ဒေါသတွေလည်း ပေါက်ကွဲနေလေသည်။

"သခင် ... ခဏနေပါဦးကွာ ... ရုတ်တရက်ကြီး ကိုယ့်ကို ဘာဖြစ်လို့ စိမ်းကားသွားရတာလဲ ... ကိုယ်နဲ့သွားလာနေကျပါ"

သခင် ဘာမှတုန့်ပြန်ပြောမနေတော့ဘဲ ကားပေါ်တက်ဖို့ ဖွင့်သည်။

"ဟင်"

သူမ မျက်စိရှေ့မှာပေါ်လာတာက မနေနဲ့ညိုမီတို့ပါ။ ကိုချိုတာ အမြဲတမ်း ရှောင်ပေးနေကျ။ နှစ်ယောက်သား စကားတွေလက်ဆုံကျလျှက် ပူးကပ်လျှောက်လာကြသည်။ စိတ်တွေရှုပ်ထွေးနောက်ကျိသွားရသလိုပင်။ မခံချင်စိတ်တွေ မနာလိုဝန်တိုစိတ်တွေတာ ဘယ်ကနေဘယ်လိုဝင်ရောက်တိုက်ခိုက်လာကြမှန်းမသိ။ မနေထို မုန်းတီးစွာဖြင့် ချမ်းမြေ့ဘက် လှည့်ပြစ်လိုက်သည်။

"ချမ်းမြေ့ ... ရှေ့ကနေသွားနှင့်ပါ၊ ကလပ်မှာဆိုကြမယ်လေ ... သခင် နောက်ကနေ လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား သခင် ... ကိုယ်အရမ်းဝမ်းသာတယ်ကွာ၊ အိုကေ ... ကိုယ်စောင့်နေမယ်၊ ကိုယ်တို့ပျော်ပျော်ပါးပါး ကကြမယ် ဘယ်လိုလဲ ... "

"အင်းပါ"

မနနှင့်ညိုမီတို့က သူမနှင့်နီးကပ်စွာ တွဲလျှက်လျှောက်လာသည်။ သူမကိုတွေ့တော့ ညိုမီက လှမ်းခေါ်၏။ မနနှင့်အကြည့်ချင်း ဆုံမိစဉ် သူမ နှုတ်ခမ်းလေးက စူထော်သွားသည်။

"သခင် ... နေပါဦးဟယ်၊ ဘာဖြစ်သွားရတာလဲ စိတ်ကြီးပဲ"

"ငါသွားတော့မယ် ညိုမီ ... နင်တို့ဟာနင်တို့ လွတ်လွတ်လပ်လပ်သွားကြပါ ... ငါ ချမ်းမြေ့နဲ့ ကလပ်သွားမလို့"

ဒေဝီသခင် ပြောပြီး ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။ သခင် ဘာဖြစ်နေတာလဲ။ မနနှင့်ညိုမီကို မနာလိုဝန်တိုမိ၏။ ဝပ်ရှော့က အလုပ်သမားတစ်ယောက်အပေါ် သူမ သံယောဇဉ်တွယ်နေမိတာ လုံးဝသဘာဝ မကျဘူး။ သခင့်မာနတွေ အရည်ပျော်ကျလု ဖြစ်နေသည်။

"ချမ်းမြေ့နဲ့သွားမယ် ... သခင် အရမ်းစိတ်ရှုပ်ထွေးနေလို့ အပျော်တွေနဲ့ ဆေးကြောရမယ်"

ဒက်ဒီ့ကို အရွှဲ့တိုက်ပြီး ချမ်းမြေ့နှင့်တွဲနေမိသလို အခုတွဲရတာက မနကြောင့်ပဲ။ နင်ကတော့ ညိုမီနဲ့တွဲနေလို့ ပျော်နေတာပေါ့လေ။ ပိုင်းလုံးကောင် ... နာရီလေးတစ်လုံးတောင် မက်မော





နေတယ်။ မှန်းလိုက်တာ ... ကလပ်ကို ရောက်လာသည်။

"သခင် မင်းရောက်လာတယ်နော် ... ဝမ်းသာတယ်ကွာ၊ လာပါ ပျော်ပျော်ပါးပါး ကကြမယ်"

သခင် မပျော်ပေ။ အရင်က ဘာပဲဖြစ်ဖြစ် ချမ်းမြေ့နှင့်ဟန်ဆောင်တွဲမယ်ဆိုတာတောင် စိတ်ပျော်နိုင်သေးသည်။ မနကြောင့်ပဲ ... သူမ နှလုံးသားတွေ နာကျင်ကြေကွဲနေရသည်။

"သခင်"

"ဟင်"

"ဘာစားမလဲ"

"ဟင့်အင်း ... "

"အအေးတော့ သောက်ပါ"

"ကကြမယ်"

"လာ ... "

ချမ်းမြေ့က သူမလက်လေးကို ဆွဲလိုက်သည်။ သခင် ရှန်းဖယ်ပြစ်လိုက်၏။ ဒါပေမယ့်လည်း ချမ်းမြေ့က တင်းကျပ်စွာ ဆုပ်ကိုင်သည်။

"ဘာဖြစ်လို့ ရှန်းနေရတာလဲ သခင် ... ကိုယ်တို့နှစ်ယောက်က သူစိမ်းတွေလားကွာ"

သခင့်ကို အမြန်ဆုံး အပိုင်ချုပ်ကိုင်ဖို့ လိုအပ်သည်။ သခင်က



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ကို လုံးဝအထင်သေးနေ၏။ မင်းက စည်းစိမ်ဥစ္စာတွေ အများကြီး အမွေရမယ့်မိန်းကလေးပဲ။ ချမ်းမြေ့ဆိုတဲ့ကောင် လက်လွှတ်အဆုံးရှုံး မခံနိုင်တော့ဘူး။ ကပွဲဆီသို့ သခင့်လက်လေးကို ဆုပ်ကိုင်ရင်း ဆွဲခေါ်လာခဲ့သည်။ အရင်တုန်းက သခင်နှင့်သူ့ ကာလတွေ သွားခဲ့ရပေမယ့် ကခုန်တဲ့အထိ အခွင့်အရေးမရ။ သခင်က ငြင်းဆန်သည်။

"သခင် မကချင်ပါဘူး ... ဝါသနာလည်း မပါဘူး၊ အအေးပဲ သောက်မယ် ချမ်းမြေ့ပဲ ကပါ"

ဘယ်လောက်ပဲ စည်းရုံးသိမ်းသွင်းပြောပြော ငြင်းသည်။ သခင်က စိတ်မာ၏။ ဘယ်လိုအကြောင်းနှင့်မှ ချမ်းမြေ့ဆန္ဒတွေကို မလိုက်လျောခဲ့။ မင်းကို ကြိုးရှည်ရှည်နဲ့ဆက်လွှတ်ထားလို့ မဖြစ်တော့ဘူး ဒေဝီသခင်။ အိစက်နေတဲ့ ကောင်မလေး မာနတွေတစ်ခွဲသားနှင့် ချမ်းမြေ့က မိန်းကလေးတွေနှင့် အထိအတွေ့များလွန်းကာ အထာနပ်ပြီးသား ဖြစ်သည်။

"မင်းမှာ ဘာတွေများစိတ်သောကတွေရောက်စရာရှိလို့လဲ သခင်ရယ် ... ကိုယ့်ကိုပြောပြပါလား၊ ကိုယ် ကူညီနိုင်တာရှိမလား လို့ပါ"

သခင် ငြိမ်သက်နေသည်။ ဘာမှလည်း မတုန့်ပြန်ခဲ့။ သူ့ရင်ခွင်မှာ မှီတွယ်နားခိုနေတာကိုပဲ ချမ်းမြေ့အတွက် အခွင့်အရေး





ဖြစ်နေသည်။

"သခင့်ကို ကိုယ်ချစ်တယ် ... လက်ထပ်ပါရစေကွာ"

"ဟင်"

သခင် အထိတ်တလန့်နှင့် ချမ်းမြေ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်မိသည်။ သခင့်မှာ ချစ်သူရှိပါတယ်။ နေလေ ... မနေ မျက်ရည်တွေက ဝဲချင်နေ၏။ နေလိုကောင်ကို သခင် ဘာဖြစ်လို့အောက်ကျနောက်ကျဖြစ်နေရတာလဲ။ သခင်ဆက်ပြီး မကချင်တော့ပေ စိတ်ညစ်လာသည်။

"သခင်"

"ဆောရီးနော် ချမ်းမြေ့ ... တော်ပြီ သခင်ဆက်ပြီး မကချင်တော့ဘူး ... ပြန်ချင်တယ်"

"သခင် အဲဒီလို မလုပ်ပါနဲ့၊ ကိုယ်တို့ဆွေးနွေးကြမယ် ... မပြန်ပါနဲ့ဦးကွာနော်"

ချမ်းမြေ့ လက်တွေက သူမခန္ဓာကိုယ်လေးအား အတင်းအကျပ်ပွေ့ဖက်ထားသည်။

သခင်ရုန်းထွက်ပြစ်လိုက်၏။

ဒါပေမဲ့လည်း အင်အားတွေ ကင်းမဲ့သွားသလို ချမ်းမြေ့ရင်ခွင်ထဲ လဲပြိုကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"မောင်ခနဲ ... အန်ကယ့်ကို တစ်ခုကူညီပါဦး၊ သမီးလေး ဟိုချမ်းမြေ့ဆိုတဲ့ကောင်လေးနောက် လိုက်သွားတယ် ဖုန်းလည်း ဝိတ်ထားတယ် ... ရှာပေးပါကွာ ... "

ဒေဝီသခင်နှင့်မင်းချမ်းမြေ့ တွေ့ဆုံကြတာ ခနသိသည်။ ညီမိနှင့် လမ်းခွဲပြီး ပြန်လာခဲ့ရပေမယ့် သခင့်အတွက် ခနစိတ်ပူခဲ့ရသည်။ ညီမိပြောတာတော့ ခနကို မပတ်သက်ဖို့တားတာ ညီမိက လက်မခံလို့။ သခင်က ဒေါသထွက်နေသည်ဟု ပြောခဲ့၏။ ဒေဝီသခင်နောက်သို့ ခန မလိုက်လိုပေ။

"ခနနဲ့ဒေဝီသခင်က လုံးဝပတ်သက်ဆက်ဆံလိုတာ မဟုတ်ပါဘူး အန်ကယ် ... မလိုက်ပါရစေနဲ့နော်"

"အန်ကယ်နဲ့ပဲ လိုက်ခဲ့ပေးပါ ခန ... အကူအညီတောင်းတာပါ မင်းချမ်းမြေ့ကို အန်ကယ် မယုံဘူး ... "

"ဒေဝီသခင် ဘယ်မှာရှိတယ်ဆိုတာ အန်ကယ်သိလို့လား"





"သိတယ် ... နိုက်ကလပ်ထဲကို မင်းချမ်းမြေ့နဲ့ဝင်သွားတယ်လို့ သတင်းရတယ် ... ခန လိုက်ခဲ့ပါ"

"အဖော် လိုက်ပေးပါဆိုရင်တော့ ကျွန်တော် ကားလိုက်မောင်းပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ခနရယ် ... အန်ကယ်ရင်တွေ မီးတောက်နေပြီ ... မင်းချမ်းမြေ့အကြောင်း အန်ကယ် အသိဆုံးပဲ"

ဦးထင်လင်းကြောင့် သမီးလေးဘဝ ရေတိမ်မှာနစ်ရတော့မည်။ သမီးစိတ်ရင်းက ဆိုးသွမ်းသူတစ်ယောက်မဟုတ်။ မိမိနှင့်သဲနုတို့ ပတ်သက်ဆက်ဆံခဲ့တာသိပြီး ထင်ရာစိုင်းလာခဲ့သည်။ သဲနုရဲ့သား မင်းချမ်းမြေ့က မကောင်းမှုဒုစရိုက်တွေအားလုံးလုပ်သူဖြစ်၏။ အစက မိမိ မသိပေ။ အရင်းအနှီး ထုတ်ပေးလိုက်မှ မင်းချမ်းမြေ့ ဘာတွေလုပ်နေလည်းဆိုတာ သိလာရသည်။

"သမီးက မင်းချမ်းမြေ့ကို မကြိုက်ဘူးခန ... အန်ကယ့်ကြောင့်ပဲ တမင်အရွဲ့တိုက်ပြီး တွဲနေတာလေ"

"ဗျာ"

ခနအား မိမိအကြောင်းတွေကို ပြောပြလိုက်သည်။ ခနကို ယုံစိ၏။ တည်ကြည်ခန့်ညားသည့်ယောက်ျားအဖြစ်ပါ မိမိမှာလည်း အားကိုးတကြီး တိုင်ပင်စရာမရှိခဲ့။ မိမိလုပ်ရပ်တွေ မှားယွင်းသွားတာ ရှက်စရာကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေသဲနုကို သမီးက လုံးဝကို မနှစ်သက်တာပါ ... အန်ကယ်ကို တားတယ် ... အန်ကယ်လည်း ငယ်ချစ်ဦးဖြစ်ခဲ့လို့ ကျွံသွားမိတယ် မနေ ... "

အဖြစ်အပျက်တွေက နောက်ဆုတ်၍မရ ကျွံနေပြီ။ သဲနုက လက်ထပ်ဖို့တောင်းဆိုနေပေမယ့် မိမိစည်းစိမ်ဥစ္စာ အတော်များများကို သမီးဘဝရှေ့ရေးအတွက် စီမံပေးနေ၍ ငြင်းပယ်ထားရသည်။

"သဲနုက အရင်ကနဲ့မတူတော့ဘဲ စရိုက်တွေကြမ်းတမ်းလာတယ်၊ လောင်းကစားတွေလည်း လုပ်တယ်၊ အန်ကယ့်ကို အရှက်သိက္ခာမဲ့အောင် လုပ်မယ်ဆိုတာ အန်ကယ်သိတယ် ... အန်ကယ်ကတော့ လက်ထပ်ဖို့စဉ်းစားထားပါတယ်"

သမီးကို နေလက်ထဲအပ်ဖို့ မိမိဆန္ဒရှိနေသည်။ နေကို စိတ်ချ၏။ အရည်အချင်းရှိတဲ့သူပါ။ မဖြစ်ဘူး ... သမီးကိုလွှတ်ထားလို့ မဖြစ်တော့ဘူး။ သဲနုကို လက်ထပ်ပြီးရင် သမီးဘဝထဲကနေ မိမိထွက်ရမည်ဖြစ်၏။ သဲနု လက်ဝါးကြီးအုပ်တာတော့ မိမိလက်ခံနိုင်။ ရင်တွေပူနေသည်။

"ကလပ်ကိုရောက်ပြီး အန်ကယ် ဘာဆက်လုပ်မလဲ ... မနေ ပဲ အထဲကိုဝင်ရမလား၊ အန်ကယ် နေခဲ့ပါ၊ လူကြီးဆိုတော့ မြင်လို့ မကောင်းဘူး"

"ကောင်းပါတယ် ... မနေပဲဝင်ပါ"





"အန်ကယ် စိတ်အေးအေးနေပါ၊ သခင့်ကို ကျွန်တော်အရ ခေါ်လာခဲ့ပါ့မယ်"

မနေ ကလပ်ထဲဝင်သွားသည်။ သခင် ဘယ်ရောက်နေလဲ။ တစ်ယောက်ချင်းကြည့်၏။ မတွေ့ ... မီးရောင်မှိန်ပြပြအောက်မှာ သခင် ဘယ်လိုလှုပ်ရှားသက်ဝင်နေလဲ။ မင်းအရမ်းဆိုးတဲ့ကောင်မလေးပဲ။ အန်ကယ်ထင်လင်းကို မကျေနပ်လို့ အရွဲ့တိုက်တာတဲ့။

"အန်ကယ်ကတော့လေ မင်းချမ်းမြေ့ကို တရားစွဲမယ် ... သမီးက အသက်မှမပြည့်သေးတာ၊ ဒီကောင် ယုတ်မာလွန်းတယ်၊ သူ့အမေမျက်နှာကိုတောင် မထောက်ဘူး"

အန်ကယ်ပြောတဲ့စကားတွေအရ မင်းချမ်းမြေ့ကတော့ အခွင့်အရေးရသည်နှင့် သခင့်ဘဝကို ခြေမွဖျက်ဆီးဝါးမျိုဖြစ်လိုက်တော့မှာ သေချာသည်။ သူလည်း စိတ်ပူမိနေ၏။ သခင် ဘယ်မှာလဲ။ မင်းချမ်းမြေ့ကိုလည်း မတွေ့ရ၊ ဒီကလပ်ထဲမှာရှိတာမှ ဟုတ်ရဲ့လားလို့ တွေးမိသည်။ သူ ဝိတ်တာကောင်လေးတစ်ယောက်အနားကပ်သွားပြီး စပ်စုမေးမြန်းလိုက်သည်။

"ကိုမင်းချမ်းမြေ့လား ... စောစောကပဲ ဒေဝီသခင်နဲ့တွဲပြီး ပြန်ထွက်သွားတယ် ... ဒေဝီသခင် မူးသွားလို့ထင်တယ်"

"ဟင် ... ဘယ်ကိုသွားတာလဲ"

"အဲဒါတော့ မသိဘူး"

"မောင်ရင်ကူညီပါ ... အရေးကြီးတယ်နော်၊ အပြင်မှာ သူ့



www.burmeseclassic.com

www.burmeseclassic.com



အဖေစောင့်နေတယ် ... တော်ကြာ ရဲတွေဘာတွေခေါ်ပြီးရှာရင် မကောင်းဘူး ... မင်းချမ်းမြေ့ ဘယ်သွားတတ်လဲ ပြောပြပါ ... ဒေဝီသခင်အတွက် စိတ်ပူနေကြတယ်၊ မင်းချမ်းမြေ့က ဘယ်လို ကောင်မျိုးလည်းဆိုတာ သိတယ်မဟုတ်လား"

"သိ ... သိပါတယ်၊ ကျွန်တော် သိထားတာကတော့ ဟိုတယ်တစ်ခုကိုပဲ ... "

"ဘယ်ဟိုတယ်လဲ ပြောပါ ... "

ဝိတ်တာကောင်လေးက ဒေဝီသခင့်ကို ခေါ်သွားတဲ့ ဟိုတယ်နာမည်ကို ပြောပြသည်။ ကလပ်ထဲကနေ သူပြန်ထွက်လာခဲ့ပြီး အန်ကယ်ကို အကျိုးအကြောင်းပြောလိုက်၏။ ထိန်းပြီးပြောရသည်။

"လူသိရှင်ကြားလုပ်လို့တော့ မဖြစ်ဘူးထင်တယ် အန်ကယ် စိတ်ချပါ ... ကျွန်တော် ကြည့်ရှင်းခဲ့ပါ့မယ် ... အန်ကယ် ပြန်ပါ"

"ဟင်"

"စိတ်ချပါ အန်ကယ် ... လူသိရှင်ကြားလုပ်ရင် ဒေဝီသခင် အရှက်သိက္ခာကို ငဲ့ရပါ့မယ်၊ အန်ကယ်ပြန်ပါ ... ခနဲ့ တာဝန်ယူပါတယ်"

အန်ကယ်ထင်လင်းက အဝှားကားနှင့်ပြန်ပြီး သူ့ကိုကားပေးလိုက်သည်။

"သခင် ... မင်းဘယ်ဘဝရောက်နေပြီလဲကွာ"





သခင် မူးနေတယ်ဆိုတော့ မင်းချမ်းမြေ့ ခေါ်ခဲ့တာလား ပဲ။ ခနဲ့ စိတ်ပူလာသည်။

"မင်း ဘာဖြစ်လို့လုပ်ချင်တာတွေ လုပ်နေရတာလဲ သခင် ရာ"

သခင်က အလိုတူအလိုပါနှင့် မင်းချမ်းမြေ့နဲ့လိုက်သွားတာ သား။ သူ့ကိုတွေ့လျှင် အဖက်မတန်သလို နှိမ်ချပြောဆိုဆက်ဆံနိုင် သည်။ မတတ်နိုင်တော့ဘူး။ မင်းအသက်မှ မပြည့်သေးတာဘဲ။ မင်း အခုဒီ အရမ်းစိတ်ပူနေပြီ။ မင်းချမ်းမြေ့ လာတတ်တဲ့ ဟိုတယ်ရှေ့ မှာ သူ့ကားလေး ရပ်သွားသည်။

"သခင့်ကို ကယ်တင်ရမယ် ... အန်ကယ်ထင်လင်း ပြော တာတော့ မင်းချမ်းမြေ့ကိုတွဲတာ ချစ်သူအဖြစ်မဟုတ်ဘူးတဲ့ သူ့ကို တာတဲ့ ... မင်းမုန်းချင်မုန်း ချစ်ချင်ချစ် ကိုယ်ကတော့ မင်းကို ယ်ရမယ် သခင် ... "

ခနဲ့ နှလုံးသားတွေက သခင့်ကို စတင်မြင်တွေ့ထဲက နှလုံး သားထဲမှာ စူးနစ်အောင် ချစ်ခဲ့မိသည်။ သခင့်ဘဝ မနစ်မွန်းစေရန် နဲ့ ကူညီဖို့ ဆုံးဖြတ်ပြီး ဟိုတယ်ထဲ ဝင်လာခဲ့၏။ စုံစမ်းရေးမှာ စုံ စမ်းတော့ ဒေဝီသခင် ရှိနေသည်။

"တံခါးဖွင့်ပေးပါ ဒေဝီသခင်ကို ပြန်ခေါ်သွားရမယ် ... သက်ဆိုင်ရာနဲ့ မဖွင့်ချင်လို့ပါ ... "



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မန်နေဂျာက ဖွင့်ပေးဖို့ သဘောတူလိုက်သည်။ ဒေဝီသခင်ရှိနေတဲ့ အိပ်ခန်းရှေ့ရောက်တော့ မန်နေဂျာက တံခါးခေါက်လိုက်၏။ မဖွင့်ပေ ... အရေးကြီးလို့ပြောမှ တံခါးကပွင့်လာသည်။

"ဟင် ... မင်း ... မင်းဘယ်သူလဲ"

"ငါ ဘယ်သူလဲဆိုတာ မင်းသိစရာ မလိုပါဘူး ... ဒေဝီသခင့်ကို ငါခေါ်သွားရလိမ့်မယ်"

"မခေါ်သွားရဘူး ... မင်းကဘာလဲ ထွက်သွားပါ။ ဒေဝီသခင် နဲ့ငါက ချစ်သူတွေကွ ... ဘာဝင်ရှုပ်ချင်ရတာလဲ နာချင်လို့လား"

"အန်ကယ်ထင်လင်း ခေါ်ခိုင်းတာပဲ ... မင်းမယုံရင် ဖုန်းဆက်ကြည့်လိုက်လေ ... ဒေဝီသခင်က အသက်မပြည့်သေးဘူး ပြသနာ မတက်ချင်ရင် အေးအေးဆေးဆေး ထည့်လိုက်ပါ"

"မင်း ... မင်း ... "

နေကို ဆွဲထိုးဖို့ပြင်နေတာကို ဂရုမစိုက်ဘဲ နေ အိပ်ခန်းထဲ ပြေးဝင်လာသည်။

"ဟင် ... ဒေဝီသခင်"

သူမခန္ဓာကိုယ်မှာ အဝတ်အစားတွေက ဗလာကျင်းနေသည်။ အိပ်ပျော်နေပြီး နေ ဘာမှစဉ်းစားမနေတော့ဘဲ စောင်နှင့်





သတ်၍ သခင်ခန္ဓာကိုယ်လေးအား ပွေ့ချီထွက်လာခဲ့သည်။

"ဟောကောင် ... မင်း ဘာကောင်လဲ သခင်သတိရလာရင် မင်းကို အသေသတ်လိမ့်မယ် ... သခင်က ငါ့ချစ်သူကွ"

"ဒေဝီသခင်ကို ခေါ်သွားပြီ ... အေးအေးဆေးဆေးနေပါ"

ဒေဝီသခင့်ကို သူ့ကားပေါ်သွင်းပြီး လဲလျောင်းနေစေသည်။ ဒိုးစံအတိုင်းကြီးနှင့် ဖခင်ထံခေါ်ဆောင် မသွားလိုပေ။ သူဖုန်းဆက်လိုက်သည်။

"အန်ကယ် စိတ်အေးပါတော့ ... ဒေဝီသခင် ကားပေါ် ရောက်နေပြီ၊ ဒေဝီသခင် ဒေါကန်နေလို့ အန်ကယ့်ကိုလည်း စကားပြောဘူးတဲ့ ... ကျွန်တော် ကားလျှောက်မောင်းပြီး စိတ်ပြေသွားအောင် ချော့ချင်ပါတယ်"

"မနေသဘောပါပဲ ... သမီးကို မနေလက် အပ်ထားတာလေ၊ သမီး ဘာအန္တရာယ်မှတော့ မရှိပါဘူးနော်"

"မရှိပါဘူး ... ကျွန်တော် ဟိုတယ်ညေ့ခန်းမှာတွေ့တာပါ၊ နောက်ပြသနာနောက်မှရှင်းဆိုပြီး ကားမောင်းထွက်လာခဲ့တယ်၊ မင်းချမ်းမြေ့ဆီလည်း ဖုန်းမဆက်ပါနဲ့ ... မသိချင်ယောင်ဆောင်ပေးပါလား"

"ဟုတ်ပါပြီ ... မနေရယ် ... မင်းကိုပဲ အားကိုးပါတယ်၊ အန်ကယ်အနားမှာနေပြီး စောင့်ရှောက်ပေးပါဦး"

"ဟုတ်ကဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



သူဖုန်းကို ပိတ်လိုက်သည်။ ဒေဝီသခင်ကတော့ အိပ်နေ ပင်။ စောင်ပတ်ထားရတဲ့ အခြေအနေက မကောင်းမှန်း မနေသိ ၏။ သခင် နိုးလာရင် အန်ကယ်ထင်လင်း အကူအညီတောင်း ကူညီရကြောင်း ရှင်းပြရမှာပဲ။ သူမ ဆေးပျယ်တဲ့အထိ ကားထိုး ပြီး အိပ်စက်စေသည်။

"သခင် မင်းသတိရလာရင် ကိုယ့်ကိုရန်လိုစွာပြောဆိုဦး လား ... မတတ်နိုင်ဘူးကွာ၊ ကိုယ်ကတော့ ဝင်ရှုပ်တာမဟုတ် မယ့် လုပ်သင့်လုပ်ထိုက်တာ လုပ်တာလို့ပဲ သတ်မှတ်တယ်"

အသိတွေကင်းမဲ့နေတဲ့ သခင်မျက်နှာလေးက အပြစ်ကင်း စင်နေသည်။ မျက်တောင်ကော့လေးတွေက သိသာစွာ ကော့ပျံ ၏။ ဖွးစင်နေတဲ့ မျက်နှာချောချောလေးကို သူငေးမောကြည့်မိသွား သည်။

"သခင်ကလေ မနေကို အထင်သေးလွန်းတယ် ... ညိုမီ လုံးဝမပတ်သက်ရဘူးတဲ့လေ ... လက်မခံနိုင်ဘူးဆိုတော့ ခေါ တွေပေါက်ကွဲတော့တာပဲ"

ညိုမီက ပြောပြခဲ့သည်။ သခင်က မနေကိုဝပ်ရှော့အလု သမားအဖြစ် အထင်သေးနေ၏။ မနေ သိပါတယ် ... ဒါပေမဲ့ မ နှလုံးသားထဲမှာ အချစ်ဆိုတာကတော့ ဘယ်လိုမှ ဆွဲနုတ်လို့ မ တော့တဲ့ စူးနစ်နေတဲ့ ဆူးတစ်ချောင်း ဖြစ်နေသည်။

"ကျွန်တော် ညိုမီပေးတဲ့လက်ဆောင်ကို မယူပါရစေ



ကျေးဇူးပြုပြီး ပြန်လက်ခံပေးပါနော် ... ကိုချို့နဲ့သခင်တို့ သိစရာ မလိုပါဘူး ... သူတို့ရှေ့မှာ မငြင်းချင်လို့ ပြန်ပေးတာပါ"

ညိုမီပေးတဲ့လက်ဆောင်နာရီကို မနေပြန်ပေးလိုက်သည်။ မိန်းကလေးတစ်ယောက်ဆီကနေ ဘာလက်ဆောင်ပစ္စည်းမှ မယူ လိုပေ။ တောင်းပန်ပြီး ပြန်ပေးရ၏။ ညိုမီကို မိတ်ဆွေတစ်ယောက် အဖြစ်ပဲ နေဆက်ဆံနိုင်မည် ဖြစ်သည်။ သူလမ်းဘေးမှာ ကားရပ် လျှက် အိပ်ပျော်သွား၏။ မနေ သတိရသောအချိန်တွင် သခင်လူးလွန့် နေသည်။

"အင်း ... အား ... ကျွတ် ... ကျွတ်"

သခင် နိုးထလာပြီ။ သူ ဘယ်လိုရင်ဆိုင်ရမလဲ။ ရင်တွေ တထိတ်ထိတ်တုန်ယင်လာရ၏။

"အား ... အင်း ..."

"ဒေဝီသခင် မင်းသတိရလာပြီလား"

"အင်း"

သခင် အဝေးကြီးကနေပြေးလွှားလာရယင်း အင်အားတွေ ကုန်ဆုံးနေသလိုလို မောပန်းနေသည်။ သူမနာမည်ကို ခေါ်လိုက် သည့်အသံကြောင့် သတိဝင်လာပြီး သခင်ဘယ်ရောက်နေလဲဟု အသိဝင်လာပြီး မျက်လုံးတွေကို ဖွင့်ကြည့်လိုက်သည်။

"သခင် ... သတိရပြီလား ဒေဝီသခင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် ... ရှင် ဘယ်သူလဲ၊ ကျွန်မ ဒီကိုဘယ်လိုလုပ် ရောက်နေရတာလဲ"

သူမ အထိတ်တလန့်နှင့်ထလိုက်စဉ် ခြုံထားတဲ့ဆောင်ဘ ကွာကျသွားသဖြင့် သူမ ပြန်ကြည့်ပြီး ရှက်ကြောက်စိတ်တွေနှင့် တုန်လှုပ်ချောက်ချားသွားရသည်။

"နင် ... နင် ခနု ... ငါ ... ငါ"

"စိတ်ကိုအေးအေးထားပါ ဒေဝီသခင် ... စောင်ကိုလည်း မြန်မြန်ပတ်လိုက်ပါဦး"

"ဟင်"

သွားပါပြီ ... သခင်ခန္ဓာကိုယ်က ဖရိုဖရဲနှင့် ရှက်လို့သေ တော့မယ်။ ခနုပဲ ... သူ ... သူက ဘယ်လိုဖြစ်ပြီး သခင်အနား ရောက်နေရတာလဲ။ ပြီးတော့ ... ကားက ဒက်ဒီ့ကားပါ။

"မင်းအတွက် အဝတ်အစား သွားဝယ်ရမယ် သခင် ... စိတ် အေးအေးထားပါ၊ ပြန်အိပ်လိုက်ဦး ... အဝတ်အစားလဲပြီးမှ ကိုယ် ရှင်းပြပါ့မယ်"

သူက ကားကိုမောင်းထွက်သွားသည်။ သခင် ရှက်လိုက် တာ။ ဒက်ဒီကြောင့် ခနုရောက်လာတာပဲ ဖြစ်နိုင်တယ်။ ဘုရားရေ သခင်နဲ့ မင်းချမ်းမြေ့တို့ အသိတွေဝင်လာပြီး သခင် ဆောက်တည် ရာမရအောင် တုန်လှုပ်သွားရသည်။

"ချမ်းမြေ့ လူယုတ်မာ ... သခင့်ကို ဆေးခတ်ပြီး အအေးကို





ဆောက်ခိုင်းတာပဲ"

သူမ ထနေရင်း မူးဝေလာပြီး သူ့ရင်ခွင်ထဲ လဲပြိုကျသွားတာ ပဲ သတိရသည်။

"သွားပါပြီ ... သေချင်တယ် ... ခနု ဘယ်ကနေ သူမကို ခေါ်လာတာလဲ မမှတ်မိတော့ဘူး"

သခင် ဘယ်အခြေအနေရောက်သွားပြီလဲဆိုတာ စဉ်းစား ရေး ခနု ဘာကြောင့်ရောက်လာရတာလဲ။ သခင်ဘဝပျက်ရပြီထင် တယ်။ မင်းချမ်းမြေ့ရဲ့ အစော်ကားခံလိုက်ရပြီလား။ သေပြစ်ချင် လောက်အောင် ရှက်နေမိသည်။

ကဲ့ကဲ့ကဲ့

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

သခင် အဝတ်အစားတွေလဲသည်။ ဘာပဲဖြစ်ဖြစ် မနေကို တော့ စိတ်ထဲကနေကြိတ်ပြီး ကျေးဇူးတင်မိနေသည်။ မနေရှိနေလို့ ပေါ့။ သူမမှာ အားကိုးရာဖြစ်နေရ၏။ မင်းချမ်းမြေ့ရဲ့ ယုတ်မာ ကောက်ကျစ်မှုကိုခံရတာ သခင်ရှက်သည်။

"ဒေဝီသခင် မင်းဖြစ်ပျက်ခဲ့တာတွေ အန်ကယ်မသိရင် ကောင်းမယ် ... မင်းအတွက် အရမ်းစိတ်ပူနေတယ်"

အဲဒါ ဒက်ဒီ့ကြောင့်ပဲ။ သခင် အရွဲ့တိုက်ယင်း မှားယွင်းသွား ရသည်။ ဒီလောက်အထိတော့ ဒက်ဒီကို မပြောပြချင်ပေ။

"ပြန်ကြမယ် သခင် ..."

"အင်း"

"လောကကြီးမှာ ဒီလိုအဖြစ်အပျက်မျိုးတွေ ဖြစ်တတ်တယ် လေ ဒေဝီသခင် ... ဆင်ခြင်ပါ"

"ဟွန်း"





ဆရာကြီး လာလုပ်နေသည်။ ရှင့်အပူလားဟု ပြန်မေးဖြစ် လို့ အမှားလုပ်တဲ့သူက သူမ ဖြစ်နေသည်မဟုတ်လား။ မျက် နှာကောင်းလေးပဲ ထိုးပြစ်လိုက်၏။ အိမ်ပြန်ရောက်လာတော့ ဒက်ဒီက အပြုံးတွေနှင့် ဆီးကြိုနေသည်။

"သမီးလေးကိုတွေ့မှပဲ စိတ်အေးရတော့တယ် သခင်ရယ်၊ ဒက်ဒီ ဘယ်လောက်စိတ်ပူနေရလဲ ... မောင်မနေကိုလည်း ကျေးဇူး တင်ပါတယ်"

"ရပါတယ် အန်ကယ် ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ် ... နောက်လည်း သခင်ကို စောင့် ရှောက်ပါ မနေ ... အပ်ပါတယ်"

"ဟုတ်ကဲ့"

မနေ ပြန်သွားသည်။ မနေရဲ့တည်ကြည်ရိုးသားမှုကို သခင် သတိအမှတ်မပြုဘဲ မနေနိုင်တော့။ မနေပြန်တော့လည်း သခင် ရင် ထဲမှာ ဟာတာတာကြီးပဲ။ ဒက်ဒီကနောက်အချိန်မတော်ကြီး အပြင် ထွက်နေဖို့ တောင်းဆိုနေသည်။

"သမီးလေးအတွက် ဒက်ဒီစိတ်ပူတယ်၊ မင်းချမ်းမြေ့ကို ဒက်ဒီ မယုံဘူး"

"ဒေါ်မေသဲနုကိုတော့ ဒက်ဒီယုံကြည်တယ်ပေါ့လေ"

"သမီး ... ဒက်ဒီတောင်းပန်ပါတယ်ကွာ၊ သဲနုကို ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲလို့မဖြစ်တဲ့အကြောင်းတွေ ရှိလို့ပါ"

"ဘာအကြောင်းတွေလဲ ဒက်ဒီ ... ငယ်ရည်းစားမို့လို့လား"

"တော်ပါတော့ သမီးရယ် ... အဟွတ် ... ဟွတ်"

"ဒက်ဒီ"

"အဟွတ် ... ဟွတ်"

အခုတလော ဦးထင်လင်း ချောင်းတွေ အဆက်မပြတ်ဆိုးနေပြီး ကျောထဲမှလည်း အောင့်သည်။ ချောင်းဟတ်လိုက်တိုင်းသွေးက ပါချင်၏။ သမီးကို မပြောပြချင်။ ဆေးစစ်ဖို့လည်း စိတ်ကူးရှိပေမယ့် မသွားဖြစ် မော်သည်။

"တော်ပါပြီ ဒက်ဒီ ... မင်းချမ်းမြေ့ကိုလည်း သခင် လုံးဝမပတ်သက်တော့ဘူး ... အရွဲ့လည်း မတိုက်ချင်တော့ဘူး၊ ကျန်တာကတော့ ဒက်ဒီသဘောပါပဲ ..."

"သမီး"

"သမီး အနားယူချင်ပြီ"

"ဒက်ဒီပြောစရာရှိတယ် ... အဲဒါက မောင်ခနကို သားအဖြစ်မွေးစားမလို့"

"ဟင်"

ဒက်ဒီကို ဆတ်ခနဲမော့ကြည့်မိသည်။ ခနကို မွေးစားမယ်တဲ့။ ခနကရော လက်ခံလား။ ဒီကောင်က ဒက်ဒီကိုကပ်နေတာ





မျှော်လင့်ချက်တွေကြောင့်ပဲလား။ သခင် လက်ခံချင်နေ၏။ ဒါပေမဲ့ မာနတော့ အထိမခံနိုင်။ ဝပ်ရှော့စက်ပြင်ကလာပြီး ဆရာကြီးလုပ်မှာ မလိုလားနိုင်။ သခင် ငြင်းပယ်ကန့်ကွက်လိုက်သည်။

"အဲဒါတော့ မဖြစ်ဘူးထင်တယ် ဒက်ဒီ ... စက်ပြင်သမားကို သခင်က အစ်ကိုတော်ရမှာလား၊ ကန့်ကွက်တယ် မရဘူး"

"ထပ်ပြီးစဉ်းစားပါဦး သမီးရယ် ... ခနဘက်ကလည်း လက်ခံသေးပါဘူး၊ ခနမှာ အဖေရှိတယ်လေ ... ခနက သူ့ခြေထောက်ပေါ်ရပ်တည်ချင်တယ်၊ ငြင်းပြစ်တယ်လေ ..."

"အလကားပါ ... ခင်းက ဒက်ဒီကိုကပ်နေတာ ရည်ရွယ်ချက်ရှိရှိကပ်တာပါ အထင်မကြီးနဲ့ ..."

"ခနကို ဒက်ဒီအကြာကြီး ခင်မင်ပြီး အနီးကပ်လေ့လာခဲ့တာပါ ခနကို ယုံတယ် ..."

"သခင် အနားယူတော့မယ်"

"အဟွတ် ... ဟွတ် ... အဟွတ်"

"ဒက်ဒီကတော့ အနီးကပ်ပြုစုပေးဖို့ ဘဝလက်တွဲဖော် လိုအပ်နေပြီထင်တယ် ... ချောင်းတွေ ဆိုးပြနေတယ်လေ"

"သမီး ... အဟွတ် ... အဟွတ်"

"အဟွတ်"

"ဟွတ်"

သမီးက အိပ်ခန်းထဲတန်းဝင်သွားသည်။ မိမိကို ခနဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ဟု စွပ်စွဲကာ မသိသလိုလုပ်သွား၏။ ဒက်ဒီအမှားပါကွယ်။ မေသဲနုနဲ့ ပြန်ဆက်မိတာ ဒက်ဒီ နောင်တရနေပါတယ်။ ဒါပေမဲ့ စွန့်ခွာထားခဲ့ဖို့ဆိုတာ ဒက်ဒီအမှားကြီး ရင်နင့်ပေးဆပ်ရလိမ့်မယ် ထင်တယ်။ မေသဲနုက ကြောက်စရာကောင်းသည်။

"သဲနုသားနဲ့ ဒေဝီသခင့်ကို လက်ထပ်ပေးလိုက်ရင် အားလုံး အဆင်ပြေမယ်နော် ကိုထင် ... ဘယ်လိုလဲ စီစဉ်ကြရအောင်ပါ။ သဲနုနဲ့ကိုထင်ရော လက်ထပ်ကြမယ်လေ ... သဲနုကို စွန့်ပြစ်မယ်လို့တော့ မကြံစည်နဲ့နော်၊ သဲနုက ရက်စက်စရာရှိရင် ကမ်းကုန်အောင် ရက်စက်ပြစ်မှာ"

မေသဲနုက ပိုင်းလုံးဖြစ်နေသည်။ ယခင်ကလို မဟုတ်တော့။ မိမိကို အမိအရချုပ်ကိုင်ဖို့ ကြံစည်ကြိုးစားနေ၏။ မိမိမှာ ရောဂါ တစ်ခုခုတော့ရှိနေပြီထင်တယ်။ အဖျားကလည်း တငွေ့ငွေ့နှင့် ကျောထဲက သိသိသာသာ စူးအောင့်နေသည်။

"မောင်ခနကို တိုင်ပင်ရမယ် ... မဖြစ်ဘူး ... သမီးကိုစောင့် ရှောက်ပေးဖို့ ခနလက်ထဲ အပ်ရမယ်"

"အဟွတ် ... အဟွတ်"

"အဟွတ်"

သမီးအခန်းထဲမှာ ငြိမ်သက်နေသည်။ မိမိဆက်နေလို့ မရ တော့။ သမီးကို မိမိရောဂါအကြောင်း ဖွင့်မပြောပြချင်။ သမီး ယုံ ပေးပါ့မလား။ မိမိ သေပြစ်ချင်တယ်။ သမီးရှေ့ရေးအတွက်ပါ။ ခေ





သဲနုသိလို့လည်း မဖြစ်ဘူး။ အသက်ရှူလို့မဝ။ ကျောကအောင့်လာ သည်။ မဖြစ်တော့ဘူး ... ဆေးခန်းပြမှဖြစ်မယ်။ ဦးထင်လင်း ဆုံး ဖြတ်လိုက်ပြီး မောင်ခနဆီ ဖုန်းလှမ်းဆက်လိုက်၏။ အန်ကယ်နဲ့ ဆေးခန်းလိုက်ခဲ့ပေးပါဆိုတော့ ချက်ချင်းပဲ လက်ခံသဘောတူ သဖြင့် ဦးထင်လင်းကားနှင့် ဝင်ခေါ်ခဲ့သည်။

"အဟွတ် ... ဟွတ်"

"အဟွတ်"

"ဟင် အန်ကယ် ... ချောင်းတွေအရမ်းဆိုးနေပါလား။ ဖျား နေတယ်ထင်တယ် ... ကိုယ်တွေပူခြစ်နေတယ်"

"ဟွတ် ... အဟွတ် ... အင်း ... ဒါကြောင့် အန်ကယ် ဆေးခန်းပြချင်တယ်"

"ကောင်းပါတယ် အန်ကယ် ... ခနကိုတော့ အားမနာနဲ့ နော်"

အထူးကုဆေးခန်းရောက်တော့ သမားတော်ကြီးက အဆုတ်မှာ အနာဖြစ်နိုင်ကြောင်းပြောပြီး ဆေးစစ်ခိုင်းသည်။

"ခနု"

"ပြောပါ အန်ကယ်"

"အန်ကယ်ကို ကူညီပါ ... ဘယ်လိုရောဂါမျိုးပဲဖြစ်ဖြစ် အန်ကယ်သေရမှာ မကြောက်ပါဘူးကွာ ... သမီးလေးအတွက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာ”

“အဟွတ် ... အဟွတ်”

“အဟွတ် ... အဟွတ်”

“အန်ကယ် ... စိတ်ကိုလျှော့ပါ စိတ်မပူပါနဲ့၊ ခနကူညီပါ့မယ်၊ အန်ကယ့်ဆန္ဒအတိုင်း ဖြည့်ဆွက်ပေးချင်ပါတယ် ... ဒါပေမဲ့ သခင်လက်မခံမှာစိုးရိမ်ပါတယ် ... ကျွန်တော့်မွေးစားတာအဖြစ် မဟုတ်လည်း အန်ကယ့်ကိုစောင့်ရှောက်ပေးပါ့မယ် ... အန်ကယ့်ဆီက ဘာမျှော်လင့်ချက်နဲ့မှ မဟုတ်ပါဘူး ... ကျွန်တော့်ကို ယုံကြည်ပေးတဲ့အတွက်ပါ”

“ကျေးဇူးပါပဲ ခနရယ် ... ”

သားဟုခေါ်ချင်မိသည်။ သမီးကိုလည်း ပိုင်ပိုင်နိုင်နိုင် အပ်ချင်နေ၏။ လက်ထပ်ပေးဖို့ သဘောတူပါတယ်ဟုပင် ပြောချင်သည်။

“သမီးကို စောင့်ရှောက်ပေးပါ ... အန်ကယ်ကြောင့်ပါ ခနရယ် ... ”

မိမိနှင့်မေသဲနုအကြောင်းကို ရှင်းပြလိုက်သည်။ မိမိဘဝမှာ ခနပဲ အားကိုးတိုင်ပင်ရာ ရှိနေ၏။ ခနက ငယ်ရွယ်ပေမယ့် စိတ်ဓာတ်တည်ကြည်ရိုးသားမှု ရှိနေသည်။ မိမိနှင့်ခင်မင်လာတဲ့အချိန်ကာလတစ်လျှောက် အခွင့်အရေးယူခြင်း မရှိခဲ့ပေ။

“မင်းချမ်းမြေ့က လူလည်ပဲ ... အရမ်းရှုပ်တယ်၊ သမီးနဲ့





လက်ထပ်ပြီး အန်ကယ့်စီးပွားရေးတွေကို ချုပ်ကိုင်ချင်တယ် ... မေသဲနုနဲ့ပေါင်းပြီးလေ ... ”

ခနလည်း မင်းချမ်းမြေ့အကြံပက်စက်မှုကို မပြောပြချင်ပေ။ အန်ကယ်ထင်လင်း နေမကောင်းတဲ့ကြားမှာ စိတ်သောကမရောက်စေလို၍ ဖြစ်သည်။ ဒေဝီသခင်ကတော့ လုပ်ချင်တာ စွတ်လုပ်တတ်တဲ့ကောင်မလေးပါ။ ခနလည်း စိတ်ပူမိ၏။ အန်ကယ့်အခြေအနေက မကောင်းပေ။ ဆေးစစ်ချက်ထွက်လာတော့ အဆုတ်ကင်ဆာတဲ့။ ခန စိတ်ထိခိုက်ကြေကွဲရလေသည်။

“အန်ကယ် ... စိတ်မကောင်းမဖြစ်ပါနဲ့ ဘာဖြစ်ချင်လည်း ဘာလုပ်ချင်လည်းပြောပါ ... ကျွန်တော်တို့ ဆေးကုသမှု ခံယူရင် သက်တမ်းရှည်နိုင်တယ်လို့ ဆရာဝန်ကပြောပါတယ်”

“ခန”

“ဟုတ်ကဲ့ ပြောပါ ... ”

“အန်ကယ်ဖြစ်တဲ့ရောဂါကို လျှို့ဝှက်ထားပေးပါ ... သမီးလည်း မသိစေချင်ဘူး၊ အထူးသဖြင့် မေသဲနုပါ ... ”

မိမိကို အတင်းအကျပ် လက်ထပ်ခိုင်းမှာမလိုလားပေ။ မင်းချမ်းမြေ့ကလည်း ရှိသေးသည်။

“ခန သဘောပေါက်ရဲ့လား ... အန်ကယ်စီစဉ်စရာရှိတာတွေ စီစဉ်မယ် ... ခန ကူညီပါ”

“ဟုတ်ကဲ့ပါ အန်ကယ် ... တစ်ခုပဲရှိပါတယ်၊ အန်ကယ့်



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးတွေနဲ့တော့ မပတ်သက်ပါရစေနဲ့ ... ”

“မနေစိတ်ဓာတ်ကို အန်ကယ်သိပါတယ်ကွာ ... အန်ကယ် တောင်းဆိုတာလေးပဲ ဖြည့်စွမ်းကူညီပါ ... ”

ဦးထင်လင်း ရောဂါဝေဒနာက ကျွမ်းနေပြီဖြစ်သည်။ မိမိ အသိဆုံးပါ။ ပေတော့ပြီး ဆေးခန်းမပြခဲ့။ မေသဲနုက လိုက်ကပ်နေ၍ ဖြစ်သည်။

“အန်ကယ် သေချင်ပါတယ် ... မေသဲနုရဲ့ခြိမ်းခြောက်ညစ် ပတ်မှုတွေကြားထဲမှာ အသက်မရှင်ချင်တော့ဘူး၊ မနေက အန်ကယ့် ရဲ့အမွေစားအမွေခံ သားအဖြစ် ရပ်တည်ပေးပါ ... သမီးရှေ့ရေး အတွက်ပါကွယ်၊ မင်းချမ်းမြေ့ရဲ့ ညစ်ပတ်မှုတိုကာကွယ်ပေးပါ”

ရှာကအဖေနှင့်ညီပြီး အမွေစားအမွေခံသားအဖြစ် ရပ်တည် ပေးဖို့ တောင်းဆိုသည်။

“မနေက စိတ်ဓာတ်တည်ကြည်ခန့်ညားသူပါ ... သမီးအပေါ် ဘယ်လိုအကြောင်းနဲ့မှ မတရားမလုပ်ဘူးဆိုတာ အန်ကယ်သိပါ တယ်”

“အန်ကယ့်ဆန္ဒရှိမယ်ဆိုရင်တော့ မနေလက်ခံပေးပါ့မယ် ... တခြားဘာအခွင့်အရေးမှ မယူဘူးဆိုတာတော့ အန်ကယ်ယုံကြည် ပေးပါနော် ... သခင့်အတွက်လည်း ပါပါတယ်”

သခင်နှင့်မင်းချမ်းမြေ့တို့ ဘယ်လိုအတိုင်းအတာအထိ ပြီးခန်း ခဲ့ကြလည်းဆိုတာ မသိပေ။ မင်းချမ်းမြေ့ အကြံပက်စက်လွန်းသည်



မနေ သိနေ၏။ သခင့်ရှေ့ရေးအတွက် မနေ ကူညီစောင့်ရှောက်ပေးလို သည်။

“ကိုယ် မင်းဆီကနေ ဘာအခွင့်အရေးမှ မယူချင်ပါဘူးသခင် ရယ် ... မင်းရှေ့ရေးအတွက်ပါ”

မနေ ကူညီစောင့်ရှောက်ဖို့အတွက် ဖြစ်သည်။

“မနေ”

“ပြောပါ အန်ကယ်”

“ကျေးဇူးတင်ပါတယ်နော် ... မောင်မနေ စောင့်ရှောက်ပေး ပါ၊ အန်ကယ်က သေလူပါ ... သေချာတယ် သမီးလေးက ခေါင်းမာ တယ်၊ ရွဲ့တတ်တယ် ... မနေ သည်းခံပေးပါ ... ”

“သခင့်အတွက် စိတ်ချပါ အန်ကယ် ... ကျောင်းနေဘက် သူငယ်ချင်းတွေပါ ... သခင့်ကို ကူညီပါ့မယ်”

“ဝမ်းသာလိုက်တာ ... အန်ကယ်အရမ်းစိတ်ချမ်းသာပါ တယ် ... သေပျော်ပါပြီ”

ဦးထင်လင်း သေပျော်ပါပြီ။ မောင်မနေလို ယောကျ်ားတစ် ယောက်ကပဲ မိမိစီးပွားရေးကို ချုပ်ကိုင်စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

“အန်ကယ် ဆေးဝါးကုသမှု ခံယူပါ ... စိတ်ကိုပျော်ရွှင် အောင်နေပါ ... သခင်အတွက် ကျွန်တော် တတ်နိုင်သလောက် ကူညီမှာပါ စိတ်မပူပါနဲ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"အနိကယ် နားတော့မယ် ... မောင်မနေ ပြန်ပါ ... မကြာခင် မောင်မနေကို မွေးစားသားအဖြစ် တရားဝင်ဖြစ်ဖို့ ရှေ့နေတွေနဲ့ အနိကယ် တိုင်ပင်စီစဉ်မယ်"

"သခင်က လက်ခံပါ့မလား အနိကယ် ... ကျွန်တော် စိတ်ပူတာက သခင့်ဆန္ဒပါပဲ"

သခင်ကတော့ မိမိကို လက်ခံမှာမဟုတ်ပေ။ အထင်သေး လွန်းနေသည်။ နှုတ်ခမ်းလေးစူထော်ပြီး မနေကို ရန်တွေ့နေတတ်တဲ့ ဒေဝီသခင်ပါ။ ပြီးတော့လည်း ညီမနှင့် အတင်းအကျပ်အောင်သွယ် ပေးနေသေးသည်။

"အနိကယ် နားပါတော့နော် ... ဆေးသောက်ဖို့ အချိန်လို အပ်ပါတယ်၊ ကျွန်တော် တိုက်ပါရစေ"

အနိကယ်ထင်လင်းကို သားအဖြစ် မနေစောင့်ရှောက်ပေးစေ လိုသည်။ အဖေ့လိုပဲ သနားနေမိ၏။ သခင်က မနေချစ်ရတဲ့သူပါ။ နှလုံးသားထဲကနေ ချစ်မြတ်နိုးခဲ့မိ၏။ ချမ်းသာကြွယ်ဝတဲ့ စည်းစိမ် ချမ်းသာတွေကြောင့် မဟုတ်ပေ။

"မင်းဆီကနေ ကိုယ်ဘာမှ လိုချင်ဆန္ဒမရှိပါဘူး ... သခင် ကာကွယ်စောင့်ရှောက်ပေးလိုခဲ့တာပါ"

အနိကယ်ထင်လင်းကို ဆေးတိုက်ပြီး မနေပြန်လာခဲ့သည်။

"မင်းချမ်းမြေ့က မကောင်းမှု ဒုစရိုက်အားလုံး လုပ်ဆောင်ခဲ့





ဘယ်နေ ... သမီးကိုလည်း ကြိုစည်မှာပဲ"

အနိကယ်ထင်လင်း ပြောတဲ့စကားတွေကို ကြားယောင်နေ သည်။ အခုပဲ ကြိုစည်ခဲ့၏။ သူရောက်သွားပေလို့ပေါ့။ သခင်ရဲ့ကိုယ် လုံးတီးပုံကို သူမမေ့ပြစ်၍မရ။ သခင် ဘယ်လိုဘဝပဲရောက်ရောက် နေ ချစ်မြတ်နိုးမိနေသည်။

"သခင်ရယ် ... ကိုယ်အစွမ်းကုန် ကာကွယ်စောင့်ရှောက် သမှာပါ ... မင်း ဘယ်တော့မှ ကိုယ့်ကိုမရွေးချယ်ဘူးဆိုတာ ကိုယ် သိနေပါတယ်"

သခင်ရဲ့အထင်သေး မုန်းတီးနေသေး မျက်ဝန်းတွေထဲမှာ အိပ်မက်တွေကို မနေ နာကျင်စွာ တွေးမိနေသည်။

ကာကာကာ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

“သခင်”

“ဟင်”

“မနေ့တို့နဲ့ ချိန်းထားတယ်၊ မနေ့ကို အမြင်ကတ်တယ်ဆိုရင် သခင်နေခဲ့နော် ... ညိုမီသွားတွေ့မယ်၊ ကိုချိုလည်း လိုက်လာမှာ မဟုတ်ပါဘူး”

ညိုမီက ပြောသည်။ သခင့်စိတ်ထဲမှာ ညိုမီကို မသွားစေချင်ပေ။ မနေ့နှင့်နီးစပ်သွားမှာကို မလိုလားနိုင်ပေ။ မနာလိုဝန်တိုဖြစ်နေမိ၏။ မနေ့နှင့်ညိုမီ ချစ်သူတွေဖြစ်သွားပြီလားပဲ။ လိုက်သွား၍လည်း မနေ့နှင့် မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူနေသည်။

“ညိုမီ”

“ပြော”

“ရှင်တို့က ချစ်သူတွေဖြစ်သွားကြပြီလား”

“ချစ်သူတွေအဆင့်တော့ မရောက်သေးပါဘူး သခင်ရာ ...





ပေမဲ့ တဖြည်းဖြည်းတော့ နီးစပ်လာတယ် ... ညိုမီကတော့ မနေ့ရဲ့ သံယောဇဉ်ကို အရယူမယ်လေ”

မနေ့ ... နင်မကြိုက်နဲ့နော် ညိုမီကိုချစ်တယ်လို့ လုံးဝမပြောသွား။ သခင် ဘာလုပ်ရမလဲ။ ဒက်ဒီကတော့ မနေ့ကို မွေးစားလိုနေသည်။ အမွေစားအမွေခံသားတဲ့။ တဖြည်းဖြည်းနှင့်သခင် ကျေနပ်သလိုလိုဖြစ်နေရ၏။ ညိုမီ ထွက်သွားသည်။

“မနေနော် ... ကျေးဇူးပြုပြီး ညိုမီနဲ့မတွဲလိုက်ပါနဲ့ဟယ် ... သခင် အားငယ်လို့ပါ”

မင်းချမ်းမြေ့နှင့်ကိစ္စက သခင့်စိတ်ထဲမှာ အလွန်အကျုံးတွေ များဖြစ်သွားလားဟု စိတ်စနောင့်စနင်း ဖြစ်ရသည်။

“ချမ်းမြေ့ လူယုတ်မာကြီး ... ရှင်တို့သားအမိနှစ်ယောက်စုံး အတူတူပဲ ... ”

ဒက်ဒီ့ကို အရွဲ့တိုက်ပြီးတွဲရာကနေ သခင့်ဘဝကို ဖျက်ဆီးဖို့ ကြံစည်လာသည်။ ကံကောင်းလို့ပေါ့ ... မနေ့ကို ကျေးဇူးတင်မိ၏။ ပြီးတော့လည်း မနေ့ရှေ့မှာ သခင်ခန္ဓာကိုယ်က ဝစ်လစ်စလစ် ဖြစ်နေသည်။

“ရှက်စရာကောင်းလိုက်တာ ... မနေ့ကို ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ ... ”

မုန်းစရာကောင်းလိုက်တဲ့ မနေ့။ ဒီလောက်တောင် သနား



www.burmeseclassic.com

www.burmeseclassic.com



သဘာဝအလှအပတွေကို မြင်တွေ့ရသူက သခင့်အပေါ်လုံးဝကို စိတ်မဝင်စားဘူး။ နင် ဘာကောင်လဲ ... သခင့်ကို အထင်သေးတာလား။ သခင်တစ်ယောက်ထဲ ကျန်ခဲ့ပြီး စိတ်တွေမတည်မငြိမ်နှင့် သူမ ထလိုက်သည်။

"တော်ပြီ ... နင့်အကြောင်း မတွေးချင်ဘူး၊ မာနတကြီးနဲ့ နာမည်ကိုကကြည့်ပါလား မာနမနေတဲ့ ... "

သူမ နှုတ်ခမ်းသားလေးတွေကို တွန့်မဲ့ပြောပြစ်မိသည်။ အခု လောက်ဆိုရင် မနေနှင့်ညီမြီတွေ့နေပြီ။ ညီမြီကို ချစ်တယ်လို့ပြော နေပြီလားပဲ။ သခင် စိုးရိမ်ထိတ်လန့်လာသလိုပင်။

"သွားမယ် ... စိတ်ညစ်တာ သေတော့မယ်မနေရေ ... "

သူမကဲ့သို့ ချောမောလှပလွန်းတဲ့ မိန်းကလေးတစ်ယောက်ကို မနေစိတ်မဝင်စားတာဘဲ ဒေါသ ဖြစ်ရသည်။

"သခင့်ကိုအထင်လွဲနေတာလား ... မင်းချမ်းမြေ့ လှယုတ်မာက ကြံစည်တာပါ မနေရယ် ... "

သူမမျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ပြည့်နှက်လာသည်။

"သခင် စိတ်ပျော့လှချည်လားဟယ် ... "

သူမ ကျောင်းဆက်မတက်ချင်တော့သဖြင့် ကားဆီ လျှောက်လာကာ ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။





"သခင့်စိတ်တွေ အရှမ်းပြောင်းလဲနေတယ် မနေရယ် ... မင်းချမ်းမြေ့နဲ့ပတ်သက်မိတာ သခင်အရှမ်းနောင်တရနေပါတယ်"

သူမကားပေါ်တက်ပြီး မောင်းထွက်လာခဲ့မိသည်။

"ဟင် ... ကားက ဘာဖြစ်တာလဲ"

လမ်းတစ်ဝက်တွင် ကားကစက်ရပ်သွားသည်။ နှိုး၍မရ တော့။ လမ်းသေးထိုးရပ်မိလို့တော်ပါသေးရဲ့။ သူမအကြံအိုက်နေ၏။ မနေဆီ ဖုန်းဆက်ပြန်ရင်လည်း ညီမြီက သူတို့ကိုနှောက်ယှက် သည်ဟုထင်ဦးမည်။ သခင် အဲဒါမျိုးတော့ မလုပ်ချင်ပါဘူး။ တစ်နေ့ နေ့မှာ မနေနဲ့သခင်တို့က မောင်နှမတွေအဖြစ် အတူတူနေထိုင်တော့ မှာပါ။ သခင် အောက်ကျမခံချင်တာလည်း ပါသည်။

"ကားကလည်း ခုက္ခပါပဲ ... အခုတလော တော်တော်လေး ကို ဒုက္ခပေးတယ် ... ကားအသစ်လဲမှဖြစ်တော့မယ်ထင်တယ်"

နောက်ဆုံး ဘယ်လိုမှစဉ်းစားလို့မရသဖြင့် သခင် ဖြစ်ချင်ရာ ဖြစ် မနေဆီပဲ ဖုန်းဆက်လိုက်သည်။

"မနေ ... ကူညီပါဦး၊ မနေလာမှဖြစ်တော့မယ်ထင်တယ် ... သခင် ကားပျက်နေပြန်ပြီ"

မနေနှင့်အတူတူ ညီမြီအသံလည်း ကြားရသည်။ အတန်းထဲ မရှိနေဘဲ ဘယ်ကိုသွားတာလဲတဲ့။ မနေကတော့ ကားပျက်နေတာ ဘယ်နေရာမှာလည်း မေးနေ၏။ သူမက ကားပျက်တဲ့နေရာကို ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမြန်လာခဲ့ပါနော် ခနဲ ... အတန်းထဲမှာနေရတာပျင်း သခင်မြန်လာတာပါ ... ညီမှီကိုလည်း ပြောပြလိုက်ပါနော်"

"ဟုတ်ပြီ ... ကိုယ်လာခဲ့မယ် သခင် ... "

"မြန်မြန်လေးနော်"

"အင်းပါ"

ဒီတစ်ခါတော့ သခင် တမင်တကာဖျက်ဆီးပြစ်လိုက်တာ မဟုတ်ပါဘူး ခနဲရယ်။ ရှင်တို့ကို နှောက်ယှက်တာလည်း မဟုတ် ဘူး။ ညီမှီ တောင်းပန်ပါတယ် ... ခနဲက တမင်လုပ်တာထင်ပြီး မြန်မြန်မလာမှာ စိတ်ပူလာသည်။

"သခင် ... "

"ဟင် ... ချမ်းမြေ့"

"တစ်ယောက်ထဲလား"

"မဟုတ်ဘူး ... ခနဲလာမှာ၊ အခုပဲဖုန်းဆက်ထားတယ်"

ဒီကောင် ခနဲ ... သူ့ကိစ္စမှာဝင်ရှုပ်တာကို ပုံစံပြန်ပေးရမည် ဖြစ်သည်။ ချမ်းမြေ့ လုံးဝမကျေနပ်နိုင်။ သခင့်ကို အရယူရမယ် မာမီက မစွမ်းဆောင်နိုင်တော့ ချမ်းမြေ့ပဲ စွမ်းဆောင်ရမည်ဖြစ်သ သခင့်မျက်နှာက တည်တင်းနေသည်။

"ကားပျက်နေတာလား ထားခဲ့ပါကွာ ... ဝပ်ရှော့ ကောင် လာပြင်မှာပေါ့ ... အခု ကိုယ့်ကားနဲ့သွားမယ်"

"မလိုက်ဘူး ... နင့်အကြိုပက်စက်တာ ငါမုန်းတယ်၊ ငါ့ကို





အေးခတ်ပြီး နင်မတရားကြံစည်တာ ဘယ်လောက်ယုတ်မာလဲ"

"ကိုယ်ချစ်လို့ပါ ... သခင့်ကို အပျော်ကြံတာ မဟုတ်ပါဘူး ကွာ ... အတည်ပါ ... လက်ထပ်ချင်တယ်၊ သခင်ဘက်က ကိုယ့်ကို မချစ်ပါဘူး ... ဒါကြောင့် ကြံမိကြံရာ ကြံတာပဲ"

"တော်ပါပြီ ... နင်နဲ့လုံးဝမပတ်သက်ချင်တော့ဘူး ... သွား တော့ ... ငါ ပြဿနာမတက်ချင်လို့ ရဲကိုမတိုင်တာ ... နောက်တစ် ခါ ထပ်ဖြစ်ရင်တော့တိုင်မယ်"

"ကိုယ် တောင်းပန်ပါတယ်သခင် ... ဘာမှမလုပ်တော့ပါဘူး အေးအေးဆေးဆေး စကားပြောချင်တယ်၊ နောက်ဆုံးအခွင့်အရေး လေးပေးပါ"

"မရဘူး ... နင့်ကိုလည်း မယုံဘူး ထွက်သွားနော် ... ခနဲ လာတော့မယ် ... ငါ့ဒက်ဒီကိုပဲ နင့်မာမီ အရယူနိုင်းလိုက်လေ ... ငါကတော့ လုံးဝပဲ၊ နင့်ကို လက်မထပ်ဘူး"

သူမ စိုးရိမ်ပူပန်လာပြီး ခနဲဆီ ဖုန်းဆက်ဖို့ ဖုန်းခေါ်လိုက် သည်။

"ပေးစမ်း ဖုန်း ... နင့်ကိုအေးအေးဆေးဆေးခေါ်ရင် လိုက် ခဲ့နော် ... နင့်အဖေက လူလည်ကြီးပဲ၊ ငါ့မာမီကိုငြင်းနေတယ်၊ မရဘူး ... နင့်ဒက်ဒီရော နင်ရော ဂုဏ်သိက္ခာမကျချင်ရင် ငါနဲ့လိုက် ခဲ့ ... စကား အေးအေးဆေးဆေးပဲပြောမယ်လို့ ပြောထားတယ်



www.burmeseclassic.com

www.burmeseclassic.com



နော် ... ချမ်းမြေ့စိတ်ကို မဆွနဲ့ ...”

“မလိုက်ဘူး ... နင့်ကိုမယုံဘူး၊ နင်နဲ့ ဘာစကားမှလည်း ပြောစရာမရှိဘူးလို့ ပြောထားတယ်နော် ... ထွက်သွား”

“မင်း သေချင်လို့လား သခင် ...”

“ဟင်”

သူမခါးနားမှာ ချွန်ထက်တဲ့အရာတစ်ခုက လာထောက်သည်။

“နင် ... နင်ယုတ်မာပြန်ပြီလား”

“သခင့်ကို ချစ်လို့ပါကွာ ... မမိုက်မဲချင်စမ်းပါနဲ့၊ နင်ရဲ့ဝတ်လစ်စလစ်ပုံတွေ ရှိတယ်နော် ...”

“ခွေး”

“သခင်လေးကို ချစ်လို့ပါ ... ကားပေါ်အေးအေးဆေးဆေး တက်ပါ”

သခင် ဘယ်လိုမှ ငြင်းဆန်၍မရတော့။ မနကလည်း မလာသေးပေ။ ကြာလိုက်တာ ... ညိုမိနဲ့ကျူနေမှာပေါ့။ ငါသာ တစ်ခုခုဖြစ်ရင် နင့်ကိုအရမ်းမုန်းမိလိမ့်မယ် သခင်။ သူမ ကားပေါ်တက်လိုက်သွားဖို့ ခြေလှမ်းပြင်လိုက်သည်။

“ဒေဝီသခင် ... ဘယ်လဲ”

“ဟင် မန ...”





မနနှင့်အတူတူ ကိုချိုပါ လိုက်လာ၍ သခင် အားတက်သွားသည်။

“တောက် ... လာရှုပ်ပြန်ပြီ၊ ဒီကိစ္စတွေ လုံးဝဖွင့်မပြောနဲ့နော် ... နင့်ကောင် မနကိုပါ သတ်ပြစ်မယ်၊ နင့်အဖေကိုလည်း ထောင်ထဲထည့်ပြစ်မယ် မှတ်ထား ...”

သခင့်ကိုထားခဲ့ပြီး သူကားပေါ်ပြန်တက်၍ မောင်းထွက်သွားသည်။ အခုမှ သခင် သက်ပြင်းမောကြီးကို မှုတ်ထုတ်ပြစ်လိုက်ရ၏။ ချမ်းမြေ့ အကောက်ကြံတဲ့ကိစ္စ မနကို ဖွင့်မပြောဖို့ ဆုံးဖြတ်ထားသည်။

“ချမ်းမြေ့က ဘာလာလုပ်တာလဲ ဒေဝီသခင်”

“သူတွေ့သွားတာပါ ... ရှင်မလာတော့ဘူး ထင်လို့ပေါ့”

“မင်းကား ဘာဖြစ်တာလဲ ...”

မင်း မမှတ်သေးဘူးလား သခင်ဟု ပြောမလို့ ကိုချိုရှိနေတာနှင့်မပြောဖြစ်။ သူတို့က ချစ်သူတွေလားဟုတွေးပြီး ဘာမှမပြောတော့ဘဲ ကားကိုကြည့်သည်။

“ညိုမိရော ကိုချို ...”

“ကျန်ခဲ့တယ် ... သခင် ဘာဖြစ်လို့ ပြန်သွားရတာလဲ”

“ပျင်းလို့ ...”

မနနှင့်ညိုမိအကြောင်းတွေကို ဆက်ပြီး မစဉ်းစားချင်လို့ပါ။ မနက ချက်ချင်းပင် ပြင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ သခင် ... မင်းကို ကားအသစ်လဲဖို့ အန်ကယ်ကို ထောက်ခံပေးမှဖြစ်မယ်ထင်တယ်"

"ကောင်းတယ် ခနေ ... အရမ်းကောင်းတာပဲ၊ ဒီကားက သခင့်ကို အရမ်းဒုက္ခပေးနေပြီ"

"ကိုချို ပြန်တော့လေ ... ဖယ်ရီမှီသေးတယ် မဟုတ်လား ဒေဝီသခင့်ကို ပြန်လိုက်ပို့ပေးမှဖြစ်မယ်ထင်တယ် ... ကားမကောင်းဘူး"

"ဟုတ်တယ် ခနေ ... ကိုယ်သွားပြီ"

ကိုချို ထွက်သွားတော့ ခနေနှင့်ဒေဝီသခင်ပဲ ကျန်ခဲ့သည်။

"ဘာကြည့်နေတာလဲ သခင့်ကို အထင်သေးတဲ့အကြည့်တွေနဲ့ မကြည့်နဲ့နော် ..."

"ဒေဝီသခင်"

"သခင်လို့ပဲခေါ် ..."

"မင်းအမှတ်မရှိဘူးလား ... ဘာဖြစ်လို့ မင်းချမ်းမြေ့ ဘာကောင်လဲဆိုတာ သိထားသင့်တယ် ... ဒါမှမဟုတ် မင်းရဲ့ချစ်သူလား"

"ဘာ"

"အန်ကယ်ကပြောတယ် ... မင်းချမ်းမြေ့က လူရှုပ်တဲ့ မင်းနဲ့လုံးဝသဘောမတူဘူးနော် သခင် ..."

"သခင်ကလည်း ဒက်ဒီနဲ့မင်းချမ်းမြေ့အမေနဲ့ လုံးဝသဘော





မတူဘူး"

"ဒါက လူကြီးတွေကိစ္စပါ ထားလိုက်တော့ ... အရေးကြီးတာက မင်းပဲ"

"ဆရာကြီးလာမလုပ်နဲ့ ... ဟွန်း ..."

ခနေက သူမကားမောင်းတဲ့နေရာမှာ ဝင်ထိုင်သည်။ သခင် ကျေနပ်သွားရပေမယ့် မာနကို မချနိုင်။ နှုတ်ခမ်းစူထော်ထော်နှင့် ဘုကြည့်ကြည့်ဖြစ်လိုက်၏။ တကယ်တော့ သခင်တစ်ယောက်ထဲ ပြန်ဖို့ ကြောက်လန့်တုန်လှုပ်နေသည်။

"သခင်"

"ပြော"

"မင်းချမ်းမြေ့နဲ့က ..."

"ရှင် ထင်ချင်သလိုထင်"

"မရွဲ့ပါနဲ့"

"ရှင်နဲ့ညီမှီကရော"

"သူငယ်ချင်းတွေပါ"

"ဟွန်း ..."

သခင့်အတွက် ခနေ ဘယ်လောက်အထိ စိတ်တွေပူပင်နေရလဲ။ ခနေလည်း မလွဲသာမရှောင်သာလို့ မင်းချမ်းမြေ့နှင့်လိုက်သွားရတာကို သိနေသည်။

"မင်းကို မင်းချမ်းမြေ့က ခြိမ်းခြောက်တာတွေလုပ်ရင်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မကြောက်နဲ့နော် ... ကိုယ့်ကိုပြောပြ ... ”

မနေကို ရင်ဖွင့်တိုင်ပင်ချင်ပေမယ့် မင်းချမ်းမြေ့က ကြောက်စရာကောင်းသည်။ လူဆိုးလူမိုက်တွေနှင့်လည်း ပတ်သက်နေကြောင်း သခင်သိထား၏။ ဒက်ဒီရော ဒေါ်မေသဲနုနှင့်အရှက်သိက္ခာမဲ့စရာအကြောင်းတွေ ရှိနေမလားဘဲ။ သခင့်အနားမှာ မနေကိုရှိနေစေချင်သည်။

“မင်းတို့ချစ်သူတွေ မဟုတ်တာတော့ ကိုယ်သိတယ်”

“မဟုတ်ဘူး”

“သခင်”

“ပြော”

“ကိုယ် ဒရိုင်ဘာလုပ်ပေးမယ် ... အန်ကယ့်ကိုလည်း ကိုယ်သနားတယ်”

“လုပ်ပေး ... ”

သခင်က လက်ခံ၍ မနေပျော်သွားရသည်။ အန်ကယ်ထင်လင်းမှာ ကင်ဆာရောဂါရှိနေတာ ပြောပြချင်၏။ ဒါပေမယ့် အန်ကယ်ထင်လင်းက ခွင့်မပြုခဲ့။ ပြသနာတွေကို တိတ်ဆိတ်စွာဖြေရှင်းနေသည်။

“တကယ်တော့လေ ... သခင်က ဒက်ဒီကိုရှဲ့ပြီး တွဲပြမိတာပါ ... ချစ်သူတွေ မဟုတ်ပါဘူး၊ သခင် ရွေးချယ်မယ့်လက်တွဲဖော်ချစ်သူက မွေးတောင်မမွေးသေးဘူးထင်တယ် နေ ... ”





“ဟင်”

“အရမ်းချောရမယ် ... အရပ်ရှည်ရမယ် ... ပညာတတ်ရမယ် ချမ်းသာရမယ်၊ မိဘမျိုးရိုးကလည်း အထက်တန်းစားတွေ ဖြစ်ရမယ်”

သခင် သတ်မှတ်ထားတဲ့ စံတွေက မနေနှင့်လုံးလုံး မကိုက်ညီနိုင်ပေ။ သခင့်မာန ဘယ်လောက်အထိ ကြီးလည်းဆိုတာ မနေသိထားသည်။

“ဒက်ဒီ့ကြောင့်ပေါ့ ... ဟိုမိန်းမကြီးကိုချစ်နေတာ မြတ်နိုးတာကို သခင်လုံးဝမကြိုက်ဘူး ... ဖြတ်ပါဆိုတာ မဖြတ်ဘူး၊ ဒက်ဒီစိတ်ညစ်အောင်ပါ ... ”

“ဆက်ပြီးမတွဲနဲ့တော့ သခင် ... အန်ကယ် စိတ်သောကရောက်မယ့်အလုပ်တွေ မလုပ်ပါနဲ့တော့ကွာ နော် ... ”

သခင်လည်း မလုပ်တော့ပါဘူး။ မင်းချမ်းမြေ့ကို ရွံသည်။

“ဒက်ဒီ့ကိုလည်း ပြောပေး ... ”

“လူကြီးတွေကိစ္စတွေထဲမှာ ဝင်မပါနဲ့တော့ ... အရေးကြီးတာက သခင့်ဘဝပဲ ... ”

“ဒါဆို ကျွန်မကို အနားကနေမခွာဘဲ စောင့်ရှောက်ပေးလေ”

“ဟင်း ဟင်း ဟင်း ... ဘယ်ရမလဲ၊ ညီမကရှိသေးတယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ဘာမှတုန့်ပြန်မပြောတော့။ ကိုယ်ချစ်တာက မင်းပါလို့ ပြောချင်သည်။ မပြောဖြစ် ... သခင်က လုံးဝလက်ခံမှာမဟုတ်တာ သူသိနေ၏။ ဒါပေမယ့် သခင့်ကို စောင့်ရှောက်ပေးချင်သည်။

ေ ေ ေ

## အခန်း ( ၁၁ )

"ဒက်ဒီ ဘာဖြစ်နေတာလဲ အသည်းကွဲနေတာလား ... ေါ်မေသဲနုကို သခင်ကခွင့်မပြုလို့လား ... လူမမာရုပ်ပေါက်နေပြီနော်"

ဦးထင်လင်း သမီးကို မိမိရောဂါအကြောင်း ပြောမပြလိုပေ။ သမီးအားငယ်မှာလည်း စိုးရိမ်မိသည်။ ပြီးတော့လည်း မေသဲနု မသိစေချင်။ အတင်းအကျပ် လက်ထပ်ဖို့ ကြိုးစားလာနိုင်၏။ မောင်ခနအား မွေးစားသားအဖြစ် တရားဝင် အသိအမှတ်ပြုနိုင်ရန် ကြိုးစားနေသည်။

"သမီး ဒက်ဒီလည်း အသက်ကြီးပါပြီ ... ဘာပဲဖြစ်ဖြစ် မောင်ခနကို မွေးစားရမယ် ... ဒက်ဒီ့အတွက် လိုအပ်နေလို့ပါ။ သမီး ကြည်ကြည်သာသာ လက်ခံပေးပါ"

"သခင့်သဘောအတိုင်း ဘယ်တုန်းကရှိခဲ့ဘူးလို့လဲ ဒက်ဒီ"

"ဒက်ဒီ တောင်းပန်ပါတယ် သမီးရယ် ... အားလုံးက ဒက်ဒီ



www.burmeseclassic.com

အမှားတွေပါပဲလေ ... မေသဲနုကို ဒက်ဒီပတ်သက်မိလိုက်တယ်၊ ဒက်ဒီက လက်မထပ်ဘူးလို့ ငြင်းလိုက်ရင် ဒက်ဒီမကြီးမငယ်နဲ့ ထောင်ထဲရောက်လိမ့်မယ်ထင်တယ်"

"အဲဒီမိန်းမကြီးကို လက်ထပ်မယ့်အစား ဒက်ဒီထောင်ထဲပဲ သွားနေလိုက်တော့"

"သမီး"

သမီး ထွက်သွားသည်။ မိမိကတော့ သမီးကိုရှင်းမပြချင်တော့။ တစ်နေ့နေ့ သမီး နားလည်သွားမှာပါ။ မောင်ခနနှင့်တိုင်ပင်ပြီး မိမိ လုပ်စရာတွေ လုပ်နေသည်။ ဒီနေ့ ခမောင်ခနအဖေ ရောက်လာမည်။ မိမိလည်း မိသားစုရှေ့နေအား ခေါ်ထားသည်။

"အန်ကယ်"

"ဟင် မောင်ခန ... မင်းကျောင်းသွားမလို့လား၊ ဘာကိစ္စရှိလို့လဲ ..."

"ဘာကိစ္စမှ မရှိပါဘူး အန်ကယ် ... သခင်ကို ကားမောင်းဖို့မလို့ပါ၊ မင်းချမ်းမြေ့ရန်က ရှိတယ်"

"ကောင်းလိုက်တာကွယ် ... အန်ကယ် စိတ်ချမ်းသာတယ် အခုပဲ သခင်က အန်ကယ်ကိုရန်တွေ့သွားတယ်"

"သခင်ကို လွှတ်ထားပေးပါ အန်ကယ် ... တဖြည်းဖြည်း နားချပေးပါ့မယ်၊ ခနကို သူမအနားမှာနေပေးဖို့ပြောနေတယ်"



"ဟုတ်လား ... အန်ကယ်ကတော့ သေလူပါ၊ လုပ်စရာရှိတာလုပ်ရမှာပဲ ခန ... မနက်ဖြန် စာချုပ်ချုပ်ကြမယ်"

"အန်ကယ် အနားယူပါ ... ခနလည်း အနီးကပ်ပြုစုချင်ပါတယ်၊ တခြားဘာမှအလိုမရှိပါဘူး ... ခန တောင်းဆိုချင်တာက ခနအတွက် အခွင့်အရေးမပေးဖို့ပါ"

"အေးပါကွယ်"

သခင်ထွက်လာ၍ ခန ကျောင်းသွားဖို့ မြန်ထွက်လာခဲ့သည်။

"မင်း မောင်းမလား သခင် ..."

"ခနပဲ မောင်းပါ ..."

သခင် ကားမမောင်းချင်တော့။ စိတ်တွေမအေးနိုင်။ မင်းချမ်းမြေ့ရန်ကလည်းရှိသေးသည်။ သခင့်ကို အရှက်ခွဲမှာလား။ ခါးနည်းခြိမ်းခြောက်တဲ့အထိ ဖြစ်လာသည်။

"ခန"

"ဟင်"

"ညီမြီနဲ့တွေ့မှာလား"

"ဘာဖြစ်လို့လဲ ..."

"မဟုတ်ပါဘူး သိချင်လို့ ..."

သခင် မနာလိုဖြစ်မိနေသည်။ မတွေ့နဲ့လို့လည်း မတားရဲ။ [illegible]နောင်တရနေမိတာက သူမရဲ့ချစ်သူမှာရှိရမည့် စံနှုန်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မိ၏။ မနဲ့ လုံးဝမကိုက်ညီခဲ့။ သခင်ကလည်းသခင်ပါ။ တဖြည်းဖြည်းနှင့်မနေကို သူမအထင်ကြီးမိလာသည်။ သူမက မာန နှင့်ပါ။ မာနမနေကို ခပ်တင်းတင်းပဲ ဆက်ဆံနေခဲ့သည်။

"သခင်လေ ဘာဖြစ်လို့မှန်း မသိပါဘူး … မနရှိနေရင် အားရှိ နေသလိုပဲ … မင်းချမ်းမြေ့ထပ်ရောက်လာမှာ ကြောက်တယ်"

သခင့်အသံလေးက ပထမဆုံးအကြိမ် အားအင်ချိနဲ့လျက် နာနာကျင်ကျင်လေး ပြောလိုက်သည်။ မနနှလုံးသားထိ စူးနစ်တိုး ဝင်သွား၏။ ကိုယ်နဲ့ညီမိတို့က မိတ်ဆွေတွေပါ။ သူချစ်မြတ်နိုးရတာ က သခင် … ဖွင့်ပြောဖို့ မဖြစ်နိုင်ပေ။ မကြာခင် သခင့်အစ်ကိုနေရာ မှာ မနဝင်ရောက်ရမည် ဖြစ်သည်။

"မနရော ဘယ်လိုမိန်းကလေးမျိုးကို လက်ထပ်ဖို့ရည်ရွယ် ထားလဲဟင်"

"ကိုယ် လုံးဝစဉ်းစားထားတာမျိုး မရှိသေးဘူး သခင် … ကိုယ့်ဘဝအခြေအနေအရ အဖေ့အတွက်ပဲ ကိုယ်စဉ်းစားတယ် ကိုယ်တို့က ဆင်းရဲနွမ်းပါးတယ်လေ … အဖေ့ကို ပြည့်စုံအောင်ထား ဖို့ ကိုယ်ကြိုးစားနေတယ်"

မင်းက ကိုယ်နဲ့မတန်ပါဘူး သခင်။ ကိုယ်ဘယ်တော့ လည်း ဖွင့်ပြောမှာလည်း မဟုတ်ပါဘူး။ မင်းက ကိုယ့်ညီမပါ။ မင်း ချမ်းမြေ့ရန်ကလည်း ကာကွယ်ပေးချင်သည်။ သူနဲ့သခင်တို့ နီး စေရန် မင်းချမ်းမြေ့ကိုပင် ကျေးဇူးတင်ရမည်ဖြစ်၏။ သခင်မျက်





လေးက ညှိုးနွမ်းနေသည်။

"သခင်"

"ဟင်"

"မင်းချမ်းမြေ့ကြောင့်လား … သခင် အရမ်းကြောက်နေ တာလား"

"အင်း"

"ကိုယ်ရှိပါတယ် … မင်းကို အကူအညီပေးစောင့်ရှောက်ပေး မယ် သခင် … "

"ညီမိကရော"

"ကိုယ့်မိတ်ဆွေပါ … ဒီထက် မပိုပါဘူး သခင် … မကြာခင် မင်းရဲ့အစ်ကိုနေရာ ရောက်လာတာပါ"

သခင့်အနားမှာ မနရှိနေမှ သူမစိတ်တွေ လုံခြုံနေသည်။ ညီမိနှင့်တတွဲတွဲ မလုပ်စေချင်တော့။ နှင့်ဆီတနေ့ မနကို လုယူရ သိမ့်မယ်။ ကျောင်းရောက်တော့ ညီမိက သူမအား မနနှင့်တွဲလာ တာကို အံ့ဩနေသည်။

"ကိုယ်သွားပြီနော် သခင် … "

ညီမိကိုပင် နှုတ်မဆက်တော့ဘဲ မန ထွက်သွား၍ သခင် ဆော့သွားသည်။

"သခင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ဘာလဲဟ ... ရှင်တို့နှစ်ယောက်က ... "

"မကြာခင် သခင့်အစ်ကိုနေရာ မနေရောက်လာတော့မယ်"

"ဘာပြောတယ်"

သူမ ရှင်းပြလိုက်သည်။

"တကယ်"

"အင်း"

"သခင် ... "

"ပြော ... "

"ယောင်းမ ... အားကိုးပါတယ်ဟယ်နော် ... မနေနဲ့ညိုမြ[illegible]
အောင်သွယ်ပေးပါ"

"နင့်ဟာနင် ကြိုးစားပေါ့"

သခင် ခေါသထွက်လာသည်။ ဘာယောင်းမလဲ။ သခင့်[illegible]
က ခရုရှိနေမှ ဖြစ်တော့မယ်။ ညိုမြ ဆော်ရီးနော် ... လုံးဝပဲ။

"ညိုမြလေ ... မနေကိုချစ်တယ်၊ ရယူပိုင်ဆိုင်ချင်တယ် ...
မနေက သူဌေးသားဖြစ်သွားလို့ ညိုမြအရမ်းဝမ်းသာတယ်၊ ပျော်[illegible]
ရှင်ကတော့ မနေကို လုံးဝအထင်သေးတာ မဟုတ်လား"

သခင် မဖြေမိ။ မနေကို သခင်ပဲ ပိုင်ဆိုင်ရမှာပါ။ ညိုမြကို[illegible]
အားနာပါတယ်နော်။ ညိုမြက တစ်ချိန်လုံး မနေအကြောင်းတွေ[illegible]



ပြောနေသည်။

"ယောင်းမ ဘာစားမလဲ ... ကျွေးမယ်နော် အားမနာနဲ့"

"တော်ပါပြီဟာ ... သခင်တောင် ဒက်ဒီကြောင့် မလွဲသာ
ရှောင်သာလို့ မနေကို အစ်ကိုတော်ရမှာဟဲ့ သိလား ... "

မနေအကြောင်းတွေကို မကြားချင်။ ညိုမြနှင့်မနေ ချစ်သူတွေ
ဖြစ်သွားမှာလည်း သခင်တားဆီးချင်သည်။ မနေကိုချစ်တယ်။ ဒါပေမဲ့
မင်းချမ်းမြေ့နှင့်သခင်တို့ အလွန်အကျူးမဖြစ်ခဲ့ကြဘူးဆိုတာ သခင့်
အသိထဲမှာရှိနေ၏။ မဖြစ်နိုင်ဘူး။ မနေ ယုံပါ့မလား။ သူမ မျက်နှာပျက်မိ
နေသည်။

"သခင်"

"ဟင်"

"ရှင် ဘာဖြစ်နေတာလဲ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ငေးတိငေးမှိုင်နဲ့ ... "

"ဒက်ဒီ့ကြောင့်ပါ"

ဒက်ဒီ့မှာ မိန်းမတစ်ယောက်နဲ့ ငြိစွန်း၍ သခင်မနှစ်သက်ဘူး
ဆိုတာ ညိုမြက သိနေသည်။

"ဟဲ့ ... မင်းချမ်းမြေ့နဲ့ရော ... "

"တော်ပြီဟာ ... သခင် ဘာမှမကြားချင်ဘူး စိတ်ညစ်လို့"

"မနေတို့နဲ့ ချိန်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွား"

"လိုက်ခဲ့ပါ ယောင်းမရယ် ... နည်းနည်းပါးပါးလေး တွန်းအားပေးစမ်းပါ။ မနေက ရှင့်အဆင့်နဲ့မမှီဘူးဆိုပေမယ့် ညိုမီစံနဲ့တော့ လုံးဝကိုက်ညီတယ်လေ"

သခင်တစ်ယောက်ထဲလည်း မနေခဲ့ချင်ပေ။ မနှနှင့်ညိုမီတို့ ငြိစွန်းသွားမှာ ကြောက်နေမိသည်။ လွှတ်ထားလို့ မဖြစ်ပါဘူး။ သူမ ထလိုက်လာခဲ့၏။ ကိုချို့က ညိုမီနှင့်မနေကို အောင်သွယ်နေ၍ ဒေါသဖြစ်မိနေသည်။

"ဟယ် ကိုချို လာတာကိုး ... ညိုမီက မအားဘူးထင်နေတာ"

"ဒီကောင် ခေါ်လို့လေ ... တကယ်တော့ ညိုမီတို့နှစ်ယောက်ထဲ စကားပြောကြပါ ... ကိုချို့တို့က အရှုပ်တွေပဲ ... ဟုတ်တယ်မဟုတ်လား သခင် ..."

"ဒါဆိုလည်း သခင်တို့ထွက်သွားပေးသင့်ပြီ ထင်တယ်"

"ဟုတ်တယ် ... အလိုက်သိကြ"

ညိုမီကပါ ဝင်ပြောနေသည်။ မနေ ... နင်အရမ်းကျေနပ်ဝီတိတွေဖြစ်နေတယ် မဟုတ်လား။ သခင်အမြင်ကတ်ကတ်နှင့် ထလိုက်သည်။

"အားလုံးထိုင်ကြပါ ... ပျော်ပျော်ပါးပါးပေါ့ ... ရှောင်ပေးစရာမလိုပါဘူး ညိုမီနဲ့ရော ... အားလုံး သူငယ်ချင်းတွေပါဗျာ"





သခင့်မျက်စောင်းက ,မနေဘက် စူးခနဲ ရောက်လာ၍ ညိုမီနှင့်နှစ်ယောက်ထဲ မထိုင်လိုတော့ပေ။ မနက်ဖြန် အဖေလာမယ်။ အန်ကယ်က မနေကို အမွေစားအမွေခံသားအဖြစ် တရားဝင်မွေးစားတော့မည်ဖြစ်သည်။ သခင်က သူ့ညီမပဲ။ ကိုယ်က ကာကွယ်ပေးချင်တာပါ။ အန်ကယ် မရှိတော့ရင် သခင့်ကိုစောင့်ရှောက်ပေးဖို့ ဒီအစီအစဉ်ကို လက်ခံလိုက်ခြင်းဖြစ်သည်။

"သခင့်ကို စတွေ့တွေ့ချင်းကပဲ ချစ်မိတာပါ ... ကိုယ့်နှလုံးသားထဲက ဆန္ဒပဲလေ ... ဒါပေမဲ့ ကိုယ်ထုတ်မပြောဖို့ ဆုံးဖြတ်ထားလိုက်ပါတယ် သခင်ရယ် ..."

ညိုမီနှင့်ပဲ တရားဝင်တွဲလိုက်တာ ကောင်းမည်ဟုထင်မိသည်။ သခင့်ကို မချစ်သင့်တော့ပါဘူး။ သခင့်မျက်နှာလေး ညိုးလျှနေသည်။ ဘာကြောင့်လဲ ... မင်းချမ်းမြေ့ရန်ကလည်း အကာအကွယ်ပေးချင်၏။ မင်းက ကိုယ့်ညီမလေးပါ။ တခါတလေ သူ့နှလုံးသားက သူ့အချစ်တွေကို ဖယ်ထုတ်ပြစ်ချင်နေသည်။

"မနေ ... စားနော် ... ကြက်ပေါင်းခေါက်ဆွဲက အားရှိတယ် မနေက ကျောင်းပညာရေးတစ်ဖက်ရော အလုပ်ကပါရှိနေတာလေ၊ အားအင်တွေပြည့်ဝနေဖို့ လိုအပ်တယ်"

ညိုမီအဖြစ်ကိုသဲတယ်။ မနေပါးစပ်ထဲ ခွံ့ကျွေးမတတ်သာ၊ စိတ်က ခံပြင်းဒေါသတွေ တလိပ်လိပ်တက်လာသည်။ မနေ ... နင်က



www.burmeseclassic.com

www.burmeseclassic.com



ရော သာယာနေတာလား။ ညိုမှီ့ပန်းကန်ထဲပြန်၍ ခပ်ထည့်ပေးနေ သေးသည်။

"တောက်"

"ဟင် ... သခင် ဘာဖြစ်လို့လဲ"

"ဟာ ... မဟုတ်ပါဘူး၊ ဒေါသဖြစ်စရာတစ်ခုတွေးမိပြီး တောက်ခေါက်မိသွားတယ်"

"သခင်ကလဲဟယ် ... လန့်လိုက်တာ၊ ဘာတွေဒေါသဖြစ်စရာရှိလို့လဲ ... မင်းချမ်းမြေ့ မလာလို့လား၊ အဲတော့ ... ပြောရင်းဆိုရင်း ဟိုမှာ နင့်အဆက်ကြီး ... "

"ဘာ"

သခင် လှည့်ကြည့်လိုက်တော့ မင်းချမ်းမြေ့က ကားကိုမှီပြီးရပ်နေသည်။ နေကို ကြည့်လိုက်မိ၏။ ခေါင်းခါပြသည်။

"သွားလေ သခင် ... "

"မသွားပါဘူး ... သခင်တို့က ရန်ဖြစ်ထားတယ်"

ဘယ်လိုလုပ်ရမလဲ။ မင်းချမ်းမြေ့ရဲ့ နှောက်ယှက်မှုကပိုပြီး များလာသည်။ သခင့်ကို အသဲအမဲဖြစ်နေသည်။ လက်နက်က ပါသေးတယ်။ သခင် လှည့်မကြည့်ခဲ့။ အစားအစာတွေစားပြီး နေက ပြန်ဖို့စပြောသည်။

"ပြန်ကြမယ် သခင် ... အန်ကယ် သိပ်နေမကောင်းဘူး၊ ဆေးခန်းပြစရာရှိတယ်လေ"





"အင်း ... ဟုတ်သားပဲ"

နေနှင့်အတူတူ ထလာပြီး ကားပေါ်တက်လိုက်ကြသည်။

"ဘာမှမကြွေ[illegible]က်နဲ့နော် သခင် ... ကိုယ်ရှိတယ်၊ ဒီကောင်နှောက်ယှက်တာများလာပြီ"

"သခင်ကြောက်တယ် ... သူ့မှာ ဓါးပါတယ်နော်"

နေက ကားကိုဝေါခနဲ မောင်းထွက်လိုက်သည်။ မင်းချမ်းမြေ့ကားလည်း နောက်မှကပ်လိုက်လာ၏။ ပြီးတော့ သခင့်ဖုန်းကို လှမ်းဆက်နေသေးသည်။

"သခင် ... မင်းပြေးလို့လွတ်မယ်ထင်လား ... ဟိုကောင် ဝပ်ရှော့အလုပ်သမား အားကိုးနဲ့ ငါ့ကိုဆန့်ကျင်မယ် မစဉ်းစားနဲ့ သေဖို့သာပြင်ထား ... "

ချမ်းမြေ့လည်း ဒေါသတွေထွက်နေသည်။ ဝပ်ရှော့ကောင်ကြောင့် သူ့အစီအစဉ်တွေ ပျက်ရပေါင်းများပြီ။ အသေသတ်ပြစ်ရမယ်။ ချမ်းမြေ့ကို ဘာထင်နေလဲ။

"ကားကိုရပ်လိုက်နော် ... ငါ ဝင်တိုက်ပြစ်မှာ၊ မင်း ငါ့ကိုအာခံလို့ရမယ်မထင်နဲ့ သခင် ... မင်းနဲ့ငါ အိပ်စက်ထားတဲ့အချစ်ဓာတ်ဝင်ခန်းတွေက ငါ့မှာမှတ်တမ်းအဖြစ်နဲ့ ရှိတယ်ကွ"

မစားရတဲ့အမဲ သဲနဲ့ပက်ပြစ်မည်။ မာမီကလည်း ညံ့တယ်။ ဦးထင်လင်းကို အမိအရ မချုပ်ကိုင်နိုင်ပေ။ သူဌေးကြီး ဦးထင်လင်းရဲ့ပိုင်ဆိုင်မှုတွေက အများကြီးပဲ။ မင်းချမ်းမြေ့ အမိအရ ချုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားချင်မိသည်။

"ငါ့မှာ အသိုင်းအဝိုင်းတွေအများကြီးရှိနေတယ်ဆိုတာ မင်းသိပါတယ်သခင် ... အေးအေးဆေးဆေး တွေ့ဆုံပါ၊ မင်းဒက်ဒီရော မင်းရော ငါကရေမြောင်းထဲကို ဆွဲယူပြစ်ချလို့ရတယ်ကွ"

စပီကာ ဖွင့်ထား၍ မင်းချမ်းမြေ့ ပြောဆိုကြိမ်းမောင်းနေတာတွေကို ခနု ကြားနေရသည်။

"ပိတ်လိုက်တော့ ဘာမှမကြောက်နဲ့ ကိုယ်ရှိတယ်"

"ခနု"

"ပြော"

"သခင့်ကိုစွ ရင်ဆိုင်ပြီးရှင်းပြစ်လိုက်ရင် ကောင်းမယ်ထင်တယ် ... ခနုပါ အန္တရာယ်တွေနဲ့ တွေ့ရလိမ့်မယ်"

"သခင့်ကို ဒုက္ခပေးမလို့ဘဲ မကြောက်နဲ့ ... သခင့်ကို အိမ်အမြန်ရောက်အောင်ပို့ပေးမယ် ... ကိုယ်က ယောက်ျားပဲ ရတယ်"

ခနုကို သူမ အထင်သေးမိတာတွေ နှောင်တရမိနေသည်။

မင်းချမ်းမြေ့ကို ရင်ဆိုင်ဖို့ သခင်လည်း သတ္တိမရှိပေ။

ဘာပဲဖြစ်ဖြစ် ခနုနဲ့အတူတူ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်မိ၏။ ကားက ခနုရဲ့ကျွမ်းကျင်မှုနှင့် ကားတွေကြားထဲမှာ တလှစ်လှစ် ပြေးနေသည်။

~~~

အခန်း ( ၁၂ )

အဖေ ရောက်လာတော့ အန်ကယ်ထင်လင်းက ရှေ့နေကြီးတွေနှင့် သူ့ကိုမွေးစားသားအဖြစ် တရားဝင်လုပ်ခဲ့သည်။ သခင်လည်း ခက်ခံကြောင်း လက်မှတ်ရေးထိုးခဲ့၏။ အမွေစားအမွေခံသားအဖြစ် ဖြစ်သည်။

"အခုချိန်ကစပြီး သားက ဒက်ဒီသားဖြစ်သွားပြီ အမွေခံသားပဲ ... ညီမလေး ဒေဝီသခင်ကိုလည်း စောင့်ရှောက်စေချင်တယ်"

သခင်လည်း ကျေနပ်သည်။ ခနုရှိနေမှပါ။ မနေ့က ခနုကြောင့် လူယုတ်မာရန်က သခင်လွတ်မြောက်ခဲ့သည်။ ခနုအရမ်းလျင်မြန်တာပဲ။ ကြောက်လည်း မကြောက်ပေ။ ခနုကို အထင်သေးမိတာ မှားသွားတယ်။ အခုချိန်ကစပြီး သခင့်အနားမှာ ခနုနေရတော့မယ်။

"သမီးလည်း သားရဲ့အဖေကို ဖခင်တစ်ယောက်လိုပဲ



www.burmeseclassic.com
~~~

www.burmeseclassic.com



ဆက်ဆံပြုစုရမယ်နော်"

"ဟုတ်ကဲ့"

"ရပါတယ် ကိုထင်လင်းရယ် ... ကျုပ်ကပြန်မှာပါ၊ ကိုယ့်ဒေသကိုယ့်ရပ်ရွာမှာပဲ နေလို့ပျော်တယ်"

"ကိုခင်သော်ရာ ဒီမှာ ဘာမှအားနာစရာ မရှိဘူးနော် ... အေးအေးဆေးဆေးနေပါဦး ... အခုတော့ အနားယူတော့နော် ... သားကတော့ ဒက်ဒီနဲ့ပြောစရာရှိတယ် ခဏလိုက်ခဲ့ပါ ... "

"ဟုတ်ကဲ့"

သခင်က ကျေကျေနပ်နပ်လက်မှတ်ထိုးပေး၍လည်း မနေ့စိတ်သက်သာရသည်။ ဒက်ဒီဆိုတဲ့ စကားကိုခေါ်ဖို့ မနေ့အခက်အခဲဖြစ်နေရသည်။

"မနေ"

"ပြောပါ ဒက်ဒီ ... "

"အေး ကောင်းတယ် ... သားနဲ့ဒက်ဒီ အမြန်ဆုံးရင်းနှီးကျွမ်းဝင်မှုဖြစ်မယ်ထင်တယ်"

"ကျွန်တော် ဒီဘဝကိုပျော်ရွှင်ကျေနပ်မှု ရှိတာတော့မဟုတ်ပါဘူးနော် ဒက်ဒီ ... "

"ဒက်ဒီ သိပါတယ်ကွာ ... ဒက်ဒီ့အခြေအနေကို သားသိလို့ ကျေးဇူးအများကြီးတင်ပါတယ်"





"အဟွတ် ... အဟွတ် ... "

"ဒက်ဒီ ... ရရဲ့လား"

"လူတွေရှေ့မှာ ဟန်ဆောင်နေရတာ စိတ်မောတယ်ကွာ၊ အနားယူချင်တယ်"

"အိပ်မလား ဒက်ဒီ ... "

"ဒက်ဒီ့ လုပ်ငန်းတွေကို မင်းဦးစီးနိုင်အောင် ဒက်ဒီပြပေးချင်တယ် ... ကျောင်းလည်းတက်ပါ ... "

"ဒက်ဒီ စိတ်ချမ်းသာသလို စီစဉ်ပါ"

မင်းချမ်းမြေ့ကိစ္စကို လုံးဝမပြောပြပေ။ ဒက်ဒီ စိတ်ပူပန်သောကရောက်မှာ စိုးရိမ်၍ဖြစ်သည်။

"သမီးအတွက်လည်း စိတ်ပူတယ်၊ မင်းလက်ထဲ အားလုံးအပ်ပါတယ် မနေ ... လုံးဝအပ်တာပါ၊ မင်းဆုံးဖြတ်ချက် အတည်ပဲနော် ... ဒက်ဒီကတော့ လုံးဝမလှုပ်ရှားနိုင်တော့ဘူး"

"အနားယူပါ ဒက်ဒီ ... "

"အေးအေး ... ဒီနေ့တော့ အနားယူမှဖြစ်မယ်ကွယ်"

မနေ ထွက်သွားသည်။ ဦးထင်လင်း စိတ်အေးသွားသည်။ မနေက တော်တဲ့ကောင်လေးပဲ အရမ်းလည်း ရိုးသား၏။ သမီးလေးနှင့်လက်ထပ်ဖို့အထိ သဘောတူထားသည်။ မေသဲနုရန်ကလည်း ရှိသေး၏။ မိမိလုပ်စရာရှိတာတွေ လုပ်ရမည်ဖြစ်သည်။ မေသဲနုကို လုံးဝအသိမပေးခဲ့။ တဖြည်းဖြည်းနှင့် ငွေကြေးစည်းစိမ်ဥစ္စာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မက်မောလို့ဆိုတာ သိသာလာ၍ဖြစ်သည်။

"ဒက်ဒီ"

"ဟင် ... သား ဝင်ခဲ့လေ"

"ဧည့်ခန်းထဲမှာ ဒေါ်မေသဲနုဆိုတဲ့ ဧည့်သည်တစ်ယောက် ရောက်နေပါတယ် ဒက်ဒီ"

"ဟင်"

"တွေ့လို့ဖြစ်ပါ့မလား ဒက်ဒီ"

"တွေ့မှဖြစ်မယ်ထင်တယ် ... ဒက်ဒီ့အခန်းထဲကို လွှတ်လိုက်ပါ"

"ဟုတ်ကဲ့"

ခနဲ ပြန်ထွက်သွားပြီး မကြာခင် မေသဲနု ဝင်လာသည်။

"ကိုထင် ... ဘာဖြစ်လို့လဲ နေမကောင်းဘူးလား ... ပိန်ချုံးသွားတယ်နော် ... သဲနုကိုရှောင်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွာ ... ကိုယ်နေမကောင်းလို့ပါ ချောင်းတွေဆိုးပြီး ဖျားနေတယ် ... ဒါကြောင့် အပြင်မထွက်ဘဲ နားနေတာ"

"ဟိုကောင်လေးက ဘယ်ကလဲ ကိုထင် ... အရင်ကမတွေ့ဖူးပါဘူး"

"မနလား ... သူက ကိုယ့်အစ်ကိုကြီးရဲ့သားလေ၊ မနေ့ကမှ သားအဖနှစ်ယောက် ရောက်လာတယ်"

"ဘာပြောတယ် ... ကိုထင်မှာ အစ်ကိုရှိလို့လား၊ သဲနုအသိ





ဆုံးနော်"

"ဟုတ်ပါတယ် ... ကိုယ်စကားပြောလောသွားလို့ ကိုယ့်ဧနီးရဲ့အစ်ကိုကြီးပါ ... "

"ဟွန်း ... ဘယ်သူတွေတိုက်ပေါ် ခေါ်တင်ထားပြီး သဲနုကို လှည့်ပတ်ဖို့ မကြိုးစားနဲ့နော်"

ကိုထင်နှင့်လက်ထပ်ဖို့ကိစ္စ အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေသည်။ သဲနု ဒေါသထွက်ရ၏။ သားနဲ့သူ့သမီး လက်ထပ်ဖို့ကိစ္စလည်း ဒေဝီသခင်က ငြင်းနေလို့တဲ့။ များပြားတဲ့စည်းစိမ်ဥစ္စာတွေ သဲနုလက်ထဲ အမိအရဆုပ်ကိုင်နိုင်ဖို့က အခက်အခဲတွေ ရှိနေသည်။

"မင်းကိုပြောရဦးမယ် သဲနု ... ခုနေကို ကိုယ်မွေးစားလိုက်တယ်၊ အမွေစားအမွေခံသားအဖြစ်ပါ ... "

"ဘာ ... ရှင် ဘာလုပ်တာလဲ၊ အခုမှလာပြီး ဘာအမွေစားအမွေခံလည်း ... ရှင့်အမွေတွေကို ဆက်ခံဖို့ သဲနုသားရှိတယ်လေ"

"ကိုယ်ရှင်းရှင်းပြောမယ်နော် သဲနု ... မင်းသားကိုတော့ စိတ်မချဘူး၊ မင်းအတွက် ကိုယ်ဘာလုပ်ပေးရမလဲ ဒါပဲပြောပါ"

"သဲနုအတွက် ဘာလုပ်ပေးရမလဲ ဟုတ်လား ... လက်ထပ်လေ ... ပိုင်ဆိုင်ခွင့် တချို့တဝက်လွှဲပေး ... ဒါပဲလေ ... ပြီးတော့ ဒေဝီသခင်နဲ့သား မင်းချမ်းမြေ့ကို လက်ထပ်ပေး ... "

သဲနု မင်းကတော့ လောဘရမ္မက် အတော်လေးကြီးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သမီးလေးကြောင့် ကိုယ့်သမီးလေး အရှက်သိက္ခာအတွက် မင်းဆန္ဒတွေကို လိုက်လျှောပေးနေတာကွ။ မိမိပိုင်ဆိုင်သမျှ အားလုံးအရယူဖို့ ကြိုးစားနေသည်။

"သဲနုတို့ အမြန်ဆုံးလက်ထပ်ကြရအောင် ကိုယ်ရယ်နော်၊ သဲနုတို့က ငယ်ချစ်တွေလေ ... သား မင်းချမ်းမြေ့ကလဲ ကိုယ်ပေး ထားတဲ့ အရင်းအနှီးနဲ့ ကြီးပွားအောင် လုပ်ပြနိုင်တယ်လေ"

ဦးထင်လင်း လက်မခံနိုင်။ မင်းချမ်းမြေ့ ဘယ်လိုစီးပွားရေး တွေလုပ်နေလဲဆိုတာ မိမိသတင်းအတိအကျ သိထားသည်။

"အဟွတ် ... အဟွတ်"

"အဟွတ်"

"အား ... "

"ဟင် ... ကိုယ် ချောင်းတွေအရမ်းဆိုးနေပါလား၊ သဲနုလာ ပြီး ပြုစုမှဖြစ်တော့မှထင်တယ် ... ကိုယ်နဲ့သဲနုတို့ အကြီးအကျယ် လက်ထပ်ကြဖို့ မလိုပါဘူးကွယ် ... တရားသူကြီးခေါ်ပြီး အိမ်မှာပဲ လက်ထပ်ကြမလား"

"နေပါဦး သဲနုရယ် ... အစ်ကိုကြီးရောက်နေတယ်၊ သမီး ကလည်း အကြီးအကျယ်ပြသနာရှာမှာ ... ကိုယ် အဆုတ်ရောဂါဖြစ် နေတယ် မင်းပြန်ပါ"

"ရှင် ကျွန်မကို လိမ်ညာပြီး လှည့်စားနေတာ မဟုတ်လား။ ကိုထင်နော် ... သဲနုကို လျှော့တွက်မထားနဲ့ ရှင်တို့သားအဖ ဘယ်





လောက်ဒုက္ခရောက်သွားမယ်ထင်လဲ ... သဲနုဆန္ဒကို မလိုက်လျှော ရင် ရှင့်သမီးနာမည် စုတ်ပြတ်သတ်သွားစေရမယ် ... ဘာမှတ်လဲ"

"တော်ပါတော့ကွာ ... မင်းကို ရောဂါကူးစက်လိမ့်မယ်၊ ပြန်ပါ ... နေကောင်းသွားရင် ကိုယ်တို့ထပ်တွေ့ကြမယ်၊ အဟွတ် အဟွတ် ... "

"တောက် ... ကျွန်မအတွက် အသုံးစရိတ်ပေး ... "

မေသဲနု တောင်းသလောက် ချက်လက်မှတ်ရေးပေးလိုက် သည်။

"ရော့ပါကွာ ... မင်းကြိုက်သလောက် သုံးပါ"

"ကျွန်မတောင်းတာက ရှင့်အတွက် သူတောင်းစားပေးသ လောက်ပဲ ရှိပါတယ်နော် ... သွားမယ် ... အမြန်ဆုံးလက်ထပ်ဖို့ စဉ်းစားထားပါ"

မေသဲနု ပြန်ထွက်လာရင်း ကိုထင့်ဘူဆိုတာကို သေသေ ချာချာကြည့်မိသည်။ လူချောလူခန့် တစ်ယောက်ပဲ။ မိမိကိုတွေ့ တော့ ဒေဝီသခင်က နှုတ်တောင်မဆက်။ အပေါ်ထပ် တက်သွား သည်။

"တွေ့မယ် ... မေသဲနုဆိုတာ ဘယ်လောက်အထိ အဆိပ် ပြင်းတဲ့မြွေဟောက်မလည်းဆိုတာ ညည်းသိစေရမယ်"

ဒေါသတကြီးနှင့် ကားမောင်းပြီး ထွက်လာခဲ့သည်။ အိမ်ပြန် ရောက်တော့ သားမင်းချမ်းမြေ့က ဒေါသတွေပေါက်ကွဲပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုလည်း အပြစ်တင်နေသည်။

"မာမီလည်း ဘယ်လိုလုပ်ရမလဲသား ... ဒင်းက အကြောင်းအမျိုးမျိုးပြပြီး ရက်ရွှေ့နေတယ်၊ သားအကြောင်းတွေလည်း သိထားပုံပဲ ... အခု ဓနဆိုတဲ့ကောင်လေးကို သားအဖြစ်မွေးစားထားတယ်တဲ့"

"ဘာပြောတယ် မာမီ ... ဓန ဟုတ်လား ... ဒီကောင်က ဝပ်ရှော့ဖြင်သမားပါ ... မာနဓနတဲ့"

"ဟင် ... သူ့တူတဲ့ ..."

"မဟုတ်သေးပါဘူး မာမီ ... ဓနဆိုတဲ့ကောင်က သားနဲ့သခင့်ကြားမှာ နှောက်ယှက်နေတာပဲ"

"ဟုတ်လား"

ဓနကြောင့် သခင့်ကို မင်းချမ်းမြေ့ မချုပ်ကိုင်ထားနိုင်ဘဲဖြစ်နေသည်။

"မာမီလည်း ကိုထင်လင်းကို အရှက်ခွဲဖို့ ပြသနာတွေ ပိုကြီးသွားမှာစိုးလို့ မလုပ်သေးတာပါ"

"တောက် ... ဒီကောင် ဓန ... ဝင်ဝင်ရှုပ်နေတယ်၊ အခုလဲ ဘာအကွက်လဲ ... မွေးစားသားတဲ့ ..."

"မာမီကို အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေတာလို့ထင်တယ် သား ... အခု နေမကောင်းဘူး၊ တီဘီရောဂါဖြစ်နေလို့တဲ့၊ မာမီလည်း ရောဂါကူးစက်မှာကြောက်လို့ ပြန်လာခဲ့တာ"





"သခင် ... သခင် မင်းက ငါ့ကိုအရွဲ့တိုက်ပြီး တွဲနေတာ ငါသိတယ်ကွ ... ငါ့လက်ထဲ မင်းကြိမ်းသေ ရောက်ရမှာပါ သခင်ရာ"

ဓနဆိုတဲ့ကောင်က အမြဲတမ်းလိုက်ပြီးနှောက်ယှက်နေသည်။ ဒီကောင် ကောက်ရိုးပုံစောင့်တဲ့ ခွေးပဲ။ မင်းကို အမွေစားအမွေခံသားအဖြစ် မွေးစားလိုက်တယ် ဟုတ်လား ... ဦးထင်လင်းပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေအားလုံး မင်းချမ်းမြေ့ပဲ ပိုင်ဆိုင်စေရမယ်။ စိတ်ထဲကနေ ကြိမ်းဝါးနေမိ၏။ ဓနကို အမိကဖြို့ပြစ်ရမယ်။ မင်းချမ်းမြေ့ ထွက်လာခဲ့သည်။ တပည့်တွေနှင့်တိုင်ပင်လိုက်၏။ ဓနဆိုတဲ့ကောင်ကို အသေသတ်ပေးနိုင်တဲ့ကောင် ရှာသည်။

"ဘာမှမပူစမ်းပါနဲ့ အာစရိရာ ... ဓနဆိုတဲ့ကောင်ကိုသာ ပြပါ အရွေ့သပဲ ... တပည့်ကြီး တာဝန်ယူပါတယ်"

"ဟုတ်တယ် ဗိုက်ကြီး ... မင်းတာဝန်ယူ၊ ဒီကောင်ကြောင့် သခင်နဲ့ဝေးသွားရတယ် ... ဒီကောင်သာ ဝင်မရှုပ်ဘူးဆိုရင် အဆီတစ်ထပ် အသားတစ်ထပ်ပဲကွ ..."

တွေးမိတိုင်း မင်းချမ်းမြေ့ စိတ်မသက်မသာကြီး ခံစားနေရသည်။

"ဒီကောင် ဘယ်မှာလဲပြ ... အာစရိရှေ့မှာ အတားအဆီးလုပ်ကန်သင်းမှန်သမျှ ဖယ်ရှားပေးမယ် ..."

"အေး ပြမယ် ... ဒီကောင့်ကိုတော့ မင်းလက်ထဲအပ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်သေသပ်ဖို့တော့ လိုအပ်တယ်နော် ဗိုက်ကြီး ... ”

“စိတ်ချ ... ဗိုက်ကြီးပါ”

မနေဆိုတဲ့ကောင်ကို အမြန်ဆုံးရှင်းပြစ်မှဖြစ်မည်။ ဒေဝီသခင်ကို ကြိုးရှည်ရှည်နဲ့လွှတ်ထားမိတာ မှားသွားတယ်။ မနေရှိမယ်ထင်ရတဲ့ကားဝပ်ရှော့ကို ကားပြင်ရန်သွားသည်။

“မနေက သူဌေးသားဖြစ်သွားပြီ ... သူဌေးကြီးက မွေးစားလိုက်လို့ သူဌေးအိမ်မှာနေတယ်လေ ... ကားမပြင်တော့ဘူးကွ”

မနေက သခင်တို့တိုက်ကြီးထဲမှာ အခန့်သားစည်းစိမ်ဖော့ခံစားနေပြီပေါ့လေ။ သူ့နေရာပါ ... ဦးထင်လင်းနဲ့သူက သားသမီးတော်ရမှာ ကိုမနေ ... မင်းတော့ အများအကြီးကြီး ကျူးလွန်မိသွားပြီပဲ။

“ဗိုက်ကြီး”

“ပြောပါ အာစရိ”

“မင်းကြားလား ... ”

“ဟုတ်ကဲ့ ကြားပါတယ် အာစရိ ... တပည့်ကြီးကိုလွှဲအပ်လိုက်စမ်းပါ ... အစအနတောင် မတွေ့စေရဘဲ ဖြစ်သွားမယ်”

ဗိုက်ကြီးက လက်ယဉ်သည်။ စိတ်ချရ၏။ မင်းချမ်းမြေ့ နိုင်နေကြပါ။ သတ္တိလည်း ရှိသည်။

“ဒီကောင့်ကို လူ့လောကကြီးထဲမှာ အသက်ရှင်လျှက်





သားလို့မဖြစ်တော့ဘူး ဗိုက်ကြီး ... ”

“စိတ်ချ ... တပည့်ကြီးတာဝန်ထားပါ အာစရိ”

“အိုကေ”

“ဗိုက်ကြီးကိုသာ ပြပါ”

“လာ ... သခင်တို့ခြံနားသွားမယ်၊ အမြန်ဆုံးကွာ ... အမြန်ဆုံး ... ရှင်းပြစ် ... ”

ဗိုက်ကြီးအား ကားပေါ်တင်ပြီး သခင်တို့ခြံနား မယောင်မလည် ရောက်လာကြသည်။

“ဟိုမှာ ... ဟိုမှာ ဗိုက်ကြီး ... ခြံထဲမှာ သူဌေးကိုကပ်ဖားရှပ်ဖားလုပ်နေတဲ့ကောင် ... ”

မနေက သူဌေးကိုတွဲလျှက် ကားထဲပို့ပေးနေသည်။

“သေသေချာချာကြည့်ထားနော် ဗိုက်ကြီး ... တွေ့လား၊ အဖိုးကြီးနေမကောင်းပုံပဲ ... ဆေးခန်းသွားပြဖို့ထင်တယ်ကွ ... အတော်ပဲ သခင်တစ်ယောက်ထဲ ကျန်ခဲ့မယ်ထင်တယ်”

“သူ့သမီးကရော လိုက်မသွားဘူးလား ဆရာ”

“သူ့အဖေနဲ့ မတည့်ဘူးကွ”

သခင့်ဒက်ဒီက သူ့မာမီနှင့် ငြိစွန်းနေတာကို သခင်က မကျေမနပ်နှင့် တားဆီးကန့်ကွက်နေပြီး သူ့ကိုအရွဲ့တိုက်တွဲပြသေးသည်။

“တောက် ... တွေးမိတိုင်း ဒေါသထွက်ရတယ်၊ သခင့်ကိုမြန်မြန်ချုပ်ကိုင်ထားရမှာကိုကွာ ... ”



www.burmeseclassic.com

www.burmeseclassic.com



ဦးထင်လင်းနှင့်ခနတို့က ကားနှင့်အပြင်ထွက်သွားကြသည်။ ချမ်းမြေ့ ဖုန်းဆက်ပြီး သခင်နှင့်ဆက်သွယ်လိုက်၏။ သခင်က ဖုန်းမကိုင်သဖြင့် မင်းချမ်းမြေ့ ပို၍ဒေါသတွေ ပေါက်ကွဲရသည်။

"အထဲဝင်မလား အာစရိ ..."

"တံခါးဝမှာ အစောင့်ရှိတယ်ကွ"

"အာစရိအတွက် လုံးဝမခံနိုင်တော့ဘူး၊ အရှက်ခွဲပြစ်ဖျာ ... အင်တာနက်မှာ ဒေဝီသခင်ရဲ့ ဝစ်လစ်စလစ်ပုံတင်လိုက် ... ကျွန်တော်တို့လည်း ကြည့်ရအောင်"

"ဟေ့ကောင် ဗိုက်ကြီး ... စကားကို ဆင်ခြင်ပြောပါ၊ သခင်က ငါမြတ်နိုးတန်ဖိုးထားရသူကွ ..."

"မသိလို့ပါ အာစရိ ... တောင်းပန်ပါတယ်"

"သခင့်ကိုမရရင် ငါရူးတော့မယ် ဗိုက်ကြီး ... မင်းစဉ်းစားကြည့်စမ်း၊ ဘယ်လောက်လှပအိစက်တောင့်ဖြောင့်နေလဲ ..."

သခင့်ကို အရှက်ခွဲပြစ်ဖို့ ချမ်းမြေ့လက်တွန့်နေသည်။ မထင်မှတ်ဘဲ သူချစ်မြတ်နိုးသွားခဲ့ရ၏။ သခင့်အမုန်းတွေကို မင်းချမ်းမြေ့ မခံယူနိုင်။ ခနကိုပဲ သတ်ပြစ်ချင်နေသည်။

ဟာ ဟာ ဟာ

အခန်း ( ၁၃ )

"သခင်"

"ရှင် ... ရှင် ... မင်းချမ်းမြေ့ ရှင်နဲ့မပတ်သက်ချင်ဘူး ... ထွက်သွားပါ"

"ကိုယ် ဘာမှနှောက်ယှက်ဖို့ ရောက်လာတာမဟုတ်ပါဘူး သခင်ရယ် ... အကြောင်းရှိလို့ပါ၊ မင်းနဲ့ကိုယ်နဲ့ နှစ်ကိုယ်တူချစ်တင်းနှောခဲ့ကြတဲ့ ဓာတ်ပုံလေးတွေ ပေးချင်လို့ပါ"

"ဘာပြောတယ် ... ရှင်ဘာဖြစ်လို့များ ယုတ်မာကောက်ကျစ်ချင်ရတာလဲ မင်းချမ်းမြေ့ ..."

"ယုတ်မာတာမဟုတ်ဘူးလေ ... ချစ်တာပါ၊ သခင့်ကိုအရမ်းချစ်တယ် ... ကိုယ်တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြတဲ့ နေ့ရက်လေးတွေကို ဖျောက်ဖျက်မပြစ်ချင်စမ်းပါနဲ့ အချစ်ရယ်"

"ရှင်နဲ့ကျွန်မ မိတ်ဆွေအဆင့်ထက် တစ်ကြိမ်တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မကျော်လွှန်ခဲ့ဖူးဘူးနော် ... ဘာတွေလာပြောနေတာလဲ”

မနေလည်း မရှိဘူး။ သခင်တစ်ယောက်ထဲ အတန်းရှေ့မှာ ရပ်နေတုန်း မင်းချမ်းမြေ့ ရောက်လာခြင်းဖြစ်သည်။ အရင်ကလည်း ရောက်လာနေကျမို့ ပတ်ဝန်းကျင်မှာ အထူးအဆန်းဖြစ်မနေတော့။ သခင် နောင်တတွေကြီးစွာရောက်နေရ၏။ ဒက်ဒီကိုရှဲ့ပြီး ဒေါ်မေသဲ နုရဲ့သားနှင့် တွဲမိတာပဲဖြစ်သည်။

“မင်းဒက်ဒီရော ကိုယ့်မာမီနဲ့ လက်ထပ်တော့မယ်လေ ... လက်ထပ်ရက်တောင် ရွေးထားကြပြီ”

“ဟင်”

မင်းချမ်းမြေ့အမေ ဒေါ်မေသဲနုကိုလည်း ရှုံမုန်းမိသည်။ ဒက်ဒီ လက်မထပ်ရဘူး။ ဒက်ဒီရော ဘယ်လိုအခက်အခဲတွေနှင့် ရင်ဆိုင်နေရလဲ။ အခုတလော ဒက်ဒီအရမ်းပိန်ချုံးသွားသည်။

“မင်းနဲ့ကိုယ်က တစ်ခြံထဲမှာအတူတူနေရတော့မှာလေ ... ဟိုကောင်မနဲ ... ဘာမွေးစားသားလဲ အလကား စက်ပြင်သမား တောသားပဲ ... သခင့်အဖေကို ကပ်ပေါင်းပြီး အမွေတွေရအောင် လုပ်နေတာ”

“မနက သခင့်အစ်ကိုပဲ ... သခင့်အမေရဲ့အစ်ကိုက မွေးထား လေ ... မကြာမင် ဒက်ဒီ့စီးပွားရေးလုပ်ငန်းတွေကို ဦးစီးတော့မယ်”

“ဘာပြောတယ်”





မင်းချမ်းမြေ့ရဲ့ ဒေါသတွေပေါက်ကွဲသွားရသည်။ သခင် ကိုယ်တိုင်က ဒီကောင့်ကို လိုလိုလားလားရှိနေ၏။ မဖြစ်ဘူး ... တမီ ညှံ့တယ်။ ဦးထင်လင်းကို အပိုင်မချုပ်ထားနိုင်ဘူး။ သခင့်ကို လည်း သူကြိုးရှည်ရှည်နဲ့လှန်ထားမိတာ နောင်တရမိနေသည်။ အစောကြီးထဲက အပြတ်ချုပ်ပြစ်ရမှာပါ။ သခင်က သူ့ကိုရှဲ့ပြီးတွဲပြ နေတာလည်း သူသိနေ၏။ ဟိုကောင်မနကြောင့် မနကိုပဲ သတ်ပြစ် ချင်နေသည်။

“မင်းကိုယ်နဲ့လိုက်ခဲ့ပါ သခင် ... အရင်ကလို ပျော်ပျော်ပါး ပါး နေကြရအောင်ပါကွာ”

“လွှတ်နော် မင်းချမ်းမြေ့ ... နင်နဲ့ငါ လုံးဝမပတ်သက်ချင် တော့ဘူး၊ နောက်ထပ်မလာပါနဲ့”

မင်းချမ်းမြေ့က သူ့မလက်ကို ဆုပ်ကိုင်ဆွဲခေါ်နေသဖြင့် သခင်မသာ ရှုန်းပြစ်ရင်း ဘယ်လိုလုပ်ရမလဲ စဉ်းစားနေရသည်။ လွတ်လမ်းက မမြင်ပေ။ မနရော ... ညိုမီနဲ့တွေ့နေကြတာ မပြီး တော့ဘူးလား။ မနက သခင်ရဲ့အစ်ကိုနေရာရောက်သွားပြီဆိုတော့ ညိုမီနှင့်ချစ်သူလုဘက်ဖြစ်ဖို့ မသင့်ပေ။ မန ကယ်ပါဦး ... သခင် ဒုက္ခရောက်နေပြီ။ မနနှင့်ညိုမီတို့ စားသောက်တန်းကိုသွားတာ သခင် မလိုက်သွားခဲ့ပေ။ သူတို့နှစ်ယောက်တွဲနေတာကိုလည်း သခင် မနာလိုဝန်တိုတွေဖြစ်ရပြီး တားဆီးပိုင်ခွင့်လည်းမရှိဖြစ်နေရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အေးအေးဆေးဆေးခေါ်နေတာ မင်းလိုက်ခဲ့နော် သခင် ... မင်းကို ကိုယ်အရမ်းချစ်တယ်၊ လုံးဝကိုလက်လွှတ်မခံနိုင်တော့တာ"

သူမ ပတ်ဝန်းကျင်မှာလည်း မင်းချမ်းမြေ့တပည့်တွေ ဝိုင်းထားသည်။ ဗိုက်ကြီးဆိုတဲ့လူကို သခင် သိ၏။ ပတ်ဝန်းကျင်မှာ ရုတ်ရုတ်သဲသဲမဖြစ်စေရန် သခင်လိုက်သွားမှပဲဖြစ်တော့မည်။ ခနဆီကို ဘယ်လိုမက်ဆေ့ ပို့ရမလဲ။ စိတ်ထဲမှာ ကြောက်စိတ်တွေနှင့် မင်းချမ်းမြေ့ရဲ့ ယုတ်မာကောက်ကျစ်မှုတွေကို သခင်အသိဆုံးပင်။ လူမိုက်တွေမွေးပြီး မကောင်းမှုဒုစရိုက်လုပ်ငန်းတွေနှင့် စီးပွားရှာနေသူဖြစ်သည်။

"ကျွန်မလိုက်မယ် ... ဒါပေမဲ့ ဒက်ဒီက ဒီအတိုင်းကြည့်နေမှာမဟုတ်ဘူးနော် မင်းချမ်းမြေ့ ... ရှင့်မာဖီ အနာဂတ်လည်း ကောင်းမယ်မထင်နဲ့"

"ကိုယ်တို့နှစ်ယောက်က လက်ထပ်ကြမှာပဲ ... ကိုယ့်မာမီက မင်းနဲ့နှစ်ဖက်ဆွေမျိုး တော်သွားပြီလေ"

သခင် ဘာမှပြောမနေတော့ဘဲ မင်းချမ်းမြေ့နောက်လိုက်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။ ကားပေါ်တက်ကာနီးတွင် လမ်းမှာ ကိုချို့နှင့်ဆုံ၏။ သခင်ကူညီဖို့ အချက်ပြလိုက်သည်။

"တက်လေ ..."

မင်းချမ်းမြေ့ကလည်း ဒီအခြေအနေတွေကို အားလုံးသိနေ





သည်။ သခင် မင်းလောက်တော့ကွာ ... သူ့တပည့်တွေကို ပြန်ထွက်ဖို့ အချက်ပြလိုက်ပြီး ကားကိုမောင်းထွက်လာခဲ့သည်။

"ခနရော တခြားကောင်တွေရော အသေဆိုးနဲ့မသေစေချင်ရင် အကူအညီတောင်းဖို့ မစဉ်းစားနဲ့နော် ဒေဝီသခင် ..."

မင်းချမ်းမြေ့ အကြောင်း သခင်အသိဆုံးပင်။ ဘယ်လိုလုပ်ရမလဲ။ ခနကို ထိခိုက်နစ်နာရမှာလည်း သခင်မလိုလားပေ။ ကိုချို့တော့ မြင်သွားသည်။ သခင်ကို ဘယ်ခေါ်သွားမလဲဆိုတာ မသိနိုင်ဘူး။ သခင်စိတ်တွေ ပူပန်နေမိ၏။ ခနကရော သခင်ကို ဘယ်လိုထင်မလဲ။ သခင်ရဲ့အပျိုစင်ဘဝလေးကို ခနအတွက် ထိန်းသိမ်းထားကွယ်သွားချင်သည်။

"ခနရယ် ... သေသေချာချာပြန်စဉ်းစားကြည့်တော့ သခင်ချစ်မိသွားတာ ခနပါ"

ခနရဲ့ယောကျ်ားပီသမှုတွေကို သခင်လေးစားအထင်ကြီးမိသည်။ ဒက်ဒီဆီက စည်းစိမ်ဥစ္စာတွေကို ခန မမက်မောဘူးဆိုတာ သခင်သိသည်။

"ညီမို့ကို မချစ်လိုက်ပါနဲ့ခန ... တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်နော်"

သခင် အမြဲတမ်း စိတ်မာတတ်မာကျောပြီး လုပ်ချင်တာကို လုပ်တတ်ပြီး မာန်မာနတွေ ရင်နှင့်အပြည့် ထည့်ထားသူပါ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေနှင့် မပတ်သက်ခဲ့။ မင်းချမ်းမြေ့ကိုတောင် ဒက်ဒီ့ကြောင့် ပတ်သက်မိလိုက်ခြင်း ဖြစ်သည်။

"လူယုတ်မာကောင် … နင့်ကို ငါ ဘယ်တော့မှလက်မထပ်ဘူး … သေပဲသေပြစ်မယ်"

သခင့်အား မင်းချမ်းမြေ့နှင့် တပည့်နှစ်ယောက်က ညှပ်ထိုင်ပြီး မြို့ကြီးတစ်ခုထဲသို့ ခေါ်ဆောင်လာခဲ့သည်။

"မင်းချမ်းမြေ့ ဘာလုပ်တာလဲ ပြောလေ … ဒါဘယ်နေရာလဲ"

"ကိုယ့်အိမ်လေ … "

"ဟင်"

"စိတ်မပူပါနဲ့ သခင်ရယ် … အထဲမှာ မင်းနှစ်ဖက်တော်ရမယ့် ကိုယ့်မာမီ ရှိပါတယ်"

ဒေါ်မေသဲနုတို့သားအမိ အရင်ကဆင်းရဲနွမ်းပါးကြသည်။ ဒက်ဒီနဲ့တွေ့မှ ချမ်းသာလာကြတာပဲဖြစ်၏။ မင်းချမ်းမြေ့ကို ဒက်ဒီ အရင်းအနှီးတွေ ထုတ်ပေးထားသည်။

"ဝင်လေ"

"ဒါ ဘာသဘောလဲ မင်းချမ်းမြေ့ … "

"သခင့်ကို ခိုးလာတာလေ"

"ဘာ … "





"အထဲကိုဝင်ပါ … ဒီခြံထဲကနေ မင်းအပြင်ကိုထွက်ခွင့်မျိုးတော့ဘူး သခင် … "

"ရှင် … ရှင် … ကျွန်မကို မတော်မတရားလုပ်မယ်တော့ကြံနဲ့နော် … ကျွန်မ ကိုယ့်ကိုယ်ကို သတ်သေပြစ်လိုက်မှာ"

"မင်း သေရဲရင်သေလေ … မင်းအဖေရော မင်းရော မင်းတို့စီးပွားရေးတွေအားလုံး အရှက်သိက္ခာမဲ့ပြီး မြောင်းထဲရောက်လိမ့်မယ် သခင် … စဉ်းစားနော် … "

"တောက်"

"လာပါ … တိုက်ထဲဝင်ပါ … မကြာခင် မင်းက ကိုယ့်ဇနီးဖြစ်ရတော့မယ် … အေးအေးချမ်းချမ်း သဘောတူလက်ခံပါ ဒေဝီသခင် … လာပါ အထဲဝင်ရအောင် … "

သခင့်လက်ကိုဆွဲပြီး တိုက်ထဲဝင်လိုက်လာခဲ့ရသည်။ ဧည့်ခန်းထဲမှာ ဒေါ်မေသဲနု ထိုင်နေ၏။ အရှက်မရှိလိုက်တာ။ မှတ်ချည်နှင့်မလိုက်အောင် ယုတ်မာကောက်ကျစ်လွန်းသည်။

"သမီး သခင်ပါလား … မာမီဝမ်းသာစွာ ကြိုဆိုပါတယ်ကွယ် … လာပါ"

ဒေဝီသခင် … ညည်းဘာတတ်နိုင်သေးလဲ။ တစ်နေ့နေ့တော့ ငါ့လက်ထဲရောက်ရပြီလေ … ငါ့သားကို ညည်းလက်ထပ်ရမယ်။ ညည်းအဖေလည်း ငါ့ယောက်ျား ဖြစ်ရမယ်။ ညည်းတို့စည်းစိမ်ဥစ္စာတွေအားလုံး အပိုင်သိမ်းပြစ်မယ်။ ဒေါ်မေသဲနု စိတ်ထဲကနေ

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းဝါးနေမိသည်။

"သားက မိန်းမခိုးလာမယ်ဆိုတော့ မာမီက အရမ်းအံ့ဩနေတာ သမီးလေးကိုတွေ့လို့ မာမီ စိတ်အေးရတယ် ... ဝမ်းသာလိုက်တာ သမီးလေးရယ် ... "

"ဒီမှာ ကျွန်မကို သူအတင်းအကျပ်ခေါ်လာတာပါ အန်တီ"

"သမီးလေးရယ် ... သားက အရမ်းချစ်လို့ပါ။ မာမီအသိဆုံးပါ ... ကြည်ကြည်ဖြူဖြူ လက်ခံပေးပါ"

"လက်မခံနိုင်ဘူး အန်တီ ... မင်းချမ်းမြေ့နဲ့ကျွန်မ ဘာမှမဆိုင်ဘူး၊ ပြန်လွှတ်ပေးပါ ... "

"လူငယ်တွေကိစ္စ မာမီဝင်မပါတော့ဘူး ... သား ခေါ်သွားလေ"

"ဒီမှာ"

"သွားကြ ... လူငယ်တွေကိစ္စ ... "

ဒေါ်မေသဲနုက မသိချင်ယောင်ဆောင်ပြီး ထွက်သွားသည်။ အယုတ်တမာမကြီး ... သခင် မတတ်နိုင်တော့။ မနုရယ် ... သခင့်ကိုလာကယ်ပါဦး။ သခင်ဘဝပျက်ရတော့မယ်။ ကိုချို့တော့ မြင်တွေ့သွား၏။ မနု ရဲစခန်းကိုတိုင်ပါစေ။ မင်းချမ်းမြေ့က သခင်လက်ကိုဆွဲ၍ အိပ်ခန်းထဲခေါ်လာသည်။

"သခင်ရယ် ... အေးအေးချမ်းချမ်းလေး ကိုယ်နဲ့နှစ်ကိုယ်တူချစ်စခန်းလေး ဖွင့်ကြရအောင်ပါကွာ နော် ... "





"လွှတ်နော် မင်းချမ်းမြေ့ ... ငါ့ကိုပြန်ပို့ပေးပါ၊ နင်တို့သားအမိနှစ်ယောက်လုံး ဒုက္ခရောက်မှာနော်"

"မရောက်ပါဘူး ... ကိုယ့်မာမီက မင်းဒက်ဒီကိုချုပ်ထားပြီးပြီလေ ... မကြာခင် ကိုယ့်လက်ထဲကို မင်းတို့စည်းစိမ်ဥစ္စာတွေရောက်တော့မယ် သခင် ... ကိုယ့်ဇနီးမယားအဖြစ် နေစမ်းပါ"

"နင် ... နင်ယုတ်မာလှချည်လား ... ကောင်းပြီလေ၊ နင်လုပ်ချင်တာလုပ်၊ နင်လည်း မကြာခင် ငါ့ကိုသတ်မှုရော မုဒိမ်းမှုရောနဲ့ထောင်ကျခံရလိမ့်မယ် ... လူယုတ်မာကောင် ... "

"ဖြန်း"

"ထွီ ... "

"ဖြန်း ... ဖြန်း"

မင်းချမ်းမြေ့ရဲ့လက်ဝါးက သခင့်ပါးပြင်ပေါ် ပြင်းထန်စွာကျရောက်လာသည်။

"မင်းကအချစ်နဲ့ ဆက်ဆံလို့မရဘူးထင်တယ် သခင်၊ နှိပ်စက်မှရတော့မယ်ထင်တယ် ... "

မနု ဘယ်ရောက်နေလဲ။ နင်က ညီမနဲ့ကြည်နူးနေတယ်ပေါ့သေး။ မနုက အစ်ကိုနေရာမှာ သမာဓိကြီးနှင့် သခင့်ကို ညီမတစ်ယောက်ကဲ့သို့ ဆက်ဆံနေသည်။

"သခင်ချစ်တာက မနုပါ ... ဘာဖြစ်လို့ မသိရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သခင့်ရင်တွေ မီးတောက်နေသည်။ မင်းချမ်းမြေ့က သူမ အနားကပ်ထိုင်ပြီး လက်တွေနှင့်သိုင်းဖက်လာ၏။ သခင် ရွံ့ရှာမုန်းတီးစွာဖြင့် ဖယ်ရှားပြစ်ပေမယ့် မလွတ်။ သူ့မျက်နှာကြီးက သူမ မျက်နှာပြင်ပေါ် နီးကပ်လာသည်။

"အချစ်ရယ် ... ကိုယ်အကြမ်းမဖက်ချင်ပါဘူးကွာ ... အသာ တကြည်လေး ခံယူစမ်းပါ ... မင်းအစ်ကို မနလည်းရောက်လာရို မရွှယ်ပါဘူး"

"တောက် ..."

"မင်း ကိုယ့်ဇနီးမယား ဖြစ်ကိုဖြစ်စေရမယ်သခင် ... အချစ် ကိုအရမ်းချစ်လို့ပါ"

"လူယုတ်မာ ..."

"ချစ်တယ်"

မင်းချမ်းမြေ့က သူမအား စော်ကားဖျက်စီးပြစ်ဖို့အတွက် ကြိုးစည်နေသည်။ သခင် ရုန်းဖယ်တွန်းကန် အော်ဟစ်ရင်း မောပန်း နွမ်းနယ်လျှက် ခန္ဓာကိုယ်အင်အားမဲ့သွား၏။ မင်းချမ်းမြေ့ လူယုတ်မာကောင် ... နင်အစော်ကားခံရပြီး ငါအသက်ရှင်နေမယ်ထင်လား ဒက်ဒီ့ကိုလည်း စိတ်နာသည်။

"ဒက်ဒီကြောင့်ပဲ ... ဟိုမိန်းမကြီးကို ဒက်ဒီပတ်သက်လို့ အထောက်အပံ့တွေပေးလို့ သခင်အရှုံးတိုက်မိတာ ... တကယ်





ဒက်ဒီနောက်ဆုတ်လိုက်ပါလား"

သူမ အော်ဟစ်ပြစ်သည်။ မင်းချမ်းမြေ့ရဲ့ ယုတ်မာကောက်ကျစ်မှုကိုနာကြင်ခါးသည်း ရွံ့မုန်းစွာခံစားနေရ၏။ သွားပြီ ... သခင် တန်ဖိုးထားရတဲ့ အပျိုစင်ဘဝလေး ... သခင် သတီလစ်ချင်သလို လို လောကကြီးတစ်ခုလုံး မှောက်ထိုးမိုးမျှော်ဖြစ်နေရကာ နက်ရှိုင်း လွန်းတဲ့ ချောက်ကြီးထဲထိုးကျသွားရလေသည်။

"ဟား ... ဟား ... ဟား ... အချစ်ကလေး မင်းဘာတတ် နိုင်သေးလဲ ... အခုတော့ ငါ့လက်တွင်းကျရောက်ရပြီလေ"

မင်းချမ်းမြေ့ အောင်သေအောင်သားစားပြီး အလွန်မြိန်ရှက် စွာ အော်ဟစ်ရယ်မောနေသည်။

ဒေဝီသခင် အရမ်းချစ်စရာ။

တစ်လုံးတခဲ လှပချောမောလွန်း၏။

နှုတ်ခမ်းဖူးဖူးလေးကို အနမ်းခွေတာ မဝနိုင်။

မျက်နှာလေးက ဝင်းဝင်းအိအိလေး နှာတန်လေးက စင်းနေ သည်။

"အရမ်းချစ်စရာ ကောင်းတယ် ... မင်းချမ်းမြေ့ဘဝမှာ အအောင်မြင်ဆုံး အလုပ်တစ်ခုပဲလေ"

မင်းချမ်းမြေ့ အပြင်ထွက်လာခဲ့သည်။

တပည့်ကျော်တွေက တာဝန်ကျေပွန်စွာ စီဒီယို ရိုက်ထား၏။ မာစီ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ... ချမ်းမြေ့ မာမီတို့ ဘာဆက်လုပ်ရမလဲ ... ပြော စမ်းပါ၊ ကိုထင်လင်းဆီက ဖုန်းဆက်တယ် ... သူ့သမီးကို ပြန်ပို့ပေး ပါတဲ့"

"မာမီ ဘာပြောလိုက်လဲ"

"မရှိဘူး ... မသိဘူးပေါ့ ... မင်းချမ်းမြေ့လည်း မရှိဘူးလို့ ပြောလိုက်တယ် ... သားနဲ့သူ့သမီး လိုက်သွားတာ မြင်တဲ့လူရှိတယ် တဲ့လေ"

"ပြန်ပို့မှာပါ မာမီ ... ခဏလေးပါ၊ အခု သခင်ကအိပ်နေ တယ်၊ အနားယူပါစေ ..."

"မာမီ စိတ်ပူတယ်"

"ပူစရာမလိုဘူး မာမီ ... သူတို့သားကို ဒုက္ခပေးမှာမဟုတ် ပါဘူး အလွယ်တကူ လက်ထပ်ပေးမှာပါ"

"ကောင်းတယ် သား ... အပိုင်လုပ်ထား၊ ဒင်းက မာမီနဲ့ လက်ထပ်ဖို့ငြင်းချင်တယ်လေ ... သက်သက်အချိန်လာဆွဲနေ တယ်"

ဒေါ်မေသဲနုလည်း ကိုထင်လင်းကို အပိုင်ချုပ်လိုနေခဲ့သည် မရဘဲ ဖြစ်နေ၏။

ကိုထင်လင်းနှင့်လက်ထပ်ပြီး ကုမ္ပဏီပိုင်ရှင် သူဌေးကတော် ကြီးဘဝ ခံယူချင်သည်။

"မာမီ ဘာမှမပူနဲ့ ... မင်းချမ်းမြေ့ပါ ... မကြာခင်





ယောက္ခမကြီးဆီကို ဖုန်းဆက်မယ် ... ကျွန်တော်တို့ဇနီးမောင်နှံ ဖြစ်သွားပြီလို့ ..."

မင်းချမ်းမြေ့ တဟားဟား အော်ရယ်ရင်း ဦးထင်လင်းထံ ဖုန်းဆက်ပြီး ခြိမ်းခြောက်ဟိန်းဟောက်ဖို့ ပြင်ဆင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

"မင်း ... မင်း ငါ့သမီးကို တစ်ခုခုလုပ်မယ်ဆိုရင်တော့ ငါ ဘာကိုမှ ဂရုစိုက်မှာမဟုတ်ဘူး ... မင်းချမ်းမြေ့ ငါ့ဆီကလည်း ဘာမှရဖို့ မစဉ်းစားနဲ့ မင်းလက်ထဲမှာပဲ ငါ့သမီးကို အသေခံပြ လိုက်မယ်"

ဒေါသတကြီး အော်ဟစ်ပြောဆိုပြစ်လိုက်သဖြင့် မောပန်း ရှုမ်းနယ်ကာ ယိုင်လဲကျသွားသည်။ လူယုတ်မာသားအမိကို လှမ်း လိုက်လျှောဖြည့်ရှုမ်းမပေးနိုင်တော့။ မင်းချမ်းမြေ့ဆိုတဲ့ကောင် အကြံပက်စက်လွန်းသည်။

"အန်ကယ့်သမီးက ကျွန်တော့်လက်ထဲမှာပဲ ... ကျွန်တော့် မယားဖြစ်သွားပြီလေ ... အသာတကြည် လက်ထပ်ဖို့ ခွင့်ပြုပေး ပါ၊ အန်ကယ့်သမက်အဖြစ် လက်ခံပါ ... အန်ကယ့်အရှက်သိက္ခာ အတွက်ရော ဒေဝီသခင်အတွက် စဉ်းစားစေချင်ပါတယ်"





"တောက်"

ဦးထင်လင်း ဘယ်နည်းနဲ့မှ လက်မခံနိုင်ပေ။ ပြတ်ပြတ်သား သားပဲ ဆုံးဖြတ်လိုက်သည်။ သက်ဆိုင်ရာကို တိုင်ရမယ်။ ဖြစ်ချင်ရာ ဖြစ်ပဲ မိမိကြောင့်ပါ ... ယယ်ရှယ်သေးတဲ့ သမီးလေးဘဝ နစ်မွန်း သွားခဲ့ရ၏။ ဓနဆီ ဖုန်းဆက်အကြောင်းကြားလိုက်သဖြင့် ဓန ရောက်လာသည်။

"ဓနလည်း နေရာအနှံ့လိုက်ရှာခဲ့တယ် ... ဒက်ဒီ မတွေ့ဘူး၊ မင်းချမ်းမြေ့နဲ့ပါသွားတယ်လို့သိတယ်"

"ဟုတ်တယ် ဒီကောင့်လက်ထဲမှာပဲ ... ဒက်ဒီ့ဆီ ဖုန်းဆက် တယ်"

"ဟင်"

ဓန အရမ်းစိတ်ပူနေရသည်။ သခင့်ကို ခဏလေးပဲ မျက် ကွယ်ပြုခဲ့မိတာပါ။ ညီမသွင်နှင့် တမင်တွဲပြစ်မိ၏။ သခင်က သူ့ညီမ ဖြစ်နေပါပြီ။ ဖြူစင်စွာ စောင့်ရှောက်ပေးလိုသည်။

"ဒီလူယုတ်မာတွေနဲ့ ထပ်ပြီးမပတ်သက်ချင်တော့ဘူး သား ဓနနဲ့ပဲတိုင်မယ် ... ခင်းတို့အိမ်ကိုဝိုင်းမယ် ... အချိန်မရှိတော့ ဘူး ... မင်းစီစဉ်ပါ ... "

"သခင့်အတွက်ရော ဒက်ဒီဂုဏ်သိက္ခာမှုမလားဘဲ"

"ဖြစ်ချင်ရာဖြစ်လို့ ပြောပြီးပြီပဲ ... လျှို့ဝှက်ဖို့ကြိုးစားလေ လေ၊ သူတို့သားအမိက အကျပ်ကိုင်လေပဲ ... တစ်သက်လုံး မှုဝိစက်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် ... ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်ဖြစ် သမီးကိုပြန်ခေါ်ထားရမယ် အား ... ကျွတ် ... ကျွတ်"

"ဒက်ဒီအနားယူပါ ... ဘာမှစိတ်မပူပါနဲ့နော် ... ကျွန်တော် အားလုံးတာဝန်ယူပါတယ်"

"အေး ... အေး ... သွား ... ဒက်ဒီကိုစိတ်မပူနဲ့၊ အရှက်သိက္ခာမဲ့ရုံမကလို့ မြောင်းထဲပဲရောက်ရောက်ကွာ ... လုပ်ပြစ်"

မနအပြင်ထွက်လာပြီး သက်ဆိုင်ရာကိုတိုင်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ မင်းချမ်းမြေ့အား အုံနှင့်ကျင်းနှင့်တိုက်ခိုက်မှုဖြစ်မည်ဖြစ်၏။ သခင်ကတော့ သူဆက်မတွေးရဲတော့။ သူ့ကိုပဲ မုန်းတီးနေပြီလား။ သူတာဝန်မဲ့ခဲ့လို့ပါ။ သက်ဆိုင်ရာမှာ လူပျောက်တိုင်သည်။

"ဒေဝီသခင်ပါ ... မင်းချမ်းမြေ့က ကျောင်းကနေခေါ်သွားတာပါ၊ အခုသူ့လက်ထဲမှာရှိနေကြောင်း ဖုန်းဆက်ပြောပါတယ်"

မင်းချမ်းမြေ့နေထိုင်တဲ့ လိပ်စာကို ပေးလိုက်သည်။ သက်ဆိုင်ရာတွေနှင့်အတူတူ မင်းချမ်းမြေ့တို့ခြံ လိုက်သွားတော့ ခြံတံခါးရော တိုက်အဝင်အဝရော ပိတ်ထား၏။ ရှောင်တိမ်းသွားကြပြီထင်တယ်။ ဒေဝီရော ... သူ့ရင်တွေမီးတောက်တွေ ထတောက်သွားပြီဟုပင် ထင်မိသည်။

"တိုက်ထဲကိုဝင်ကြည့်မယ် ... ပတ်ဝန်းကျင်ကပြောတာတော့ သူတို့တွေထွက်သွားကြတာ မိန်းကလေးမပါဘူးတဲ့ ... ဒေါ်မေသဲနတို့သားအမိနဲ့ တခြားသူတွေတဲ့ ..."





"သခင့်ကို ကယ်ပေးကြပါ ... အမြန်ဆုံး ကူညီပါဗျာ"

"စိတ်မပူပါနဲ့ ... မင်းချမ်းမြေ့ဆိုတာက ကျွန်တော်တို့ စောင့်ကြည့်နေတဲ့တရားခံပါ ... ဒုစရိုက်သမားပဲ၊ သွားတတ်လာတတ်တဲ့နေရာတွေ ခြေရာခံမိထားပါတယ်"

သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်တွေကပြောပြီး ခြံထဲဝင်ကြသည်။ တိုက်တံခါးသော့ကိုဖျက်ပြီး တိုက်ကြီးထဲရောက်လာကာ တစ်တိုက်လုံးကို ရှာဖွေကြသည်။

"ဒီမှာ မိန်းကလေးရှိတယ် ... အိပ်ဆေးတွေတိုက်ထားတယ်ထင်တယ် ... အိပ်နေတယ်"

"ဟင် ... သခင်ရယ် ... အရင်တစ်ခါကလို အဝတ်အစားမဲ့တွေ့ရမလားလို့ အဝတ်အစားအပြည့်နှင့် တွေ့လိုက်ရ၍ စိတ်အေးသွားရသည်။

"သခင်ရယ် ... ဖြစ်မှဖြစ်ရလေကွာ၊ ကိုယ့်ကြောင့်ပါ ... ကိုယ်နည်းနည်းလေး သတိလက်လွတ်ဖြစ်သွားလို့ပါ"

သခင့်ကိုပွေ့ချီပြီး အောက်ထပ်သို့ဆင်းလာခဲ့သည်။ ဒီအချိန်လောက်ဆိုရင် သခင် ဘယ်လိုဘဝမျိုးရောက်သွားရပြီလဲဆိုတာ မနေတွေးမိလိုက်၏။ ရင်ထဲမှာ စူးရှနာကျင်ရသည်။

"စိတ်မပူပါနဲ့ ... ဒီကောင်တွေကို မကြာခင်ဖမ်းမိမှာပါ၊ မိန်းကလေးကိုတော့ စိတ်တွေပြန်မတ်လာအောင် အတော်လေးနှိုက်ရမယ်ထင်တယ် ... ကျွန်တော်တို့ စစ်ဆေးတဲ့အခါ အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဖြစ်အောင် ကူညီပါဗျာ"

"ဟုတ်ကဲ့"

သခင့်ကိုကားပေါ်တင်ပြီး ပြန်ခေါ်လာခဲ့မိသည်။ ဒက်ဒီလည်း အတော်လေး စိတ်ထိခိုက်ကြေကွဲနေပြီး သမီးကိုကြည့်၍ မျက်ရည်တွေစီးကျနေ၏။ မိသားစုဆရာဝန်ကြီးအားခေါ်၍ ဆေးကုသမှု ခံယူရသည်။

"သခင် အိပ်ဆေးမိပြီး အိပ်ပျော်နေတာပါ ... ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အပျိုစင်ဘဝကို ဖျက်ဆီးခံလိုက်ရပုံပါပဲ ... မကြာခင် မှုခင်းဆရာဝန်တွေ စစ်ဆေးပါလိမ့်မယ် ..."

သူ့စိတ်တွေ ပေါက်ကွဲလျှက် သခင့်ခန္ဓာကိုယ်လေးအား တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

"ဒက်ဒီကြောင့်ပါ ... သမီးကလုံးဝ မေသဲနုကို လက်မခံဘူး အပြင်းအထန် ဆန့်ကျင်ကန့်ကွက်တယ် ဒက်ဒီ ကျုံးမိတာပါ ... အကျင့်စရိုက်တွေကို နောက်ကျမှသိပြီး ဘာမှလုပ်လို့မရတော့ဘူးကွာ ... သမီးလေး အရှက်သိက္ခာအတွက် ဒက်ဒီရှေ့ဆက်တိုးမိနေတယ်"

"သခင် အသက်ရှင်လျှက် ပြန်ရောက်လာပြီပဲ ဒက်ဒီ ... ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့တော့ ... ကျန်းမာရေးပဲ ဂရုစိုက်ပါ ... ကျန်တာတွေ ကျွန်တော်အားလုံး လုပ်ပါ့မယ်"

"သားရှိလို့ပေါ့ ... အားကိုးပါတယ် နေရယ် ... သားပဲ သခင့်





ကိုစောင့်ရှောက်ပေးပါ ... ဒက်ဒီအားလုံးလွှဲအပ်ပါ့မယ်"

"ဒက်ဒီပဲ ကျန်းမာအောင်နေပါနော် ... သခင့်အတွက်လည်း စိတ်မပူပါနဲ့၊ ဒက်ဒီအနားယူပါ"

ဒက်ဒီကိုတွဲပြီး အိပ်ခန်းထဲပြန်ပို့လိုက်သည်။ သခင်ကတော့ အိပ်စက်နေဆဲပင် သူစိတ်ပူတာက သခင့်စိတ်တွေ မူမမှန်ဖြစ်သွားမှာပဲဖြစ်၏။ မနက်ကို မုန်းတီးသွားပြီလားကွာ။

"မနေ ကျေးဇူးပြုပြီး သခင့်အနားမှာပဲနေစမ်းပါ ... ညီမြိမ်နဲ့ မတွဲနဲ့ ... လုံးဝရည်းစားဖြစ်လို့ မရဘူးနော်"

သခင့်စကားကို မနေလက်မခံခဲ့ပေ။ ညီမြိမ်သွင်နှင့်ချစ်သူအဖြစ် သူ့စိတ်တွေကို သန့်ရှင်းအောင်တည်ဆောက်ဖို့ ဆုံးဖြတ်မိသည်။ သခင်က သူ့ညီမဖြစ်နေပြီမို့ ညီမြိမ်နှင့်တွဲခဲ့၏။ သူ့နှလုံးသားထဲက အချစ်တွေကို ဖယ်ထုတ်ရှင်းလင်းထားဖို့ ကြိုးစားခဲ့သည်။

"သခင်ရယ် ... ဖြစ်မှဖြစ်ရလေကွာ၊ ကိုယ်ရင်နာလို့ မဆုံးဘူး ..."

သခင်သတိရလာလျှင် ဘယ်လိုပြဿနာတွေဖြစ်လာမလဲ။ ဖူးဖူးစင်စင်လေး သခင်ဘဝနစ်မွန်းချေမှုဖြစ်ခြင်း ခံလိုက်ရသည်။

"ကိုယ် ဘာလုပ်ပေးရမလဲ ... ဘယ်လိုအကာအကွယ်တွေ ပေးရမလဲ ပြောပါဦး သခင်ရယ် ..."

အိမ်ဖော်မကြီး ဒေါ်ခင်လေးအား သခင့်အနားက မခွာဘဲ စောင့်ရှောက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ခင်လေး ... သေသေချာချာ စောင့်ကြည့်ပေးပါ ... သခင် သတိရလာရင် ဘာတွေဖြစ်မလဲမသိဘူး၊ သတိရရခြင်း လာခေါ်ပါ"

"စိတ်ချပါ မောင်မနေရှယ် ... အဒေါ်လည်း သခင့်ကိုချစ်ပါတယ်၊ စိတ်သဘောထားအရမ်းဖြူစင်ပြည့်ဝရှာတယ်လေ"

"အင်း ... အင်း ... "

"အင်း ... "

"ဟော မောင်မနေ ... လှုပ်လာပြီ၊ သခင် သတိရလာပြီထင်တယ်"

"ဟုတ်တယ် ဒေါ်ခင်လေး ... "

"ဝါး ... အင်း"

သခင် သန်းဝေရင်း ခန္ဓာကိုယ်လေးက လွန့်လူးလာသည်။ ဒီယုတ်မာကောင်က အိပ်ဆေးတိုက်ပြီး သခင့်ကိုစွန့်ပြစ်ထားခဲ့၏။ ကံကောင်းသွားတာက သခင့်ကို တိုက်ကြီးထဲမှာရှာတွေ့လိုက်ခြင်းပဲဖြစ်သည်။

"သခင် ... သတိရပြီလား"

"အင်း ... အား ကျွတ် ... ကျွတ်"

"သခင် ... "

သခင်ဆိုတဲ့ သူမနာမည်ကိုခေါ်တဲ့အသံ ကြားလိုက်ရသည်။ မနေလား ... ဟုတ်တယ် ... မနအသံပဲ။





"သခင် ... ကိုယ်ခေါ်နေတာ ကြားရဲ့လား သခင်ရယ်"

"အင်း ... ကြားတယ် ... မနေလား"

"ဟုတ်တယ် မနေလေ ... "

"မနေ ... မနေရယ် ... သခင်အရမ်းကြောက်တယ် ... သခင့်ကို ဖက်ထားပါနော် ... သခင် ကြောက်တယ်"

"သခင်"

သခင် နှုတ်ခမ်းလေးတွေကနေ ကယောင်ကတမ်းပြောနေတာကို မနေသိသည်။ သခင့်ကို ဖက်ထားဖို့ သူတွန့်နေ၏။ သခင် ကောင်းကောင်း သတိမရသေးပေ။

"ဖက်ထားပေးလိုက်ပါ မနေရယ် ... ဒီကလေးမလေးက မေတ္တာငတ်နေတာပါ ... အဒေါ်ကိုလည်း သခင်နေမကောင်းတဲ့ အချိန်တွေဆိုရင် အတင်းဖက်ထားခိုင်းတတ်တယ်လေ"

ဒေါ်ခင်လေးကပြောပြီး သခင့်အတွက် စားစရာတွေသွားယူမည်ဆို ထွက်သွားသည်။ သူလည်း စိတ်တွေထိန်းချုပ်နိုင်စွမ်း မရှိတော့သဖြင့် ပေါက်ကွဲစွာ ပွေ့ဖက်ထားလိုက်မိသည်။

"သခင်ကြောက်တယ် ... အရမ်းကြောက်တယ် ... ချောက်ကြီးထဲကိုကျတော့မယ်ထင်တယ် ... အား ... မနေ ကယ်ပါဦး"

"သခင် ... သခင် ... သတိထားပါ၊ မင်းဘာမှမဖြစ်တော့ဘူး၊ အိမ်ပြန်ရောက်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ် ... သခင့်ကို ဖက်ထားပါ။ အနားကနေ လုံးဝထွက်မသွားပါနဲ့နော် ခနု ..."

"အင်း ... အင်းပါ သခင်ရယ် ..."

သခင်ပြန်၍ အိပ်စက်သွားသည်။ သူ့ကို အတင်းအကျပ် ပွေ့ဖက်ထားသဖြင့် မဖယ်ရဲရှာပေ။ သခင့်ကို အားအင်တွေပေးချင်တယ်။ ကိုယ်မြင်တွေ့စထဲက သခင်အပေါ် မတန်မရာ ချစ်မိသွားခဲ့သည်။

"သခင်နဲ့ဒီလိုအခြေအနေမျိုး ပတ်သက်ဆက်ဆံရလိမ့်မယ်လို့ ကိုယ်လုံးဝ မထင်ထားခဲ့တာပါ။ အိပ်မက်တွေလားကွာ"

သခင်က အသိမဲ့နေသည်။ သူ့ရင်တွေကတော့ တဆတ်ဆတ်တုန်ယင်နေသလိုလိုပင်။ ဖက်လည်း မထားရဲဘူး။ လွှတ်လည်း မလွှတ်ထားရက်ဘူး။ ကိုယ်က သခင်နဲ့မတန်ပါဘူး။ သခင့်ကိုဖက်ထားပြီး သူလည်း အိပ်ပျော်သွားသည်။

"ရှင် ... ရှင် ဘယ်သူလဲ၊ ကယ်ကြပါဦး ... ကျွန်မဘဝပျက်ရပါပြီ ... ကယ်ကြပါ ..."

"ဟင်"

သခင်က အသံကုန်အော်ဟစ်ပြီး အတင်းကုန်းရုန်းဖယ်ရှားနေ၍ ခနုတင်းကျပ်စွာပြန်၍ ပွေ့ဖက်ထားလိုက်ရသည်။

"သခင် ... သတိထားပါ။ ကိုယ်လေ ခနု ..."



"ဟင် ... ခနုလား"

"ဟုတ်တယ် ... ဘာမှကြောက်မနေနဲ့တော့နော် ... အိမ်ပြန်ရောက်နေပြီ"

"ဟုတ်လား"

သခင် ပြန်၍ဖက်ထားမိသည်။ ခနုပဲ ... သေချာတယ်။ ခနုကို တွေ့လိုက်မှ သူ့မစိတ်တွေ လုံခြုံအေးချမ်းသွားရသလိုပင်။

"ခနု ... လာကယ်တာလား၊ သခင့်ကိုလာကယ်တာလားဟင်"

"ဟုတ်တယ် ... အခု သခင်အိမ်ပြန်ရောက်နေတာပါ၊ မင်းချမ်းမြေ့တို့ကို ရဲတွေလိုက်ဖမ်းနေကြပြီ"

"ခနုရယ် ... သခင်လေသခင် ... ဘဝပျက်ပါပြီ၊ လူယုတ်မာမင်းချမ်းမြေ့ပေါ့ ... သခင့်ဘဝကို ဖျက်ဆီးပြစ်လိုက်ပါပြီ"

"သခင်ရယ် ..."

သခင့်မျက်ဝန်းတွေထဲကနေ မျက်ရည်တွေလိမ့်ဆင်းကျလာသည်။ ခနုကို ဖက်တွယ်ထားမိ၏။ တသိမ့်သိမ့် ရှိုက်ငိုမိနေသည်။

"ခနုကိုပြောသားပဲ ... သခင့်အနားမှာနေပါလို့ ဘာဖြစ်လို့ ညိုမိဆီသွားရတာလဲ"

"ကိုယ်လည်း ဒီလိုဖြစ်မယ်လို့ မထင်မိလို့ပါ သခင်ရယ် ... တောင်းပန်ပါတယ်၊ နောက်ထပ် သခင့်အနားကနေ ဘယ်မှမသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးကွာ”

ကိုယ်က သခင့်ကို ညီမလေးတစ်ယောက်ထက်ပိုပြီး မချစ်မိအောင် ထိန်းချုပ်နိုင်ဖို့ ညို့မိန့်တွဲရတာပါ။ ဘယ်လိုအကြောင်းပဲရှိရှိ သခင့်ကို စောင့်ရှောက်ပေးမှာပါ။ အစ်ကိုတစ်ယောက်အနေနဲ့လေ သူ့ရင်ခွင်ထဲမှာ သခင် ရှိုက်ကြီးတငင် ငိုကျွေးနေလေသည်။

“အဟင့် … အဟင့် … ဟင့် … ”

“အဟင့် … ”

“သခင် အရှမ်းရှက်တယ်၊ အမှုကိုဘယ်လိုရင်ဆိုင်ရမလဲ မနုရယ် … သခင် သေပြစ်ချင်တယ် … မနုရော သခင့်ကိုအထင်သေးနေပြီလား”

“ဘာဖြစ်လို့ အထင်သေးရမှာလဲသခင် … ဘာမှမတွေးနဲ့တော့နော် … မနု ရှိပါတယ်ကွာ၊ သခင့်အနားမှာ စောင့်ရှောက်ပေးပါ့မယ်”

“သခင် ကြောက်တယ် … လူ့လောကကြီးထဲမှာတောင်မနေချင်တော့ဘူး … သခင့်အနားမှာ နေပေးပါနော်”

“ညီမလေးရယ် … မကြောက်ပါနဲ့၊ အစ်ကိုတစ်ယောက်လုံးရှိပါတယ် … စောင့်ရှောက်ပေးမှာပါ”

မနုက သခင်အား ညီမလေးတစ်ယောက်လို ပြုမူဆက်ဆံတော့မယ်ဆိုတာ သခင်သိလိုက်သည်။ အဲဒီလိုတော့ မဖြစ်နိုင်ဘူးထင်တယ် မနုရယ် … ထာဝရပိုင်ဆိုင်ထားချင်တဲ့ ဆန္ဒတွေ သခင့်





နှလုံးသားထဲမှာ ရှိနေပါတယ်နော်။ ဒါပေမဲ့လည်း သခင် မတောင်းဆိုရပါဘူး။ တောင်းဆိုခွင့်လည်း မရှိတော့ပါဘူး။ မင်းချမ်းမြေ့ လူယုတ်မာကြောင့် သခင့်အပျိုစင်ဘဝလေး ပျက်စီးသွားခဲ့ရပါပြီ။ သခင်ခန္ဓာကိုယ် မသန့်ရှင်းတော့ပါဘူး။ ကိုယ့်ကိုယ်ကိုတောင် ရွံမိတယ်။ စက်ဆုတ်မိနေတယ်။ သခင်ကြေကွဲစွာ ငိုပြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"သမီး သခင် ..."

"ဟင် ... ဒက်ဒီ ... ထွက်သွားပေးပါ၊ သခင့်အနားမလာပါ နဲ့ ... ဒက်ဒီကြောင့် ဟိုမိန်းမကြီးကို ဒက်ဒီပတ်သက်ခဲ့လို့လေ ... ဘာသမီးလဲ သခင့်မှာ အဖေ မရှိဘူး ..."

သခင် ရှူးသွပ်စွာ အော်ဟစ်မိနေသည်။ ဒက်ဒီ့ကိုမုန်းတယ်။ သခင့်ကို တန်ဖိုးမထားဘဲ စွန့်ပြစ်ထားတဲ့အဖေ။ သခင့်ကို သက်ဆိုင် ရာတွေကခေါ်ပြီး နိုက်နိုက်ချွတ်ချွတ် စစ်ဆေးမေးမြန်းလေ သခင် ရှက်လေပဲ။ သေပြစ်ချင်သည်။ နေရှိနေပေးလို့ပေါ့။

"သခင် သတိထားပါ ... ဒက်ဒီ ကျန်းမာရေးမကောင်းဘူး သခင့်အတွက် ဒက်ဒီဘယ်လောက်အထိ ပူပင်သောကရောက်ခဲ့ လဲ"

"မသိဘူး ... ဘာမှမသိဘူး။ ဟိုမိန်းမယုတ်မကြီးကို မတွေ့ပ





နဲ့လို့ သခင်တားခဲ့တာပဲ ... ဒက်ဒီ လုံးဝလက်မခံဘူး ... သခင့် ထက်တောင် အရေးပေးပြီး လိုလေသေးမရှိအောင် ထောက်ပံ့ကူညီ တယ် ... သခင့်ခံစားချက်ကို ဘာတစ်ခုမှ ထောက်ထားငဲ့ညှာတာ မရှိခဲ့ဘူး ... ဒက်ဒီ့ကို မုန်းတယ်"

မေ ဖြောင်းဖျပြောဆိုပေမယ့် သခင်က လက်မခံပေ။ စိတ် တွေ ကယောင်ချောက်ခြားနှင့် အော်ဟစ်မောင်းထုတ်နေသည်။

"ထားလိုက်ပါသားရယ် ... နေပါစေ၊ ဒက်ဒီ့အပြစ်တွေလည်း ပါပါတယ်၊ မေသဲနုကြောင့် သမီးလေးကိုတောင် ဥပေက္ခာပြုထားခဲ့ မိသွားတယ်၊ သမီးလေးသဘောပါပဲ ... ဒက်ဒီ သွားပါ့မယ်"

"နောက်တစ်ခါ သမီးဆီကို လုံးဝမလာပါနဲ့ဒက်ဒီ ... ဟို မိန်းမကြီးက ကြံရာပါလေ ... မကြာခင် ထောင်ထဲရောက်တော့ မယ်၊ သွားပြီးဖေးမစောင့်ရှောက်ပါဦး"

သခင် ရှူးသွပ်နေပြီ။ ဒက်ဒီ့ကိုလည်း မုန်းမိသည်။ ဒေါ်မေသဲ နုကိုမုန်းလို့ သူ့သားနှင့်သခင် အရွဲ့တိုက်ပြီး တွဲမိခဲ့တာပါ။ ဒက်ဒီ ကြောင့်ပဲ ... ဒက်ဒီထွက်သွား၏။ သခင် မျက်လုံးတွေကို ပိတ်ထား ပြီး ဒက်ဒီမရှိမှ ပြန်ဖွင့်သည်။

"သခင်"

"ဒက်ဒီ့ကို မုန်းတယ် မေ ... သခင် လုံးဝမတွေ့ချင်ဘူး။ အမှုပြီးသွားရင် သခင်နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားတော့မယ်၊ ဒက်ဒီနဲ့အဝေးဆုံးမှာပဲ နေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီကျန်းမာရေးက အရမ်းဆိုးဝါးနေပြီသခင် ... စိတ်ကို ထိန်းပါ. ဒေါ်မေသဲနုကို ဒက်ဒီက မပတ်သက်ချင်ပေမယ့် သူတို့ရဲ့ ခြိမ်းခြောက်အကွက်ဆင်တာ ခံနေရတယ်လေ ... ဒါကြောင့်လည်း သခင့်ရှေ့ရေးအတွက် စောင့်ရှောက်ဖို့ ကိုယ့်ကို သားအဖြစ်မွေးစား ခဲ့တာပဲ"

"သခင် အရမ်းကိုနာကျင်ရပါတယ် ... အားလည်းငယ်တယ်။ ဒက်ဒီရဲ့ဥပေက္ခာပြု ခွန့်ပြစ်ခဲ့မှုကို နှစ်ပေါင်းများစွာ သခင်ခံစားခဲ့ရ တာပါ ... မာမီ့ကို မချစ်ဘဲယူလိုက်ရပြီး ဒက်ဒီအချစ်ဆုံးက ယုံ ရည်စားမေသဲနုတဲ့လေ ... "

ပြောရင်း သခင်မျက်ဝန်းတွေထဲမှ မျက်ရည်တွေလိမ့်ဆင်း ကျလာပြန်သည်။ ခနေ ပွေ့ဖက်နမ်းရှိုက်လျက် သခင့်မျက်နှာပြင် လေးပေါ်မှ မျက်ရည်တွေကို သုတ်ပေးချင်မိနေသည်။ မသင့်တော် ဘူးဟု ထင်မိ၏။ သခင်က သူ့ညီမလေးပါ။ အချစ်ဆိုတာတွေကို သွေးနှလုံးသားထဲကနေ ဖယ်ရှားပြစ်လိုသည်။

"သခင် ကျောင်းလည်းမတက်ချင်တော့ဘူး၊ ဘယ်သူနဲ့မှ လည်း မျက်နှာချင်းမဆိုင်ချင်တော့ဘူး ... ခနေပဲ သခင့်အနားမှာ နေပေးပါ"

"စိတ်ချစမ်းပါ သခင်ရယ် ... ညီမလေးအနားမှာ အစ်ကိုရှိ နေမှာပါ အားမငယ်နဲ့နော် ... "

ဘာအစ်ကိုလဲ။ သခင် လက်မခံနိုင်ပါဘူး။ ခနေကိုချစ်တယ်။





အရမ်းချစ်တယ်။ သခင့်ခန္ဓာကိုယ်က မသန့်ရှင်းတော့ဘူး ခနေရယ်။ ဘယ်လိုဘဝကိုရပ်တည်ရမှာလဲဟင်။ ခနေက ကျောင်းတက်သည်။ သခင် စိတ်မချ။ ညီမိသွင်နှင့်တွဲနေကြပြီလားဟု တွေးမိတိုင်း နာကျင်ရ၏။ သခင် သေပါရစေ။ ခနေက သခင့်အား ချော့မော့နှစ် သိမ့်၍ အလုပ်သမား ဒေါ်ခင်လေးဆီ သေသေချာချာအပ်၍ ကျောင်းသွားသည်။

"ဒေါ်ခင်လေး ... စိတ်ချပါရစေဗျာ ... သခင့်အနားမှာနေ ပေးပါ အကြောင်းတစ်ခုခုရှိတာနဲ့ ကျွန်တော့်ဆီ ဖုန်းဆက်ပါ"

"စိတ်ချပါ မောင်ခနေရယ် ... သွားစရာရှိတာသွားပါ၊ သခင် လေးက အဒေါ်လက်ထဲမှာ ကြီးပြင်းလာခဲ့ရတာပါ ... အဒေါ် စောင့် ရှောက်ရမယ်လေ"

"သခင်"

"ဟင်"

"တိုက်ထဲကနေ အပြင်မထွက်နဲ့နော် ... ဟိုကောင်က မမိ သေးဘူး ... အန္တရာယ်ရှိတယ်"

"အမြန်ပြန်လာခဲ့ပါ ခနေ ... သခင်အားငယ်တယ်၊ ခနေမရှိရင် သခင် မနေတတ်ဘူး"

"အစ်ကိုပြန်လာမှာပါ ... သခင်အနားယူနေနော်၊ မကောင်း တာတွေ လုံးဝမတွေးနဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သခင့်ကို ပွေ့ဖက်နမ်းလျှက် နှုတ်ဆက်ချင်သည်။ မဖြစ်ဘူး သခင်က သူ့ညီမတစ်ယောက်ပဲ။ မနု အပြင်ထွက်လာခဲ့၏။ ဒက်ဒီ့ဆီသွားသည်။

"ဒက်ဒီ ... နေမကောင်းဘူးလား၊ ဆေးရောသောက်ပြီးပြီလား"

"သောက်ပြီးပါပြီ သားရယ် ... စိတ်မပူပါနဲ့၊ သမီးကိုလည်း ဒက်ဒီ အပြစ်မတင်ချင်ပါဘူးကွာ၊ ဒက်ဒီ့ကြောင့်ပါ ... "

"အဟွတ် ... ဟွတ် ... "

"အဟွတ်"

"အား ... ကျွတ် ... ကျွတ်"

ကျောက အရမ်းအောင့်သည်။ လှုပ်ရှားလိုက်တိုင်း မောဟိုက်နေ၏။ မိမိမှာ အချိန်မရှိတော့တာ မိမိသိနေသည်။

"သမီးရော"

"လောလောဆယ်တော့ သခင့်ကိုနားလည်ပေးပါ ဒက်ဒီ အရမ်းစိတ်ခြောက်ခြားနေတယ်၊ အရှက်ကြီးတဲ့ မာနကြီးတဲ့ မိန်းကလေးမဟုတ်လား"

"သား စောင့်ရှောက်ပါ ... သမီးလေးအနားမှာ နေပေးပါ အန္တရာယ်က မအေးသေးဘူး"

"စိတ်ချပါ ဒက်ဒီ"





"သား"

"ဗျာ"

"ဖြစ်နိုင်ရင် သမီးနဲ့သားကို လက်ထပ်စေချင်တယ်"

"ဗျာ"

"ဒက်ဒီ့ဆန္ဒပါ သားနဲ့လက်ထပ်မယ့် ဇနီးအဖြစ်အပ်ထားခဲ့ချင်တယ် ... ဒါပေမဲ့လေ အခုတော့ ... "

"အဟွတ် ... အဟွတ်"

"ဟွတ် ... "

"အဟွတ် ... "

"ဒက်ဒီ နားလိုက်ပါတော့၊ သခင့်အတွက် လုံးဝမပူပါနဲ့ ... ကျွန်တော့်မှာ သခင်နဲ့လက်ထပ်ခွင့် မရှိပါဘူး၊ ဒါပေမဲ့ ညီမလေးတစ်ယောက်လို တစ်သက်လုံးစောင့်ရှောက်ပေးသွားပါ့မယ်"

"လိမ္မာလိုက်တာ ... ဒက်ဒီစိတ်ချပါတယ်၊ ယုံကြည်ပါတယ်ကွယ်"

ဒက်ဒီ့အခန်းထဲကနေ ထွက်လာတော့ မနုစိတ်တွေ တုန်လှုပ်ချောက်ချားရသည်။ သခင့်ကို လက်ထပ်ဖို့ဆန္ဒရှိသည်တဲ့။ သူ့မှာအဆင့်မှမရှိတဲ့ကောင်ပါ။ သခင်နဲ့မတန်ပါဘူး။ သခင့်ကိုတွေ့တွေ့ချင်းပဲ မနုစွဲလမ်းနှစ်သက်ခဲ့မိတာပါ။ လက်ထပ်ဖို့အထိတော့ လုံးဝမဖြစ်နိုင်ပေ။ ညီမလေးတစ်ယောက်အဖြစ်ပဲ ရှိစေရမယ်။ ကျောင်းကို ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခနဲ"

"ဟင် ... ညိုမီ"

"သခင့်သတင်းတွေက အရမ်းပျံ့နေတယ် ... ညိုမီ စိတ်မကောင်းဘူး၊ ဒီလူယုတ်မာကောင်ကို မမိသေးဘူးလားဟင် ... သခင့်ကိုတွေ့ချင်တယ် ... အားပေးချင်လို့ပါ"

"လောလောဆယ်တော့ သခင်စိတ်ဒဏ်ရာတွေရနေတယ် အရူးတစ်ယောက်လိုပဲ ... ဘယ်သူနဲ့မှမတွေ့နိုင်သေးဘူးထင်တယ် ကိုယ်ပြောပြလိုက်ပါ့မယ်"

"အင်း"

သခင့်သတင်းတွေက စာစောင်တွေထဲမှာပါ ရေးသားဖော်ပြနေကြ၍ ပျံ့နှံ့နေသည်။ သခင့်ကို သနားနေမိ၏။ မာန်မာနတွေနှင့် ချမ်းသာကြွယ်ဝစွာ အလှသရဖူဆောင်းခဲ့တဲ့ မိန်းကလေးဖြစ်သည်။ ညိုမီသွင်နှင့်ခနဲ ချစ်သူတွေအဖြစ်လက်တွဲဖို့ ခနဲ ဆုံးဖြတ်ချက်ခဲနေလေသည်။

"ခနရှိနေပေလို့ပေါ့နော် ... သခင့်ဒက်ဒီလည်း နေမကောင်းဘူး မဟုတ်လား ... ညိုမီ ဘာကူညီရမလဲဟင်၊ အားမနာနဲ့နော် ခနဲ"

"ကျေးဇူးတင်ပါတယ် ညိုမီရယ် ... လောလောဆယ်တော့ မလိုအပ်သေးပါဘူး ... ကိုယ်ပြောပါ့မယ်"

သခင်နှင့်ကင်းရှင်းစေဖို့ ခနဲဘာဆက်လုပ်ရမလဲ။





ဒက်ဒီက လက်ထပ်စေလိုသည်တဲ့။

သခင်က သူ့ကိုအထင်ကြီးမှာမဟုတ်။

သူ့စိတ်တွေကို ချိုးနှိမ်ရမယ်။

ညိုမီနှင့်တွဲလျှက် စာသင်ခန်းတွေဆီ လျှောက်လာခဲ့သည်။

"သခင့်ကို သတိရလိုက်တာ ... ညိုမီနဲ့က သွားအတူလာ အတူနေခဲ့ကြတာပါ"

သူ စာသင်ခန်းထဲဝင်လာခဲ့သည်။

ညိုမီနှင့်စကားမပြောချင်တော့။

သခင့်အတွက် နာကျင်နေရ၏။

ခနလည်း သတိရသည်။

"သခင့်အကြောင်းကြားရတာ စိတ်မကောင်းဘူး ခနဲ ... ကိုချို လိုက်ကယ်ရမှာ"

ကိုချို မြင်လျှက်သားနှင့်သခင့်ကိုကြိတ်ပြီး ချစ်သူနေဖြစ်သည်။

"သခင့်ကို တွေ့ချင်တယ် ခနဲရာ ... အားပေးချင်တယ်၊ ခင်းက ညိုမီနဲ့အတွဲဖြစ်နေပြီ ... အမှန်အတိုင်း ဝန်ခံရရင်လေ သခင့်ကိုကြိတ်ပြီး ကိုယ်ချစ်နေမိတာပါ"

"ဘာ"

သူ့အသံက အထိတ်တလန့် တုန်လှုပ်ချောက်ချားလျှက်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သွားသည်။

"ဘာဖြစ်တာလဲ ယောက်ဖရ ... ညီမကိုထိလို့လား"

"တောင်းပန်ပါတယ် ကိုချိုရာ ... အခုချိန်မှာ သခင်အရမ်းနာကျင်မှုန်းကျပ်နေတယ် ... ဘယ်သူ့ကိုမှလည်း မတွေ့ဘူး ... ဒက်ဒီ့ကိုတောင် မောင်းထုတ်နေတယ်"

"ဒါကြောင့် အားပေးချင်တာပါ ခနု ... အရမ်းမာနကြီးတဲ့ ပင်မြင့်စံ သခင့်ကိုလန့်ပြီး ကိုယ့်အချစ်တွေကို ဖွင့်ဟမပြောခဲ့တာပါ"

ကိုချို့စကားတွေကို သူနားမထောင်လိုပေ။ စိတ်တွေက ပေါက်ကွဲချင်လာသည်။

"လောလောဆယ်တော့ သခင်နဲ့တွေ့လို့မဖြစ်သေးဘူးထင်တယ် ကိုချို ... စိတ်တွေပုံမှန်မဟုတ်သေးဘူး၊ တောင်းပန်ပါတယ် ကိုချိုရယ်နော် ... "

"ညိုမြီသွင်ကိုရော တွေ့ခွင့်ရလား"

"ဘယ်သူမှ မတွေ့ချင်ဘူးတဲ့လေ"

"ခနုရာ ... မင်းနဲ့ညိုမြီရော ဘယ်အတိုင်းအတာအထိ ရောက်နေပြီလဲ ... "

"စဉ်းစားနေတုန်းပဲ ကိုချို ... အိမ်တွင်းရေးကိစ္စတွေ ရှိတယ် ဒက်ဒီကလည်း နေမကောင်းဘူးလေ ... "



"သခင့်ကိုတော့ တွေ့ချင်တယ် ... ကိုယ်ကြိတ်ပြီးချစ်နေတာ ကြာပြီလေ ... မင်းချမ်းမြေ့ရဲ့ချစ်သူထင်နေလို့ ... ဒီကောင်ကွာ အသေသတ်ချင်တယ်"

"တော်ပါတော့ ကိုချိုရာ ... "

သူအတန်းတွေကို အပြည့်မတက်တော့ဘဲ ပြန်လာခဲ့သည်။ သခင့်ကိုစိတ်မချပေ။ နှမ်းနယ်ညိုးရော်လျက် အိပ်ရာပေါ်မှာ ခွေခွေလေးအိပ်နေ၏။ ခနု အနားရောက်သွားသည်။

"သခင်"

"ဟင် ခနု ... ပြန်လာပြီလား"

"အင်း"

"စောစောက စစ်ဆေးရေးတွေလာသေးတယ်၊ ဟိုလူယုတ်မာကို မမိသေးဘူးတဲ့ ... သခင်ကြောက်တယ်"

"ဘာမှကြောက်စရာမရှိပါဘူး သခင်ရယ် ... ရင်ဆိုင်ရဲတဲ့ သတ္တိမွေးစမ်းပါကွာ"

"ဟင့်အင်း ... သခင့်အနားမှာ ခနုနေပေးပါ ... နင် ... နင်က နင့်ချစ်သူနဲ့ သွားချိန်းတွေ့နေတာ မဟုတ်လား"

"မဟုတ်ပါဘူး သခင် ... ကိုယ်နဲ့ညိုမြီတို့က ချစ်သူတွေ မဟုတ်ပါဘူး၊ သူငယ်ချင်းတွေပါ ... စိတ်ထဲဘာမှမထားပါနဲ့"

"နင် တကယ်ပြောနေတာလား ခနု ... "

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကတိပေး ..."

"ပြော ..."

"ညိုမိသွင့်ကို မချစ်ပါဘူးလို့ ..."

ထိုကတိကို ခနု မပေးလိုပေ။ သူ့စိတ်တွေ သန့်ရှင်းနေစေချင်သည်။

သခင့်အပေါ် ညီမလေးတစ်ယောက်ကဲ့သို့ ဆက်ဆံသွားနိုင်ရန် ကြားခံညိုမိရှိမှ ဖြစ်မည်ထင်မိ၏။

ချစ်တာ မချစ်တာကို ကတိမပေးလို။

ဒါပေမဲ့ သခင်စိတ်တွေ အားငယ်သွားမှာတော့ စိတ်ပူမိသည်။

"ပေးလေ ... ညိုမိနဲ့ချစ်သူတွေ မဖြစ်ပါဘူးလို့ သခင့်ဘေးမှာပဲနေပေးပါမယ်လို့ ..."

"သခင်"

"ကတိပေးလေ ... အဲဒီကတိကို ဘာဖြစ်လို့မပေးနိုင်ရတာလဲ ... နင်က ညိုမိုကိုချစ်နေတာ မဟုတ်လား ... သခင် တောင်းပန်ပါတယ် ... ညိုမိုကိုမချစ်ပါနဲ့ ... ပေးပါ ကတိ ..."

သခင့်မျက်ဝန်းတွေက ညိုးငယ်ဖျော့တော့စွာဖြင့် ခနုကို စူးစိုက်ကြည့်နေသည်။ ခနုအတွက် အခက်တွေ့ရ၏။

သခင့်ကို သူ့ ညီမတစ်ယောက်အဖြစ်သာ ခနု ဆက်ဆံရမည်ဖြစ်သည်။





"သခင် သိပါပြီ ... ခနုမှာ ချစ်သူရှိနေပါတယ် ... ညိုမိ မဟုတ်လား ပြောလေ ... မလိမ်နဲ့ ..."

သခင့်စိတ်တွေ မှုမမှန်တော့ပေ သူစိတ်ပူပန်ရသည်။

မင်းချမ်းမြေ့ကိုလည်း ဖမ်းမမိသေး၍ သခင့်လုံခြုံရေး စိတ်မချရသေးပေ။

သခင်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လာသလိုပင်။

နှုတ်ခမ်းလေးက စူထော်နေသည်။

"သခင် သိပါတယ်လေ ... သခင့်ဘဝက ဖြူစင်သန့်ရှင်းမှု မရှိတော့တာပဲ ... နင်က ရှုံနေပြီ မဟုတ်လား ခနု ..."

"မဟုတ်ပါဘူး သခင်ရယ် ... မင်းဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် ကိုယ့်ညီမလေးပါပဲကွာ ..."

ဘာညီမလေးလဲ မုန်းလိုက်တာ။

သခင့်အစ်ကိုနေရာကပဲ နေချင်တာလား။

ခနုကို သခင်အရင်က အဲထင်သေးခဲ့မိတာ နောင်တတွေ ရနေမိသည်။

သခင်က ခနုကိုချစ်သူအဖြစ် ရယူပိုင်ဆိုင်ချင်တယ်။

ဒါပေမဲ့လေ ...

သခင်က အပျိုစင်မလေး မဟုတ်။

မာနတွေအားလုံး လူယုတ်မာ မင်းချမ်းမြေ့ရဲ့ ခြေကိုမှီး

www.burmeseclassic.com



ဖျက်စီးခြင်း ခံလိုက်ရသည်။

"အား … ကြောက်တယ် … အရမ်းကြောက်တာပဲ၊ သေပစ်ချင်တယ် … အား … "

သခင် ဆက်ပြီးမတွေးရဲတော့ပဲ နားနှစ်ဖက်အား လက်ဝါးလေးနှင့်အုပ်ပြီး ကြောက်လန့်တကြား အော်ဟစ်ပြစ်မိသည်။

ఌఌఌ

အခန်း ( ၁၆ )

"သခင် သဖိတ်ထားပါ … မင်းစိတ်တွေကို အဲဒီလိုပေါက်ကွဲပြစ်လိုက်လို့ မရဘူးလေ … တင်းထားပါ … "

"အဟင့် … ဟင့် … အဟင့် … သခင့်အနားမှာ ဘယ်သူမှ နေစရာမလိုတော့ဘူး … ထွက်သွားတော့ … နင့်ကိုလည်း မတွေ့ချင်တော့ဘူး"

မနေက သခင့်အနားပင် ကပ်ရှောကိုတွန့်နေသည်။ ဘာတူညီမလဲ။ နင်က သခင့်ကို ရှုရှာစက်ဆုတ်နေလို့ မဟုတ်လား မနေ။

"ကိုယ်ထွက်သွားပါ့မယ် သခင် … ဒါပေမဲ့ မင်းစိတ်ကိုမင်း ထိန်းပါ၊ သခင့်ကို အမြဲတမ်း မနေစောင့်ရှောက်ပေးနေမှာပါ … အမှုပြီးသွားရင် ကိုယ်တို့မိသားစု နိုင်ငံခြားကို ထွက်သွားကြမယ်လေ စိတ်တွေကို တည်ငြိမ်အောင် ထိန်းချုပ်ပါကွာနော် … "

"မသိဘူး … ဘာမှလာမပြောနေနဲ့တော့ … မနေလည်း အလကားပဲ … ဒက်ဒီကိုလည်းမုန်းတယ်၊ နင့်ကိုလည်းမုန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား ... ”

“သခင် အဲဒီလိုမလုပ်ပါနဲ့ကွာ ... ညီမလေးက လိမ္မာပါတယ် ဒက်ဒီလည်း နေမကောင်းဘူး ... သမီးအတွက် ဒက်ဒီနှလုံးသားတွေ မီးတောက်လောင်ကျွမ်းနေပါတယ် ... အစ်ကိုတောင်းပန်ပါတယ် စိတ်ကိုထိန်းပါ ... ”

“မနု”

“ဟင်”

“သခင့်ကို ဖက်ထားပေးပါလား ... အရမ်းအားငယ်တယ်၊ ကြောက်နေလို့ပါနော် ... ဖက်ထားပေးပါလား”

သခင့်ခန္ဓာကိုယ်လေးအား သိုင်းဖက်ထားပြီး မနုစိတ်တွေ ပေါက်ကွဲလွင့်ထွက်မသွားစေရန် ထိန်းချုပ်ထားရသည်။ သူနမ်းပြစ်ချင်မိ၏။ သခင်နှင့်တွေ့ဆုံစဉ်ကပင် ရူးသွပ်စွာ ချစ်ခင်နှစ်သက်စွဲလမ်းခဲ့ရသူ ဒေဝီသခင် ဖြစ်နေသည်။

“မနု”

“ဟင်”

“သခင့်ကို တစ်ယောက်ထဲပြင်မထားပါနဲ့နော် ... မနုထားခဲ့လို့ သခင်လူယုတ်မာလက်ထဲ ရောက်ရတာပါ”

“သခင်ရယ် ... ”

သခင့်ကို အနမ်းမိုးတွေ ဒလကြမ်းရွာချပေးစမ်းပါ မနု။ ဘာဖြစ်လို့များ တုန့်နှေးနေရတာလဲဟင်။ ညီမြီကြောင့်လား ...





သခင်က အပျိုစင် မဟုတ်တော့လို့လား ... သခင် ငိုပြစ်ချင်သည်။

“အားမငယ်နဲ့နော် သခင် ... အစ်ကိုတစ်ယောက်လုံးရှိပါတယ် ... စိတ်ကို ထိန်းချုပ်ပါ”

“သခင် မတွေးချင်ဘူး၊ တွေးမိရင် သခင်ရူးမတတ် အော်ဟစ်ပြစ်ချင်တယ် ... သခင့်အနားကနေ ထွက်မသွားပါနဲ့မနုရယ်”

မနု ခန္ဓာကိုယ်အား သခင်တင်းကျပ်စွာ တုန့်ပြန်ဖက်ထားလိုက်သည်။ ညီမြီရေ ရှင့်ဆီကနေ သခင်လုယူရမှာပဲ။ ညီမြီက အမဲစက်လေးတစ်စက်လေးမှ မစွန်းထင်းရတဲ့ မိန်းကလေးပါ။ မနုကို သခင်ချစ်မိသွားပါပြီ။ အရမ်းချစ်လို့ မစွန့်လွှတ်နိုင်တော့လို့ပါ။ မနုက သူမလက်လေးကို မသိမသာ ဖယ်ရှားနေလေသည်။

“ဒက်ဒီဆီ သွားဦးမယ် ... အစ်ကိုဆေးခန်းပို့ရဦးမယ် သခင်”

“ဒက်ဒီက သခင့်ထက်တောင် အရေးကြီးနေလို့လား မနု”

“ဘယ်လိုပြောလိုက်တာလဲ သခင်ရယ် ... ဒက်ဒီ နေမကောင်းဘူးလေ”

“သွားပါ ... သခင်ကအရေးမကြီးပါဘူး၊ ဒက်ဒီပဲအရေးကြီးပါတယ် ... သခင့်ဘဝကတော့ အဖတ်ဆယ်လို့တောင် မရတော့ပါဘူး မနုရယ် ... ”

“အဟင့် ... အဟင့် ... ဟင့် ... ”

သခင့်ကို ဘယ်လိုလုပ်ရမလဲ။ သခင့်စိတ်တွေက ဂယောက်



www.burmeseclassic.com

www.burmeseclassic.com



ဂယက်နှင့် ဆောက်တည်ရာမရနိုင်သေးပေ။ ဒက်ဒီကို မုန်းနေသည်။ မေနကိုတော့ သူမချစ်နေပြီဟု တွေးမိပေမယ့် မေနမပျော်ရွှင်နိုင်ခဲ့။ သခင့်ကို ချစ်သူအဖြစ် မေန ဘယ်လိုအကြောင်းတွေနှင့်မှ ပတ်သက်ဆက်ဆံမှု မပြုလိုပေ။ မေနချစ်နေဆဲပင်။ အပျိုစင် မဟုတ်တော့လည်း မဟုတ်ပါဘူးသခင်။ မွေးစားသားတစ်ယောက်အနေနဲ့ မေန ထိန်းသိမ်းထားရမယ့် ကျင့်ဝတ်တစ်ခုကြောင့်ပါကွာ။ သခင့်အား ရွှေမော့နှစ်သိမ့်ထားခဲ့ပြီး ဒက်ဒီဆီရောက်လာသည်။

"ဒက်ဒီ ... ဆေးခန်းပြရမယ်လေ၊ အဆင်သင့်ဖြစ်ပြီလား"

ဒက်ဒီ့ကိုကြည့်ရတာလည်း အားမရပေ။ ဒေါ်မေသဲနုကြောင့် အရှက်တွေကွဲကာ ဂုဏ်သိက္ခာတွေ ကျဆင်းနေရသည်။ စီးပွားရေးကိုလည်း မေနနှင့်လွှဲအပ်ဖို့ စိတ်ဥနေ၏။ အိပ်နေရာကနေ ထသည်။

"ဒက်ဒီ ဆေးခန်းတောင် မသွားချင်တော့ဘူး သားရယ် ... သေပါရစေ ... သခင်ပြောတာတွေ မှန်ပါတယ် ... ဒက်ဒီကြောင့်ပဲ မေသဲနုကို တော်တော်လေးစွဲလမ်းနှစ်သက်ပြီး သမီးကို စိတ်သောကရောက်စေခဲ့တယ် မေနရယ် ... အခု သမီးဘဝကိုပါ အဖျက်ဆီးခံလိုက်ရတဲ့ အထိပဲ ..."

ဦးထင်လင်း မဖြေနိုင်ခဲ့။ ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်တိုက်အသွင်းခံရသလို ပူပြင်းလောင်မြိုက်နေသည်။

"အနိကယ်က သေလူပါ ... ဒါပေမဲ့ သမီးလေးရဲ့ချစ်ခြင်း





မေတ္တာတွေပြန်ရတဲ့အထိ အသက်ရှင်ချင်သေးတယ်သား"

"စိတ်တွေကို လျှော့ချမပြစ်လိုက်ပါနဲ့ဒက်ဒီ ... တင်းထားပါနော် ... သခင်လည်း စိတ်မငြိမ်သက်သေးဘူး၊ နားလည်ပေးပါ"

"သားရှိနေလို့ပေါ့ ... ဒက်ဒီတို့သားအဖရဲ့ဘဝက မတွေးရဲအောင်ပါပဲကွာ ... တွေးတောင် မတွေးရဲတော့ဘူး"

"ထပါ ဒက်ဒီ ... ဆေးခန်းပြရမယ်၊ ဒက်ဒီ့ကိုကြည့်ရတာ အားမရလိုက်တာ"

"အမလေး ... ကျွတ် ... ကျွတ် ... သေပြစ်လိုက်တာမှ ကောင်းဦးမယ် သားရယ်"

"စိတ်လျှော့တဲ့စကားတွေ မပြောပါနဲ့ဒက်ဒီ ... ဘဝဆိုတာ ဒီလိုပဲလေ ... မေနတစ်ယောက်လုံး ရှိပါသေးတယ်"

"လိမ္မာလိုက်တဲ့သားပဲကွယ်"

မေနအား မိမိလုပ်ငန်းတွေအားလုံးကို လွှဲပြောင်းပေးအပ်နေသည်။ မေနကို ယုံမိ၏။ သမီးလေးနှင့်လက်ထပ်ပေးချင်သည်။ ဆေးခန်းရောက်တော့ ဆရာဝန်ကြီးက စစ်ဆေးပြီး စိတ်တွေကိုတည်ငြိမ်အောင် ထိန်းချုပ်ဖို့ သတိပေး၏။ မိမိ သိပါတယ်။ အခြေအနေက ဆိုးပြည်းဖြည်း ဆုတ်ယုတ်လာသည်။

"နောက်တစ်ခါ ဆေးခန်းကိုမလာပါနဲ့ ... ကျုပ်ပဲ ဦးထင်လင်းဆီလာမယ် ... ပေးထားတဲ့ ဆေးတွေသာသောက်ပါ၊ စိတ်လေးကိုတော့ပဲထင်တယ် ... ကိုထင်လင်း ခင်ဗျားအနေနဲ့ အပျော်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မရှိနိုင်ဘူးဆိုတာသိပေမယ့် ရင်ဆိုင်နိုင်ဖို့တော့ သတ္တိမွေးရလိမ့်မယ် ထင်တယ်”

ဆရာဝန်ကြီးက မိမိတို့မိသားစုဆရာဝန်ကြီး ဖြစ်နေ၍ အကြောင်းစုံသိနေသည်။ မိမိစိတ်တွေကို မထိန်းချုပ်နိုင်တော့ဘူး သေချင်သည်။ မင်းချမ်းမြေ့ကြောင့် မိမိဘဝလည်း ပြောင်းထဲထိုး ဆင်းကျသွားရပြီဖြစ်၏။ ဒီကောင်ကို မမိသေးသ၍ သမီးအတွက် လည်း စိတ်ပူပင်မိသည်။

“သားရယ် … ဒက်ဒီ အရမ်းမောလာတယ်၊ ဆရာဝန်ကြီးက စိတ်ကိုတင်းခိုင်းပေမယ့် ဒက်ဒီ မရတော့ဘူးထင်တယ်”

“ဘာမှမဖြစ်ပါဘူး ဒက်ဒီ … အဆိုးဆုံးကိုတောင် ဒက်ဒီသိ ထားတာပဲ အိမ်ပြန်ရအောင် … ”

အိမ်ပြန်ရောက်တော့ အိပ်ရာထဲလှန်းဝင်ပြီး အနားယူနေရ သည်။ မောလိုက်တာ … ကျောထဲမှလည်း စူးရှနာကျင်အောင့် သက်နေ၏။ အဖျားတွေလည်း ရှိနေသလိုပင် မိမိ သိသည်။

“ခနဲ”

“ပြောပါ ဒက်ဒီ … ”

“သမီးနဲ့လက်ထပ်ပါ”

“ဗျာ”

“ဒက်ဒီ မသေခင် သမီးနဲ့လက်ထပ်ပေးခဲ့ချင်တယ်”

“မဖြစ်ပါဘူး ဒက်ဒီ … သခင်က ကျွန်တော့်ညီမလေးပါ





သခင့်အတွက် မပူပါနဲ့ … ကျွန်တော် အစ်ကိုတစ်ယောက်လို စောင့် ရှောက်ပေးနေမှာပါ”

“မဟုတ်သေးဘူးလေ ခနဲ … လောကကြီးထဲမှာ ဒက်ဒီ အယုံကြည်ဆုံးက သားပါပဲ … ပတ်ဝန်းကျင်က ဘာပဲပြောပြော ဂရုစိုက်ပါနဲ့ သားလက်ထဲ ပိုင်ပိုင်နိုင်နိုင် အပ်ထားခဲ့ချင်တယ်၊ ဒက်ဒီ စိတ်ချနိုင်မယ် … လက်ထပ်ပါ … ”

“သခင်က ကျွန်တော်နဲ့လုံးဝ မတန်ပါဘူး ဒက်ဒီ … စိတ်မပူ ပါနဲ့ သခင့်ကို တစ်သက်လုံးစောင့်ရှောက်ပေးသွားမှာပါ … ဒက်ဒီ ပိုင်နက်တွေလည်း ကျွန်တော်ခဏပဲ ကိုင်ထားမှာပါ၊ သခင့်ဘဝ ရေး စိတ်ချရတဲ့အထိပဲလေ … ”

“ဒက်ဒီကတော့ သားနဲ့သမီးကို လက်ထပ်ပေးပြီး ဒက်ဒီလူ့ လောကကြီးထဲမှာ မရှိတော့ရင် သားတို့နိုင်ငံခြားမှာပဲ အခြေချ နေထိုင်စေချင်တယ်”

“ကျွန်တော့်မှာ ချစ်သူရှိပါတယ် ဒက်ဒီ … သခင်လည်း သိပါ တယ် … ညီမိသွင်ပါ … ”

“ဟုတ်လား”

ခနဲလည်း မတတ်နိုင်တော့။ ညီမိနာမည် ထုတ်သုံးလိုက်ရ သည်။ သခင့်ကို လက်ထပ်ဖို့ ခနဲရဲ့အပြင်းပြဆုံးဆန္ဒပါပဲ။ သခင် ဘယ်လိုဘဝမျိုးပဲရောက်ရောက် သူချစ်မြတ်နိုး၏။ သူက ဒက်ဒီရဲ့



www.burmeseclassic.com

www.burmeseclassic.com



မွေးစားသားပါ။ အစ်ကိုတစ်ယောက်အနေဖြင့် သန့်ရှင်းစွာသခင့်ကို စောင့်ရှောက်လိုသည်။

"ဘယ်တတ်နိုင်မလဲ ... အင်းလေ သမီးကို သားလက်ထဲ အပ်ထားခဲ့ပြီးပြီပဲ ... စိတ်ချပါတယ်လေ ... သားမင်္ဂလာပွဲအတွက် ဒက်ဒီတာဝန်ယူမယ်နော် ... အခမ်းနားဆုံး ဖြစ်စေရမယ်"

"ကျောင်းပြီးမှပါ ဒက်ဒီ ... တစ်နေ့နေ့တော့ ညိုမြိမ်နဲ့ဒက်ဒီကို မိတ်ဆက်ပေးပါ့မယ် ... အမှုကိစ္စရှိနေသေးလို့ ကျွန်တော့်ကိစ္စ ခေါင်းထဲထည့်မထားပါနဲ့ဦး"

မနစိတ်ကို ရှင်းထားမှဖြစ်မည်။ ညိုမြိမ်နဲ့ပဲ လက်ထပ်မယ်။ သခင့်ကိုတော့ စိတ်တွေ အထိုင်ကျတဲ့အခါ သူမပိုင်ဆိုင်တဲ့ စည်းစိမ် ဥစ္စာတွေအားလုံး ပြန်အပ်ပြီး သူမဆန္ဒအတိုင်း နိုင်ငံခြားမှာ နေထိုင်နိုင်ဖို့ စီစဉ်ပေးမည်ဖြစ်သည်။

"ကိုယ် ညီမလေးတစ်ယောက်အဖြစ်ပဲ စိတ်သန့်တယ် သခင် ... အချစ်တွေက ပူလောင်ပါတယ်၊ ကိုယ့်စိတ်တွေ မရဲဘူး သူဌေးသမီးကို အပိုင်ချိုင်တဲ့ယောက်ျားတစ်ယောက်အဖြစ် ကိုယ် လုံးဝမရပ်တည်နိုင်ဘူး ... မင်းအတွက်ပါ သခင် ... "

ဒက်ဒီကို အားပေးနှုတ်သိမ့်၍ သူ့အိပ်ခန်းထဲပြန်ဝင်လာခဲ့သည်။ ရင်တွေနာကျင်နေရ၏။ မနေ ချစ်မြတ်နိုးရတဲ့မိန်းကလေးတစ် ယောက်ကို ညီမအဖြစ် ပတ်သက်ဆက်ဆံဖို့ ဆုံးဖြတ်ရတာ အရှုံး





ခက်ခဲလွန်းသည်။

"မဖြစ်ဘူး သခင်ရယ် ... ကိုယ်သိပါတယ်၊ သခင်လည်း ကိုယ့်ကိုချစ်နေတယ်ဆိုတာ မင်းအချစ်တွေကို ကိုယ်လက်မခံနိုင်ဘူး ... ခဏတာပဲ မင်းမှာအားကိုးမရှိလို့ ကိုယ့်အပေါ် အားကိုးချင်တာပါ ... ကိုယ့်လိုအဆင့်မျိုး သခင်မှန်းထားမှာမဟုတ်ပါဘူး။ မင်း တစ်သက်လုံး နောင်တတွေ ရနေလိမ့်မယ်"

သခင် အားကိုးတွယ်တာရာ ကင်းမဲ့နေတဲ့အချိန်မှာပဲ သူ့ကို ချစ်သယောင် ရူးသွပ်မှုတစ်ခုအဖြစ်ပဲ ရှိနိုင်မှာပါ။ တစ်နေ့နေ့ သခင့် စိတ်တွေ တည်ငြိမ်သွားတဲ့အချိန်တွင် သခင် နောင်တရနိုင်သည်။ သခင့်ကိုရော သခင်ပိုင်ဆိုင်ခွင့်ရှိသည် စည်းစိမ်ဥစ္စာတွေကိုရော မန တစ်ပြားတစ်ချပ်မှ ရယူလိုခြင်းမရှိပေ။ မနေ ပြတ်သားစွာ ဆုံးဖြတ် လိုက်ပြီး ညိုမြိမ်ထံ ဖုန်းဆက်လိုက်သည်။

"ဟဲလို ... ညိုမြိလား ... ကိုယ်ပါ မနေ"

"ဟင် မနေလား ... ရှင် မနက်ကကျောင်းကနေ အစောကြီး ပြန်သွားတယ်၊ ညိုမြိကိုတောင် နှုတ်မဆက်သွားဘူးနော် ... ပြော အခု ဘာကိစ္စရှိလို့လဲ ... ဒီအချိန်ကြီး"

ညိုမြိကိုချစ်တယ်ဟု ပြောဖို့ မနေလွန်စွာ ဝန်လေးနေမိသည်။ သခင်ကလွဲပြီး တခြားမိန်းကလေးတစ်ယောက်ကို ချစ်သည် ဟုပြောရမှာ ဝန်လေးမိနေ၏။ မချစ်ဘဲနှင့် ချစ်သည်ဟုပြောလိုက် လျှင်လည်း တစ်ဖက်မိန်းကလေးအပေါ် ထိခိုက်နစ်နာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခနဲ့ ပြောလေ ... အဲဒီမှာ အဆင်ပြေရဲ့လား သခင်ရော"

"အင်း ... အဆင်ပြေပါတယ် ညိုမီ"

"ညိုမီ့ကို ဘာပြောချင်လို့လဲဟင် ... ပြောလေ ခနဲ့"

"ညိုမီ"

"ဟင်"

"ညိုမီ့ကို ကိုယ်လေ ချစ်တယ်"

"ဘာ ... ဘာပြောတယ် ခနဲ့ ... "

"ကိုယ် ချစ်တယ် ... ညိုမီ့ဆန္ဒကရော ကိုယ်မျက်နှာချင်းဆိုင်ပြောဖို့ သတ္တိ လုံးဝမရှိလို့ ... "

"ခနဲ့ရယ် ... ဒါများ ရှင့်ဆီကနေ ချစ်တယ်ဆိုတဲ့စကားအရမ်းကိုကြားချင်လို့ မျှော်လင့်နေတဲ့ ညိုမီပါနော် ... အခုကြားတာတောင်မှလေ အိပ်မက်ထင်နေတယ် ... ခနဲ့ တကယ်ပဲ ညိုမီ့ကိုချစ်တယ်လို့ ပြောလိုက်တာပါနော်"

"အင်း ... တကယ်ပါ"

"ညိုမီ အရမ်းဝမ်းသာလိုက်တာ ခနဲ့ရယ် ... ညိုမီလည်းခနဲ့ကိုချစ်ပါတယ်၊ စတွေ့ဆုံမိထဲကပါ ... ခနဲ့ကသာ တော့မိမင်းသားကြီးလုပ်နေတာ အစောကြီးထဲက စဉ်းစားထားပြီးသားပါနော် ... ခနဲ့ကို ညိုမီ ချစ်တယ်"

"မနက်ဖြန် ကျောင်းမှာတွေ့မယ်နော် ... ကိုယ့်ကိုစောင့်နေပါ"





"ခနဲ့ရယ် ... ညိုမီလေ အိပ်မက်လိုပဲ ထင်နေသေးတယ်။ ခနဲ့သာ ညိုမီ့အနားမှာရှိနေရင်လေ ညိုမီ့ပါးကို လှမ်းဆိတ်ခိုင်းတယ်သိလား ... I Love You "

ခနဲ့ ဖုန်းပိတ်ပြစ်လိုက်သည်။ ဆက်ပြီး အပိုစကားတွေပြောမနေချင်တော့ပေ။ သခင့်တောင်းဆိုမှုတွေအားလုံး ခနဲ့ဘက်မှ အတိအလင်း ငြင်းဆန်ပြရတော့မည် ဖြစ်သည်။

"သခင်ရယ် ... မင်းကိုချစ်သူအဖြစ် သတ်မှတ်ဖို့ ခနဲ့မှာ သတ္တိမရှိဘူး ... ကိုယ်အခွင့်အရေးသမားတစ်ယောက်အဖြစ် လူ့လောကကြီးထဲမှာ အသက်ရှင်ရပ်တည်မနေချင်ဘူး"

ညိုမီ့ကိုပဲ ချစ်သူအဖြစ် တွဲရတော့မည်ဖြစ်သည်။

"ကိုယ် ညိုမီ့ကို မချစ်နိုင်ဘူးဆိုရင်တောင် သစ္စာမမဲ့ပါဘူး။ ကိုယ် တာဝန်ယူရဲပါတယ်"

ဆင်းရဲနွမ်းပါးတဲ့ခနဲ့အခြေအနေကိုလည်း ညိုမီအားလုံးသိထားသည်။ သူ့ဘဝနှင့် အနီးစပ်ဆုံးက ညိုမီပါပဲ။ အချစ်ဆိုတာကြီးကို ခနဲ့ မုန်းတီးလာမိ၏။ သူ့နှလုံးသားတွေ နာကျင်နေမိသလိုပင် သခင့်ကိုလည်း သနားနေသည်။

"ညိုမီ့ကို မချစ်ပါနဲ့ ခနဲ့ရယ် ... ကတိပေးစမ်းပါ။ သခင့်အနားမှာပဲနေပေးပါ့မယ်လို့လေ ... "

သူ့ရင်တွေ နာကျင်ပေါက်ကွဲသွားသည်။ သူ့အိပ်ရေးပျက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ထလိုက်ကာ သခင့်အခန်းဆီရောက်သွား၏။ သခင့်အိပ်ခန်းက တိတ်ဆိတ်ငြိမ်သက်လျက် အကယ်၍သာ မနေဝင်ရောက်သွားမည်ဆိုလျှင် ဟန့်တားပိတ်ပင်တားဆီးမယ့်သူ တစ်ယောက်မှ မရှိ။ ဒက်ဒီက သခင်နှင့်လက်ထပ်ပေးဖို့ တောင်းဆိုထားသလို သခင်ကလည်း စိတ်ရူးသွပ်လျက် မနေကို အချစ်တွေပေးဆပ်ဖို့ အဆင်သင့်ဖြစ်နေသည်။ သူ့စိတ်တွေကို ထိန်းချုပ်လိုက်လျှင် သခင့်အခန်းနားကနေ ပြန်လှည့်ထွက်လာခဲ့၏။ မနေ ယောက်ျားကောင်းပီသရမယ်။ သခင့်အား ဖြူစင်သန့်ရှင်းစွာ စောင့်ရှောက်ပေးဖို့ပဲ ဆုံးဖြတ်ထားသည်။

အခန်း ( ၁၇ )

"ညိုမြိ"

"မောင်ရယ် ... တကယ်ပဲ ညိုမြိကိုချစ်ပါတယ်နော်၊ ညိုမြိလေ အိပ်မက်မက်နေလားလို့တောင် ထင်နေဆဲပဲ ... ညကလေ အိပ်မက်လေးပျောက်သွားမှာ စိုးရိမ်လို့ မျက်လုံးတွေကိုတောင် မဖွင့်ရဲဘူး"

ညိုမြိရဲ့မျှော်လင့်ချင်းတွေ ပြည့်နှက်နေတဲ့ မျက်ဝန်းတွေနှင့် ရင်ဆိုင်ရမှာကို မနေ တွန့်ဆုတ်ကြောက်ရွံ့နေခဲ့သည်။ ညိုမြိအပေါ် မနေ ရက်စက်လွန်းရာ ကျနေ၏။ မနေချစ်တာက သခင်။

"မောင့်ဒက်ဒီနဲ့ မိတ်ဆက်ပေးမယ် ... တစ်ခုပဲရှိတာက မောင့်မှာ ဘာပိုင်ဆိုင်ခွင့်မှ မရှိဘူးနော် ... သခင့်အမွေပစ္စည်းတွေ အားလုံးခဏပဲ ထိန်းပေးနေရတာပါ"

"ညိုမြိ သိပါတယ် မောင်ရယ် ... မောင့်ကို ဝပ်ရှော့ကောင်လေးဘဝထဲက ချစ်မိတာပဲဟာ နော် ... "



www.burmeseclassic.com

www.burmeseclassic.com



ဓနု စိတ်မောမိသည်။ ညိုမီကို လက်ထပ်တဲ့အထိ သူလုပ်နိုင်ပါ့မလား။ သူ့နှလုံးသားထဲမှာ အနိုင်အမာနေရာအပြည့်ရှိနေတာက သခင်ပဲ။ ဘယ်လိုလုပ်ရမလဲ။ ဓနု လုပ်ရပ်တွေမှားယွင်းနေပြီထင်တယ်။ နစ်နာမည့်သူက ညိုမီပဲဖြစ်သည်။

“မောင်”

“ဟင်”

“ညိုမီ့ကိုချစ်တယ်လို့ ပြန်ပြောပေးပြီးတော့ နမ်းပြ”

“ဘာ”

“မောင်က ချစ်တယ်ပြောတာ ညိုမီခုထိ မယုံသေးလို့ပါ ဟွန်း ... ပြောလေ ... ကျွန်မကိုနမ်းပါ”

“ဒက်ဒီ စောင့်နေတော့မယ်ထင်တယ် ... ညိုမီ သွားကြမယ်”

“အတော်ပဲ ... သခင်နဲ့လည်း တွေ့ချင်တယ်”

“ဒက်ဒီက နေမကောင်းဘူး ... သခင်ကလည်း အတွေ့ခံမှာ မဟုတ်ဘူး ... သခင့်စိတ်တွေ အရမ်းနာကျင်ထိခိုက်နေတယ်လေ ဒက်ဒီနဲ့ပဲတွေ့ပါ ... ”

ဒက်ဒီနဲ့သခင်ကလည်း မသင့်မြတ်ကြ။ သခင် ပြဿနာ အကြီးအကျယ်ရှာနေသည်။ ဓနု နှလုံးသားထဲမှာ မွန်းကျပ်နေသော ညိုမီ့ကိုပင် စကားမပြောချင်တော့။ သူ့ကားပေါ် တက်လိုက်သည်။

“မောင်ကလေ တကယ်ပဲ အရှက်အကြောက် ကြီးလွန်း





တယ် ... ဒါကြောင့် ညိုမီ မယုံတာပေါ့”

မောင့်အချစ်တွေက အေးစက်စက်ကြီးပဲ။ ညိုမီ့ကိုချစ်တယ်လို့ပြောထွက်တာကိုပင် ညိုမီ ဝမ်းသာကျေနပ်ရမည်ဖြစ်သည်။ ညိုမီ ပျော်နေမိ၏။ မောင့်ရဲ့မွေးစားအဖေနှင့်ပင် တွေ့ဆုံခွင့်ရတော့မည်ဖြစ်၏။ သခင့်ကိုလည်း ညိုမီ ဖေးမကူညီချင်သည်။ အချစ်ဆုံးသူငယ်ချင်းတွေပါ။ သခင်တို့ခြံကြီးထဲရောက်တော့ သခင်အရမ်းချမ်းသာတာပဲဟု တအံ့တဩ ဖြစ်ရသည်။

“အထဲဝင်ရအောင် ညိုမီ”

“သခင်တို့က အရမ်းချမ်းသာတာပဲနော် မောင်”

ဓနု ဘာမှတုန့်ပြန်ပြောမနေတော့ဘဲ တိုက်ကြီးထဲဝင်လာပြီး ဒက်ဒီအိပ်ခန်းထဲ တန်းဝင်လာခဲ့သည်။

“ဒက်ဒီ”

ခုတင်ပေါ်မှာ ဒက်ဒီကငြိမ်သက်စွာ လဲလျောင်းနေသည်။ ချောင်းဆိုးသံလည်း မကြားရ။ ငြိမ်သက်လွန်းသည်ဟု ထင်မိလာရကာ အထိတ်တလန့် ဖြစ်သွားရ၏။ ဓနု အနားကပ်သွားပြီး ဒက်ဒီခန္ဓာကိုယ်အား ပွေ့ယူလိုက်သည်။

“ဒက်ဒီ ... ဒက်ဒီ ... ဘာဖြစ်တာလဲဗျာ ... ငြိမ်နေတယ်၊ ချောင်းလည်းမဆိုးတော့ပါလားဗျာ ဒက်ဒီ ... ”

“မောင် ... ဟို ... ဟိုလေ သခင့်ဒက်ဒီ ဆုံးသွားပြီထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ်"

"စိတ်ကိုထိန်းပါ မောင်ရယ် ... သခင်တို့မှာ မိသားစု ဆရာဝန်ရှိတယ် မဟုတ်လား ... ဖုန်းဆက်ရအောင်"

"ဒက်ဒီရယ် ... ဖြစ်မှဖြစ်ရလေဗျာ ... မနက်ကတောင် သေသေချာချာ နှုတ်မဆက်ခဲ့ဘူး ... ဒေဝီသခင့်ကိုရော စိတ်ချသွားပြီလား"

သူ ပေါက်ကွဲစွာအော်ဟစ်ပြောဆိုနေမိသည်။ ဒက်ဒီအရမ်း စိတ်ထိခိုက်သွားပုံရ၏။ သူချစ်သူ ညိုမီပွင့်ကို ဒက်ဒီနှင့်တွေ့ဖို့ခေါ် လာပြီဟု ဖုန်းဆက်ထားသည်။ ဒက်ဒီ ဘယ်လောက်အထိများ ခံစားရရှာမလဲ။

"ဒက်ဒီ ထပါဦး ... မနက်ကိုစိတ်ပူအောင်မလုပ်ပါနဲ့ဗျာ ... တောင်းပန်ပါတယ် ... မနက်မှာ ဘာမှအဆင်သင့်မဖြစ်သေးလို့ပါ"

ဒက်ဒီ့ခန္ဓာကိုယ်ကြီးကိုဖက်၍ အော်ဟစ်ငိုကြွေးမိသည်။

"စိတ်ကိုထိန်းချုပ်ပါဦး မောင်ရယ် ...'နော် ... တခြားစီစဉ် စရာရှိတာတွေ စီစဉ်ရဦးမယ်လေ ... သခင်ရော ဘယ်မှာလဲ ... ညိုမီသွားရှာမယ်"

"နေဦး ညိုမီ ... မင်းမသွားနဲ့၊ မောင်ပဲသွားပြောပြမယ် မင်းပြန်လိုက်တော့နော် ... အငှားကားနဲ့ပဲပြန်ပါ၊ သခင်နဲ့မင်း တွေ့ သွားလို့မဖြစ်ဘူး၊ မောင်တို့မှာ တခြားရှင်းလင်းစရာတွေ ရှိနေလို့ပါ"

"မောင်တစ်ယောက်ထဲ ဖြစ်မလား"





"ဖြစ်ပါတယ် ... နောက်နေ့မှ သူငယ်ချင်းတွေခေါ်ပြီး ညိုမီ ပြန်လာခဲ့နော်"

"မောင့်ကို ညိုမီ စိတ်မချဘူး ... မောင် အရူးလိုဖြစ်နေတာ လေ"

"မင်းကိုပြန်လို့ပြောနေတယ်လေ ... ပြန်တော့ ပြန်စမ်းပါ"

"ဟင် ... မောင်"

မဖြစ်ဘူး ... ညိုမီ့ကို သခင်တွေ့လို့ မဖြစ်သေးဘူး။ လောလောဆယ် ဒက်ဒီ့အတွက်တောင် ဘယ်လိုပြောပြရမှန်းမသိသေး။ ညိုမီ့ကို ချစ်သူအဖြစ် မရွေးချယ်ပါနဲ့လို့ သခင်အထပ်ထပ်တောင်းဆို နေခဲ့လေသည်။ သခင့်ကို အလွန်အမင်းကြီး စိတ်ထိခိုက်နာကျင်မှု တွေ မခံစားစေချင်သေးဘူး။ ရူးသွားနိုင်တယ်။ အသက်အရွယ်နှင့် မျှအောင် သောကတွေ ရင်ဆိုင်ခံစားနေရရှာသည်။

"ညိုမီပြန်မယ်နော် မောင် ... စိတ်ကိုထိန်းပါ၊ ဘယ်လို အကြောင်းကိစ္စပဲရှိရှိ ... အချိန်မရွေး ညိုမီ့ဆီ ဖုန်းဆက်နော်"

ညိုမီ ပြန်ထွက်သွားသည်။ သူ့အသိစိတ်တွေထဲမှာ သခင်ပဲ ရှိနေသည်။ ညိုမီ့ကို အားနာနေခဲ့ပေမယ့် သခင့်အတွက်ပဲ သူဦးစား ပေး စဉ်းစားမည်ဖြစ်၏။ သူအပြင်ထွက်လာပြီး သခင့်အခန်းရောက် လာသည်။

"သခင်"

"ဟင် မနေ ... မျက်နှာလည်း မသာမယာနဲ့ ဘာဖြစ်လာတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

သူတွေ့ရတာ သခင် နည်းနည်းတော့စိတ်ကြည်လင် တည်ငြိမ်နေပုံပင်။

"မနု"

"ဟင်"

"ဒက်ဒီနေကောင်းလား ... ဒီနေ့ တစ်နေ့လုံး သခင်လေ ဒက်ဒီ့ကိုသတိရနေတယ် ... သခင် တောင်းပန်ချင်တယ်၊ သခင့်ကြောင့် ဒက်ဒီပိုပြီး အခက်တွေ့နေရတယ်ထင်တယ် ... ဒက်ဒီက အရမ်းရိုးသားဖြူစင်ပြီး သခင့်ကိုလည်း ချစ်ရှာပါတယ် ... ဘာဖြစ်လို့လဲ မသိဘူးနေ ... စိတ်တွေတည်ငြိမ်လာသလိုပဲ ... သခင့်ဆီလာနေတဲ့ ဒက်ဒီ့ခြေသံတွေကို နားစွင့်နေမိသလိုပဲ"

"လောကကြီးက အဲရောရောဆန့်ကျင်ဘက် အမှုကိစ္စတွေနဲ့ပဲ ရှုပ်ထွေးပူလောင်နေတတ်တယ် ... သခင် ထင်ထားတာတွေ ဖြစ်မလာနိုင်သလို မထင်ထားတာတွေလည်း ဖြစ်လာနိုင်တယ်လေ"

"အင်းနော် ... သခင်လေ တစ်ချိန်လုံး ဒက်ဒီ့အပေါ်ဒေါသတွေ နာကြည်းမှုတွေနဲ့ အရွဲ့တိုက်လာခဲ့တာ ... အခုမှ ဒက်ဒီကို နားလည်လာမိသလိုပဲ ... ပြဿနာတွေက သခင့်ကြောင့်ပဲ ပိုပြီး ရှုပ်ထွေးလာခဲ့တာပဲ ... ဒက်ဒီ့ဆီသွားမယ် ... မနုလည်းလိုက်ခဲ့"

"ဒက်ဒီလေ ... ဒက်ဒီ ... အသက်မရှိတော့ဘူး သခင်"

"ဟင် ... ဘာ ... ဘာဖြစ်တယ်၊ ဒက်ဒီ သေပြီဟုတ်လား၊





မဖြစ်နိုင်တာဘဲ ... ဘာတွေလာပြောနေတာလဲ"

ဒက်ဒီ ဆုံးပြီတဲ့။ သခင် မယုံကြည်နိုင်။ ရောဂါဝေဒနာတွေ ဖြစ်နေတာတော့ သခင်သိနေပေမယ့် ဂရုမစိုက်ဘဲ ပြစ်ပယ်နေခဲ့သည်။

"မနု အခုပဲ ဒက်ဒီ့ကိုတွေ့ဖို့ သွားတာ ... ဒက်ဒီက အသက်ကင်းမဲ့နေပြီ သခင် ... မင်းစိတ်တွေကို တည်ငြိမ်အောင်ထိန်းချုပ်ပါ တကယ်ပဲ ဒက်ဒီက လူ့လောကကြီးထဲကနေ ထွက်ခွာသွားပြီ သခင်ရယ် ... "

"ဒက်ဒီရယ်"

"သခင် ... သခင်"

ပျော့ခွေလဲကျသွားသည့် သခင်ကိုယ်လုံးလေးအား မနုမွေ့ယာထိန်းမတ်ပေးထားလိုက်ရ၏။ အပူသောကတွေ မျိုးစုံနှင့် ရူးသွပ်မတတ် ခံစားနေရတဲ့ ဒေဝီသခင်။

"သခင် သတိထားပါ ... သခင်ရယ် ... ကိုယ့်ကိုအရမ်းစိတ်ပူအောင် မလုပ်ပါနဲ့တော့ကွာ ... သခင်"

သူ မိသားစုဆရာဝန်ကြီးထံ ဖုန်းဆက်ခေါ်လိုက်သည်။ ဒက်ဒီ့နာရေးကိစ္စတွေက ရှိသေးတယ်။ အိမ်ဖော်မကြီး ဒေါ်ခင်လေးကိုလည်း အော်ဟစ်ခေါ်နေမိ၏။ ဆရာဝန်ကြီးရောက်လာတော့ ဒက်ဒီအကြောင်း မပြောပြရသေးဘဲ သခင့်ကိုပဲ အသက်ကယ်ပေးဖို့ အငမ်းမရ တောင်းဆိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင့်ကိုကြည့်ပေးပါ ဒေါက်တာ ... အသက်ကယ်ပေးပါဗျာ၊ အမြန်ဆုံး ကြည့်ပေးပါ"

"မောင်ခနေ ... စိတ်ကိုထိန်းပါ၊ ဒေဝီသခင် ဘာမှမဖြစ်ပါဘူး အားအရမ်းနည်းနေတယ် ... ခဏလောက် နားလိုက်ရင် သတိပြန်ရလာမှာပါ ဦးထင်လင်းရော ..."

"ဟာ၊ အခုမှသတိရတယ် ဆရာကြီး ... ဟို ... ဒက်ဒီလေ ဒက်ဒီ ဆုံးသွားပြီ ..."

"ဟင်"

ဆရာဝန်ကြီးက ဒက်ဒီအိပ်ခန်းထဲ လိုက်လာပြီး စစ်ဆေးလိုက်တော့ ကွယ်လွန်သွားပြီဖြစ်ကြောင်း အတည်ပြုပေးသည်။

"ဦးထင်လင်း ... ဆုံးသွားပါပြီ၊ ဒေဝီသခင်ပဲ အရေးကြီးပါတယ် ... မောင်ခနေက ချော့မော့နှစ်သိမ့်ပြီး ဂရုစိုက်စောင့်ရှောက်ပေးပါ ... အားဆေးလည်း သွင်းပေးထားတယ်၊ ဆရာထပ်လာခဲ့ပါ့မယ်"

ခနေ တည်ငြိမ်အောင် ထိန်းချုပ်ရတော့မည်ဖြစ်သည်။ သခင်အနားရောက်သွားတော့ သခင် အိပ်စက်နေဆဲပင်၊ ဒက်ဒီအလောင်းကို သေသေချာချာ ပြင်ဆင်ပေးလိုက်၏။ သခင် ဝအောင်ကြည့်ပြီးမှ အအေးတိုက်ကို ပို့ဆောင်မည်ဟု စဉ်းစားထားသည်။

"ဒက်ဒီမှာ ရောဂါဝေဒနာတွေ ရှိပေမယ့် ရုတ်တရက်ကြီး သေဆုံးရတာကတော့ ခနေကြောင့်ပါပဲ ..."





တကယ်တော့ ခနေ ဒီလောက်အထိ လုပ်ဆောင်ရန်မသင့်ဟု ထင်မိသည်။ သခင့်ကိုစောင့်ရှောက်မည့်ခနေ ချစ်သူရှိနေတာ စိတ်ဖိစီးသောကရောက်သွားသည် ထင်၏။ ခနေ မဖြေနိုင်။ အတော်လေး ချောင်ကျနေသည်။

"ဒက်ဒီရယ် ... ဘာမှစိတ်မပူပင်ပါနဲ့တော့ဗျာ ... သခင့်ကို ခနေစောင့်ရှောက်ပေးမှာပါ ... လက်ထပ်ဖို့ မဖြစ်နိုင်တာတောင် ညီမလေးအဖြစ် ဂရုတစိုက် စောင့်ရှောက်ပေးမှာပါဗျာ"

လက်ထပ်ဖို့ကတော့ မဖြစ်နိုင်ဘူး။ သခင် ပိုင်ဆိုင်ရမည့် စည်းစိမ်ဥစ္စာတွေကို အပိုင်ချိုင်ဖို့ဟု ပတ်ဝန်းကျင်ရဲ့သံသယအထင် မခံနိုင်ဘူး။ ညို့မီနှင့်လက်ထပ်ပြီးလျှင် သခင့်အား အမွေတွေ စည်းစိမ်ဥစ္စာတွေ ပေးအပ်လိုက်တော့မည်ဖြစ်သည်။

"သခင့်ကို ခနေ ဘယ်လောက်အထိ ချစ်မြတ်နိုးရလဲဆိုတာ ခနေ့နှလုံးသားက အသိဆုံးပါ ... သခင့်ကို ကာကွယ်စောင့်ရှောက်ပေးမယ် ... အန္တရာယ်တွေကင်းရှင်းအောင် အစ်ကိုတစ်ယောက်အနေနဲ့ပေါ့"

ဒေဝီသခင် ပြန်၍သတိရလာသည်။ သူ့လက်ကိုတွဲလျက် ဒက်ဒီကို ကြည့်သည်။

"သမီးမိုက်ကို ခွင့်လွှတ်ပါ ... သခင် မှားသွားပါတယ်ဒက်ဒီရယ် ... နောက်ဆုံးအနေနဲ့တောင် သမီးမိုက်ကို ဆုံးမစကားတွေ မပြောခဲ့ဘူးလား ဒက်ဒီ ..."



www.burmeseclassic.com

www.burmeseclassic.com



သခင့်ခန္ဓာကိုယ်လေးက မနေရင်ခွင်ထဲ လဲပြိုကျလာသည်။ မနေ အလိုက်သင့်ပွေ့ဖက်ထားလိုက်မိ၏။ မနေ နှလုံးသား တဆတ်ဆတ် လှိုက်တုန်ခါသွားသည်။ မနေအချစ်ဆုံး မိန်းကလေးပါ။ မြင်မြင်ချင်း ချစ်ခင်မြတ်နိုးခဲ့ရ၏။ အရမ်းချစ်တယ်ကွာ။

"စိတ်ကိုထိန်းပါ သခင်ရယ် ... ဒက်ဒီ့ကို ဝအောင်ကြည့်ပါ၊ မနေတို့ ရှိနိုးကန်တော့ကြရအောင် ..."

"မနေ"

"ပြောလေ သခင် ..."

"သခင့်ကို ပြစ်မထားပါနဲ့နော် ... လောကကြီးထဲမှာ သခင် ဘယ်လိုမှ ရင်ဆိုင်ရပ်တည်လို့ မရနိုင်ဘူးထင်တယ်၊ မနေပဲ အားကိုးရာ ရှိတာပါ မနေရယ် ..."

ညိုမီအား မနေ ရွေးချယ်လိုက်တာ သခင်မသိသေးပေ။ မနေ ဘယ်လိုလုပ်ရမလဲ ... သခင်မှာ ရင်ဆိုင်ရမည့် ပြဿနာတွေကလည်း များလွန်းနေသေးသည်။

"မနေရယ်"

"သခင်ရယ် ..."

နောက်နေ့တွင် ညိုမီနှင့်သူငယ်ချင်းတွေ ရောက်လာသည်။ သခင်က လုံးဝအတွေ့မခံခဲ့။

"သခင်က ဘာဖြစ်တာလဲ ... ညိုမီတို့ကို အတွေ့မခံဘူး မောင်ရယ် ... ညိုမီက အားပေးချင်တာပါ"





"သခင့်ကို ထားလိုက်ပါ၊ ကျောင်းမှာပဲနေလိုက်ပါတော့ ညိုမီ"

"ဟင် ... မောင် ဘာဖြစ်လို့လဲဟင်"

"မောင်တို့မိသားစုပြဿနာတွေရှိလို့ပါ ... သူငယ်ချင်းတွေကိုလည်း သခင်တွေ့ချင်ပုံမရဘူး ... သခင်ကို နားလည်ပေးလိုက်ပါညိုမီ ..."

"အင်းပါ ... သခင့်ဘက်က ဘယ်လောက်ပဲစိမ်းနေပါစေ ယောင်းမတော်ရမယ့်သူဖြစ်နေလို့ ခွင့်လွှတ်ပေးပါတယ် ... သခင်ကလေ အမြဲတမ်း ဗိုလ်ကျချင်တဲ့စိတ်က မပျောက်ဘူး"

ညိုမီလည်း မောင့်ကိုစိုးရိမ်နေမိသည်။ သခင်က မလွယ်ဘူး။ ညိုမီ သံသယတွေနှင့်မောင့်ကို ထားခဲ့ရ၏။ ညိုမီတို့သူငယ်ချင်းတွေ မကျေမနပ်နှင့် ပြန်လာခဲ့ရသည်။

"သခင်က မာနအရမ်းကြီးတယ် ... အရွဲ့တိုက်တတ်တယ်၊ မနေတော့ အနိုင်ကျင့်ခံရမှာ သေချာတယ်"

"မောင်ကတော့လေ ... သခင့်ကို အမွေတွေအားလုံး လွှဲအပ်ပေးပြီး ညိုမီနဲ့လက်ထပ်မယ့် ကိုယ့်အစွမ်းအစနဲ့ ကြီးပွားချမ်းသာတာကိုပဲ သဘောကျတာတဲ့"

"ညိုမီ"

"ဟင် ..."

"မနေကိုယုံလား ... ငါ့အထဲင်တော့လေ မနေချစ်နေတာက



www.burmeseclassic.com

www.burmeseclassic.com



သခင်ဖြစ်နိုင်တယ် … ”

“ဘာ … ဘာပြောတယ် ကိုချို စကားပြောတာ ကြည့်ဖြေ နော် … မောင်က မိန်းကလေးတစ်ယောက်ကို မချစ်ဘဲနဲ့ ဘယ် တော့မှ ချစ်တယ်လို့ မပြောဘူး၊ တည်ကြည်ခန့်ညားတဲ့ ယောကျ်ား တစ်ယောက်ပါနော် … သခင်က မာနကြီးလွန်းလို့ မောင်အရှုံး မုန်းနေတာပါ”

ညိုမီပြောမယ့်သာပြောရတာ ခနက သခင့်ဆို ပြာယာခတ် နေအောင် စိတ်ပူပင်တတ်ပြီး သည်းခံနေတတ်သည်။ အောက်ကျ လည်းခံသည်ဟု ညိုမီတွေးမိလာ၏။ ရင်တွေပူလိုက်တာ။ ခနရဲ့ ကောင်မျိုးကို သခင် လုံးဝစိတ်မဝင်စားဘူးဟု မကြာခဏ ပြောနေ တတ်သည်။

“သခင်ရေ … မောင့်ကိုတော့ နင်မလုပ်ပါနဲ့ဟာ … နင်ချစ်နိုင် မှာလည်း မဟုတ်ဘဲနဲ့ … ”

သခင်က အရွဲ့တိုက်ပြီး ထင်ရာစိုင်းတတ်သူဖြစ်၍ ညိုမီ စိတ် မအေးနိုင်အောင် ဖြစ်နေလေသည်။

⁂

အခန်း ( ၁၈ )

“ခန ပြောစမ်းပါ … နင်နဲ့ညိုမီက ဘာလဲ … အရမ်းချစ်ကြ တဲ့ချစ်သူတွေလား၊ လက်ထပ်ကြတော့မှာလားဟင်၊ အမှန်အတိုင်း ပြောနော် … ပြော … ”

“ဟုတ်တယ် သခင် … ”

“ဘာ”

“ဒါက်ဒီကိုလည်း ပြောပြထားပြီးပါပြီ … ညိုမီနဲ့လက်ထပ် မယ်”

“ရှင် … ရှင် တော်တော်ရက်စက်တာပဲ၊ ပြဿနာတွေ အပူ မီးတွေ ပတ်လည်ဝိုင်းနေတဲ့ သခင်ကို ဥပေက္ခာပြုရက်တာလား ခန”

သခင်ရယ် … ကိုယ့်နှလုံးသားတွေရဲ့ ခံစားချက်တွေက ကိုယ်ပဲအသိဆုံးပါကွာ။ မင်းကိုချစ်သူအဖြစ်ရော ဇနီးမယားအဖြစ် လက်ထပ်ယူဖို့ရော ကိုယ်လုံးဝသတ္တိမရှိဘူး သခင်။ ကိုယ့်အချောင်



www.burmeseclassic.com

www.burmeseclassic.com



သမားဘဝ မခံယူချင်ဘူး။ သခင့်ကို ညီမလေးတစ်ယောက်လို ကိုယ်အမြဲတမ်း စောင့်ရှောက်ပေးနေမှာပါ။ ခနက မင်းကိုစတွေ့ ထဲက ချစ်မြတ်နိုးလာခဲ့ရသူပဲ။

"သခင့်ကို တစ်ယောက်ထဲမထားခဲ့ပါနဲ့ ခနရယ်နော် ... ညီမိကို မချစ်ပါနဲ့၊ သခင့်ကို ချစ်ပါ ... "

သခင် ငိုသည်။ တသိမ့်သိမ့်ရှိုက်ငိုနေသော သခင့်အား ခန ပွေ့ယူချော့မော့နှစ်သိမ့်ပေးနေရ၏။ ဒက်ဒီအသုဘရက်လည်ပြီး တစ်လပြည့်သည်နှင့် သခင့်ကို စည်းစိမ်ဥစ္စာတွေ ခွဲဝေပေးမည် ဖြစ်သည်။

"မငိုပါနဲ့သခင်ရယ် ... စိတ်ကို ထိန်းချုပ်စမ်းပါ၊ ကိုယ်ရှိပါ တယ် ... ညီမလေးတစ်ယောက်အဖြစ် ထာဝရစောင့်ရှောက်ပေးမှာ ပါ ... အားမငယ်ပါနဲ့ ... "

"ခန တကယ်ပဲ ညီမိုကို ချစ်တာကိုး ... "

သခင့်မှာ မာနတွေရှိသည်။ ခနက ဘာအဆင့်ရှိလို့လဲ။ မချစ် ဘူး ... ဝင်ရှော့ပြင်သမား သွားစမ်းပါ။ သခင် မာနတွေတင်းပြီး ခန ရင်ခွင်ထဲမှ ရုန်းထွက်ပြစ်လိုက်သည်။ ပါးပြင်ပေါ်မှ မျက်ရည် တွေကိုသုတ်ပြစ်လိုက်၏။ နှုတ်ခမ်းလေးကို စူထော်ပြစ်လိုက်သည်။

"ခန ... နင်ထွက်သွားတော့၊ နင့်ကို ငါလုံးဝအထင်မကြီးဘူး သခင့်မှာက အပြစ်အနာအဆာတွေနဲ့ အပျိုလည်း မစစ်တော့ဘူး မဟုတ်လား ... နင့်စိတ်ဓာတ်ကို ငါသိသွားပြီ၊ ရတယ် ... ငါဘဝ



ငါရပ်တည်မယ်၊ နင်က ဒက်ဒီ့တရားဝင်မွေးစားသားပဲ ... ကျန်တဲ့ အမွေတွေ တစ်ယောက်တစ်ဝက်ခွဲပေးမယ် ... ငါကျေနပ်ပါတယ် ခန ... "

ခန ဘာမှဆက်မပြောလိုတော့။ သူ့ကို သခင်မုန်းတီးသွား စေချင်သည်။ မောင်နှမ စိတ်တွေရှိနေစေချင်မိ၏။ သူလည်း ပြင်း ပြလွန်းတဲ့ နာကျင်ကြေကွဲမှုတွေ ခံစားရသည်။

"ထွက်သွားတော့လေ ... အပိုတွေလာပြီး နှစ်သိမ့်မနေနဲ့ တော့ ... ငါတစ်ယောက်ထဲလဲ ဖြစ်တယ်"

ခန ထွက်သွားတော့လည်း တကယ်ပဲထွက်သွားရက်တယ် ဆိုပြီး တားဆီးချင်သည်။ ခန မရှိမှ သခင်အားငယ်စွာ ငိုမိ၏။ ဒက်ဒီ လည်း မရှိတော့ဘူး။ သခင့်အတွက် ဒေါ်သဲနုကို ဆန့်ကျင်နေခဲ့တာ တွေ စည်းစိမ်ဥစ္စာတွေ သမီးအတွက်ပဲထားခဲ့တာတွေ နောက်ကျ မှသိလိုက်ရသည်။

"ဒက်ဒီကို သခင်အရွဲ့တိုက်ပြီး လုပ်ချင်တာတွေလုပ်ခဲ့မိလို့ ပါမီသားစု ပြိုကွဲပျက်စီးရတာပါ ... ဒက်ဒီ့ကို သမီးတောင်းပန်ချင် ပါတယ် ... သမီး နောင်တတွေ အကြီးကြီးရနေပါတယ် ဒက်ဒီရယ်"

ခနကိုလည်း အရွဲ့မတိုက်လိုတော့။ သခင်ဘဝ သခင်တစ် ယောက်ထဲ ရပ်တည်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ စည်းစိမ် တွေလည်း ခနကို တစ်ဝက်ခွဲပေးသွားမှာပါ။ ခနကို မောင်နှမတော် ဖြစ်လိုက်မိတာပင် သခင် နောင်တရသွားသည်။ ခန မရှိလို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး။ မင်းချမ်းမြေ့ ရှန့်ကလည်း မအေးရသေးဘူး။ ဒက်ဒီ ဆုံးသွားတော့ ဒေါ်သဲနု ရပိုင်ခွင့်တွေ မရှိတော့ဘူးပေါ့။ ဒါပေမဲ့ အလွယ်တကူ အလျှော့ပေးမှာမဟုတ်။ လောဘရမက်ကြီးတဲ့သားအမိ။ သက်ဆိုင်ရာတွေက လိုက်ဖမ်းနေသည်ဟု သိရသည်။

"သခင်လေးရေ ... မနက်စာ စားဖို့လာခဲ့နော်၊ မောင်ခနေတော့ စားပြီးသွားပြီ ... ကျောင်းကိုထွက်သွားပြီတဲ့လေ"

"ဟင်"

ဒေါ်ခင်လေး ဝင်လာပြီးပြောလိုက်သဖြင့် ခနေ မရှိတော့ဘူးဆိုတဲ့အသိတွေက သူမရင်ကို ဟာလာဟင်းလင်း ဖြစ်သွားရသည်။ မာနခနေ နင်တော်တော် မာနကြီးတဲ့ကောင်။

"သခင် ဘာမှမစားချင်ဘူး ဒေါ်လေးခင် ... ထားလိုက်တော့"

"မစားလို့မဖြစ်ဘူးလေ သခင်ရယ် ... အားနည်းသွားလိမ့်မယ်၊ သခင့်စိတ်တွေ မာကျောတက်ကြွနေတာပါ ... ရှေ့ဆက်ပြီး ရပ်တည်နိုင်ဖို့ အရေးကြီးတယ်လေ ... ထနော် ... ဒေါ်လေးကို စိတ်ချမ်းသာစေချင်တယ် မဟုတ်လား ... တပါကွယ်နော်"

ဒေါ်လေးခင် ချော့မော့ခေါ်သဖြင့် လိုက်လာခဲ့ရသည်။ ထမင်းစားစားပွဲမှာ သခင်တစ်ယောက်ထဲပါ။ အရင်က ဒက်ဒီနဲ့ သခင် ပျော်ရွှင်စွာစားသောက်ခဲ့တဲ့နေရာလေး။ နောက်တော့ ခနေ တစ်ယောက်တိုးလာ၏။ သခင့်ကြောင့်ပဲ ... မိသားစုထမင်းဝိုင်း





လေးက ခြောက်သွေ့ပြီးပျက်သွားခဲ့ရသည်။

"ခနကပြောတယ်လေ ... သခင် စားချင်တဲ့ဟင်းတွေပဲ ဂရုတစိုက်မေးပြီး စီစဉ်ပါတဲ့ ... သူ့ညီမလေးကို ပျော်ရွှင်စေချင်ပါပြီတဲ့ ... တကယ့်ကို ယောကျ်ားကောင်းပီသပြီး တည်ကြည်တဲ့ကောင်လေးပဲသခင် ... အင်းလေ ... သခင်က မကြိုက်လို့ပါ ... ဆရာထင်လင်းရော ဒေါ်လေးခင်ရောက ခနနဲ့သခင့်ကို သဘောတူနေကြတာ လက်ထပ်စေချင်ကြတယ် ... "

"တော်ပါတော့ ဒေါ်လေးခင်ရယ် ... သူ့အကြောင်း မပြောပါနဲ့တော့၊ သူ့မှာက ချစ်သူရှိပြီးသားပါ၊ လက်ထပ်တော့မယ် ... ဟုတ်တယ် ... ခနလိုကောင်ကို သခင်အဆင့်အတန်းချင်း မတူဘူးလို့ပဲ သတ်မှတ်တယ် ... စက်ပြင်သမား ... "

"အဲဒီလို မပြောပါနဲ့သခင်ရယ် ... မောင်ခနေက သခင့်အပေါ် အရမ်းသံယောဇဉ်ကြီးတာပါ၊ သခင့်ရဲ့ အန္တရာယ်တွေကို မောင်ခနေပဲ ကာကွယ်စောင့်ရှောက်ပေးခဲ့တာပါ"

သခင် ရွဲ့ပြောနေတာသိရဲ့လား။ သူ့ကို ခနမုန်းပြစ်ချင်တယ်။ ကျောင်းမှာ သူသာ သခင့်ကို အရေးတယူလုပ်ခဲ့လျှင် ဟိုမင်းချမ်းမြေ့လိုကောင်မျိုးနဲ့ တွဲပြစ်မှာမဟုတ်ပါဘူး။ သူနဲ့ညို့မီ တွဲနေထဲက သခင် မနာလိုဝန်တိုတွေဖြစ်ပြီး ပြဿနာတွေကပိုကြီးကြီးထွားလာတာလေ။ သခင် ဘယ်လောက်ပဲ တောင်းပန်နေပါစေ အောက်ကျနောက်ကျ ရှိခိုးမတတ် တောင်းဆိုနေပါစေ ... သူချစ်



www.burmeseclassic.com

www.burmeseclassic.com



တာက ညိုမြိုတဲ့လေ။ သခင့်ကိုတော့ ညီမလေးတစ်ယောက်လို စောင့်ရှောက်မယ်တဲ့။ မုန်းလိုက်တာ ... ဘာညီမလေးလဲ ... ဒေါ်လေးခင် ကျေနပ်စေရန် ခပ်မြန်မြန်စားသောက်ပြီး ထလာခဲ့သည်။

"သခင် ခြံထဲဆင်းဦးမယ်နော်"

"အေး ... အေး ... အပြင်မှာတော့ အကြာကြီးမနေနဲ့နော် ဒေါ်လေး စိတ်ပူလို့ ... ဟိုသားအမိက လွှတ်နေသေးတယ်လေ"

"ဟုတ်ကဲ့"

သခင် ခြံထဲဆင်းလာခဲ့လေသည်။ ငယ်စဉ်က မာမီနှင့်အတူ မိသားစုပျော်ရွှင်စွာနေထိုင်လာခဲ့တဲ့ ခြံကြီးပါ။ သစ်ပင်ပန်းမာန်တွေနှင့် အရမ်းလှပစိုပြေလွန်းခဲ့သည်။ ခနရယ် ... တို့နှစ်ယောက် လက်ထပ်ပြီး မိသားစုဘဝလေး ထူထောင်ချင်ပါတယ်။ ညိုမြိုကို ဘာဖြစ်လို့ ချစ်သူအဖြစ် ရွေးချယ်ခဲ့ရတာလဲဟင်။ သူမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပြည့်ဝိုင်းလာသည်။

"မငိုပါဘူး ... ခန နင့်ကိုအားကိုးမိတွယ်နေမယ်ထင်လား သခင်ပဲ ... "

ခနကို ဘယ်လိုပဲမုန်းစရာတွေ စဉ်းစားမိနေပါစေ သခင် မမုန်းနိုင်။ ခနကိုချစ်တယ် ... ခနကို ချစ်တယ် ... သခင့်နှလုံး အရမ်းကြီး နာကျင်ကြေကွဲနေရတယ် ခန။ စိတ်တွေကိုတင်းပြီး တစ်ယောက်ထဲရပ်တည်နိုင်ဖို့ ကြိုးစားချင်တယ်။ သခင် အားငယ်





နေသည်။

"သခင် ... "

"ဟင် ... နင် ... နင် ... ချမ်းမြေ့"

ချမ်းမြေ့ကိုတွေ့လိုက်သဖြင့် သခင် အထိတ်တလန့်နှင့် ထွက်သွားဖို့ ပြင်လိုက်သည်။ ခြံထဲကို ဘယ်လိုဝင်လာရတာလဲ။ ခြံတံခါးက ပွင့်သွား၏။ သူ ... သူ ... သော့အတုနဲ့ဝင်လာတာပဲ ဖြစ်နိုင်သည်။

"မင်းတို့ခြံကိုဘယ်လောက်ပဲ သော့အထပ်ထပ်ခတ်ထားပါစေ ... ချမ်းမြေ့ဖွင့်နိုင်တယ်လေ ... ဟိုမှာတွေ့လား ... အဲဒါ ငါ့တပည့်သော့ဝိဇ္ဇာတွေလေ ... "

"နင်တို့ ဘာလုပ်မလို့လဲ ... "

"သခင့်ကို ခေါ်ဆောင်သွားဖို့ပါ။ ဟိုမှာ သခင့်ယောက္ခမ လောင်းကြီးလည်း စောင့်နေတယ် ... ဦးထင်လင်းပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေအားလုံး ကိုယ်တို့သားအမိလက်ထဲ ရောက်သင့်နေပါပြီ ကွာနော် ... "

"အမိပွါယ် မရှိလိုက်တာ ... နင့်ကို ငါလုံးဝ မလက်မထပ်ဘူး။ နင့်လက်ထဲမှာ ငါ့ဘဝကျဆုံးရမယ့်အစား အသေပဲ ခံပြစ်လိုက်မယ်"

"ကောင်းပြီလေ ... ဒါဆို အသေခံလိုက်ပေါ့။ နင့်ကိုထားပြီး ရင် ခနဆိုတဲ့ကောင်ကို လိုက်သတ်မယ်၊ ပြီးရင် ... ကိုယ့်အိမ်ကို မီး



www.burmeseclassic.com

www.burmeseclassic.com



လောင်တိုက်သွင်းပြစ်မယ်”

မင်းချမ်းမြေ့လက်ထဲမှာ ဓါးရှိနေသည်။ သခင် ဘယ်လိုလုပ်ရတော့မလဲ။ အဓိက ခနုပဲ။ သူ့ကို မထိခိုက်စေချင်ပါဘူး။

“မင်း အေးအေးဆေးဆေး လိုက်ခဲ့ပါသခင် ... အရင်ဆုံး မင်းအိမ်ဖော်မကြီး ဒေါ်ခင်လေးကို သတ်ပြရမလား”

မင်းချမ်းမြေ့လူတွေလည်း အပြင်မှာရှိနေသည်။ ခြံထဲအထိ ကားကရပ်ထား၏။ လူယုတ်မာကောင် ... သခင်ကျန်းမာရေးလည်း မကောင်းသဖြင့် ခန္ဓာကိုယ်လေးက ယိုင်ခွေကျချင်လာသည်။ မင်းချမ်းမြေ့နှင့် မယှဉ်နိုင်မှန်း သိနေ၏။ သူ့အတင်းအကျပ်ခေါ်ဆောင်တော့မှာ သေချာသည်။

“ခနုရယ် ... သခင့်ကိုကယ်ပါဦး၊ သခင့်မှာ အန္တရာယ်တွေကဝိုင်းနေတယ် ... ဒီတစ်ခါတော့ သခင့်ဘဝအဆုံးသတ်ပြီ ထင်ပါတယ်”

မင်းချမ်းမြေ့က သူ့မလက်လေးကို တင်းကျပ်စွာဆုတ်ကိုင်ပြီး တားဆီးဆွဲခေါ်နေသည်။ တပည့်တစ်ယောက်ကပါလာပြီး ချုပ်ကိုင်ဆွဲယူနေ၏။ သခင် မရုန်းနိုင်။ အင်အားတွေ ချိနဲ့နေသည်။

“မင်း အေးအေးဆေးဆေးနဲ့ ငါ့ဆန္ဒတွေကို လိုက်လျောလိုက်ရင် လောကကြီးက ငြိမ်းချမ်းသွားမယ်. သခင် ...”

သူ့အမိန့်သံတွေက တင်းမာပြတ်သားနေသည်။ လူယုတ်မာတွေရဲ့လက်ထဲကနေ မလွတ်နိုင်တော့။ သခင့်ခေါင်းတွေ မူးနောက်



ရီဝေလာ၏။ မင်းချမ်းမြေ့ ခေါ်ဆောင်ရာနောက်သို့ ပါသွားသည်။

“ခနုကို မထိပါနဲ့ ... ခနုကို အသက်ချမ်းသာပေးပါ”

သခင် အော်ဟစ်တောင်းဆိုချင်ပေမယ့် နှုတ်ခမ်းတွေကမဟ။ လှုပ်ရှားဖို့ပင် အင်အားတွေ ကင်းမဲ့သွားသည်။ မြို့ပြင်အထိကားကိုမောင်းသွားပြီးမှ ခြံကြီးတစ်ခြံထဲ ဝင်သွား၏။ သူ့မလက်ကိုဆွဲလျှက် အိမ်ကြီးတစ်လုံးထဲ ခေါ်ဆောင်သွားလေသည်။

“ပါလာပြီလား သား ... ဒီတစ်ခါတော့ အပိုင်ချုပ်ပြစ်လိုက်တော့ ... မာမီတို့ကို အမြဲတမ်း နှောက်ယှက်ဒုက္ခပေးနေတဲ့ ဟာမလေး”

ဒေါ်သဲနု ဒက်ဒီ့ငယ်ချစ်ဦး ... သခင် မုန်းတီးရွံရှာရတဲ့ မိန်းမကြီး။ ဒက်ဒီက ဆုံးသွားတော့ ဒေါ်သဲနု ဘာမှအခွင့်အရေးမရလိုက်။ ဒက်ဒီက သူ့ဂုဏ်သိက္ခာ ကျချင်သလောက်ကျသွားပါစေ သခင်ရဲ့အမွေပစ္စည်းတွေ မထိပါးရအောင် ကာကွယ်ပေးသွားခဲ့သည်။

“ညည်း ... ငါ့သားနဲ့လက်ထပ်ရမယ်၊ နောက်ဆုံးအေ ... ညည်းရဲ့အပျိုစင်ဘဝလေး၊ ငါ့သားရင်ခွင်ထဲမှာပဲ ပေးဆပ်ရမယ်၊ ညည်းဘဝတစ်ခုလုံး စုတ်ပြတ်သတ်စေရမယ် ... ကျုပ်တို့ သေရင်လည်း ညည်းကိုတော့ မထားခဲ့ဘူး ... လိုက်သေရမယ်”

ဒေါ်မေသဲနု ဒေါသတွေပေါက်ကွဲနေသည်။ ဒီဟာမကြောင့်ပဲ။ မိမိလိုအင်ဆန္ဒတွေ မပြည့်ဝခဲ့။ ဒေဝီသခင်ကို ဒီအတိုင်းထားခဲ့နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာမကို ဆွဲခေါ်သွားတော့ သား ... မင်းပျော်ပျော်ကြီး အောင်ပွဲခံလိုက်စမ်း"

"စိတ်ချပါ မာမီ ... ဒေဝီသခင့်ကို အမဲဖျက်သလို ဖျက်ပေးပါ့မယ် ... ဆန့်ကျင်ပုန်ကန်ရင် ခနကို သူ့ရှေ့မှာတင် သတ်ပြမယ်"

သူမ ဘယ်လိုမှ တုန့်ပြန်အံတုနိုင်စွမ်း မရှိတော့ပါဘူး။ ခနကို ပဲ အန္တရာယ်ကင်းစေချင်မိနေသည်။

"ခနကို မထိပါနဲ့ ... သခင့်ကို ရှင့်ဆန္ဒအတိုင်းလုပ်ပါ၊ ခနကို တော့ မသတ်ပါနဲ့ ... "

သခင်လေသံသဲ့သဲ့လေးဖြင့် မင်းချမ်းမြေ့ကို ပြောနေမိသည်။ သူ့ တဟားဟား အော်ဟစ်ရယ်မောနေ၏။ သခင် အရှုံးကြောက်ပါတယ်။ ရပ်တည်နိုင်စွမ်းပင် မရှိတော့။ သူပြုသမျှ နုရတော့မည့် အခြေအနေဖြစ်သွားသည်။ မင်းချမ်းမြေ့ရဲ့ အောင်ပွဲခံနေမှုကို သိသလို မသိသလိုလိုနှင့် သခင် မငြင်းဆန်တော့ဘူး။ မင်းချမ်းမြေ့သဘောအတိုင်းပဲ ငြိမ်သက်စွာ လက်ခံလိုက်ဖို့ ဆုံးဖြတ်ထားသည်။

"သခင် မသေချင်သေးဘူး ခန ... ဘာဖြစ်လို့လဲဆိုတော့ လေ ခနကို အကာအကွယ်ပေးနိုင်အောင်လို့ပါ ... သခင် လိုက်ရင် သူတို့က ခနဘက်ကိုလှည့်မှာ မဟုတ်တော့လို့ပဲ"

သခင် သတိတွေကို ကြိုးစားပြီးထိန်းချုပ်နေစဉ်မှာပင် အပြင်မှ ဆူညံစွာအော်ဟစ်ပြောဆိုသံတွေ ကြားလိုက်ရသည်။





"ဆရာ ... မကြာခင် သက်ဆိုင်ရာတွေရောက်လာတော့မယ်တဲ့ ... ထွက်ပြေးကြရအောင်ပါ၊ မာမီကြီး ကားပေါ်ရောက်နေပြီ ... ဒီဟာမကို ထားခဲ့လိုက်တဲ့"

"ဘာကွ ... မထားခဲ့ဘူးခေါ်သွားရမယ် ... ငါမထားရက်ခဲ့နိုင်ဘူး",

"ပြဿနာ ပိုကြီးထွားလာလိမ့်မယ် ဆရာ ... မြန်မြန်သွားပါ ကျွန်တော်တို့ တားဆီးထားမယ် ... ဒီမိန်းကလေးပါနေရင် ခနဆိုတဲ့ကောင်က သဲကြီးမဲကြီးလိုက်နေမယ် ... ထားခဲ့ပါ"

မင်းချမ်းမြေ့ကို သူတို့တွေက အတင်းဆွဲခေါ်သွားကြသည်။ ခန လာကယ်နေပြီလား။ သခင် အားတက်ဝမ်းမြောက်သွား၏။ သခင့်ကို တစ်ယောက်ထဲထားခဲ့ပြီး အားလုံးထွက်သွားကြသည်။

"ခနရယ် ... ငါ့အတွက် နင့်မှာအန္တရာယ်တွေ ပတ်ချာဝိုင်းလာပြီပဲ ... ရန်သူတွေ များလိုက်တာ"

သခင် ထဖို့ ကြိုးစားသည်။ ခေါင်းတွေထဲမှာ ချာချာလည်အောင် မူးဝေနောက်ကျိနေ၍ ရုတ်တရက် မထနိုင်။ အပြင်မှာ အော်ဟစ်သံတွေက ပွက်လောရိုက် ဆူညံပွက်နေလေသည်။

"သခင် ဘယ်မှာလဲ ... သခင်ရေ မင်းဘယ်မှာလဲ ... ကိုယ့်အသံကြားရင် ထူးစမ်းပါ ... သခင်ရေ ... "

အို ... ခနအသံပဲ။ သခင် အလွန်အမင်းအားတက်ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ သခင် ဒီမှာဟု အော်ပြောလိုက်ပေမယ့် အသံတွေက တိုးလျှလွှန်းနေ၏။ သခင့်အသက်ကိုရော အန္တရာယ်ရန်စွယ်တွေ ကြားထဲတပါ အကြိမ်ကြိမ် ကယ်တင်နိုင်ခဲ့သူက မာနခနေပါ။

"သခင် ... သခင် ... မင်းသတိရလား၊ အားတင်းထားနော် ကိုယ်လာပြီ ..."

"ခနု ... နေရယ် ..."

သခင့်ကိုတွေ့တော့မှ ခနုစိတ်အေးသွားရပြီး သခင်ခနု့ ကိုယ်လေးအား ပွေ့ဖက်ထားမိသည်။

သခင် မိန်းမောသွား၏။

ဒေါ်လေးခင် ဖုန်းဆက်အကြောင်းကြားသဖြင့် ခနု လိုက်လာနိုင်ခဲ့ ခြင်းဖြစ်သည်။

သက်ဆိုင်ရာတွေကလည်း သတင်းရထား၍ မင်းချမ်းမြေ့တို့သားအမိ ခိုအောင်းနေတဲ့နေရာကို သိခြင်းဖြစ်၏။

ဒါတောင် မင်းချမ်းမြေ့တို့သားအမိ, ကားနှင့်ထွက်ပြေး လွတ်မြောက်သွားသည်။

"သခင်ရယ် ... ကံကောင်းလို့ပါလားကွာ ... ကိုယ်အချိန်မီ ရောက်လာလို့ပဲ ..."

သခင်ကို တစ်ယောက်ထဲထားခဲ့ရတာ လုံးဝစိတ်မချနိုင်တော့။





ကျောင်းမှာလည်း သခင်တစ်ခုခုဖြစ်မလားဆိုပြီး စိတ်ပူရသည်။ ညှိုမိနှင့်လည်း ချစ်စကားတွေ မပြောဖြစ်ကြ။ သူ့နှလုံးသားထဲတွင် တွေဝေရှုပ်ထွေးနေခဲ့၏။ သခင့်ကို တကယ်ပဲ သူဥပေက္ခာပြုနိုင်မလားလို့ မဝေခွဲနိုင်။ သခင့်ကို ပွေ့ဖက်ပြီး အပြင်သို့ခေါ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

ထွက်ပြေးသွားသော မင်းချမ်းမြေ့တို့သားအမိ ကား အက်ဆီးဒင့်ဖြစ်သွားသဖြင့် ဆေးရုံရောက်သွားရကာ နှစ်ယောက်လုံး ကွယ်လွန်သွားကြလေသည်။ မင်းချမ်းမြေ့ တပည့်တွေအားလုံးကိုလည်း ဖမ်းဆီးနိုင်ခဲ့၏။ ခနေရဲ့စိတ်ပူပင်သောကရောက်မှုတွေ အတော်လေး လျော့ပါးသွားသည်။ သခင့်အတွက် အန္တရာယ်ရန်စွယ်တွေ ကင်းရှင်းသွားပြီဖြစ်၏။ ထိုအကြောင်းတွေကို ခနေပြောပြတော့ သခင့်မျက်နှာလေးပေါ်မှာ အပြုံးတွေ ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေဆဲ ဖြစ်နေသည်။

"သခင် … မပျော်ဘူးလားကွာ၊ မကြာခင် အေးချမ်းတဲ့ဘဝလေးကို မင်းပိုင်ဆိုင်ရတော့မယ်လေ … "

"သခင် မပျော်ပါဘူး … ဘာဖြစ်လို့လည်းဆိုတော့ လေသခင့်ဘဝရဲ့ အအေးမြဆုံး လမင်းရင်ခွင်လေးက မကြာခင်ပျောက်ဆုံးတော့မှာမို့ပါ"





"သခင်ရယ် … "

"ကျွန်မဘဝ အေးချမ်းသွားရင် ရှင်က ရှင့်ချစ်သူနဲ့လက်ထပ်ပြီး ကျွန်မကိုထားခဲ့မှာမဟုတ်လား ခနေရယ် … ကျွန်မလေ တစ်ယောက်ထဲဘဝကို ဖြတ်သန်းရမှာ သတ္တိတွေပျောက်ဆုံးနေသေးတယ် … ခနေအတွက်လည်း စဉ်းစားပေးပါတယ်၊ ခနေကိုလည်း ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝလေးတစ်ခု ပိုင်ဆိုင်စေချင်ပါတယ်"

သခင် သတိရတစ်ချက် မရတစ်ချက်ဖြစ်နေစဉ်က ခနေကို ခဆီပါနဲ့ ခနေအသက်ကို ချမ်းသာပေးပါ … ရှင့်သဘောဆန္ဒတွေအတိုင်း ကျွန်မလိုက်လျှောပေးပါမယ်ဟု တတွတ်တွတ်ပြောနေခဲ့သည်။

"သခင်ရယ် … ကိုယ်လည်း မင်းတစ်ယောက်ထဲ မထားခဲ့ရက်တော့ပါဘူးကွာ … မင်းနှလုံးသားက ကိုယ့်ကိုချစ်နေတယ်ဆိုတာလည်း ကိုယ်သိနေပြီပဲလေ"

သူ့ရင်ထဲမှာပဲ ထိုစကားတွေပြောဆိုရေရွတ်နေမိသည်။ သခင့်ကို မသိစေချင်သေးပေ။ သူ့အသေအချာမဆုံးဖြတ်နိုင်ခဲ့။ ညိုမိဘ ရှိနေ၏။ သူကိုယ်တိုင် ခုတုံးအဖြစ် အသုံးချရွေးချယ်လိုက်မိတဲ့ ခင်သူပါ။ ထိုကိစ္စအတွက်လည်း သူတာဝန်မဲ့စွာ ဥပေက္ခာမပြုနိုင်ပေ။ ကိုယ့်ရဲ့လမင်းရင်ခွင်ထဲမှာ သခင့်ကိုပဲ ထွေးပွေ့ထားလိုနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညိုမှိုကိုပဲ လက်ထပ်ပါနေ ... ကျွန်မရဲ့ယောင်းမအဖြစ် ကြေကြေနပ်နပ်ကြီး လက်ခံပေးပါ့မယ်နော် ... ခနစိတ်တွေ ရှုပ်ထွေးညစ်နွမ်းမနေစေချင်လို့လေ"

သခင် ငိုပြစ်ချင်သည်။ ခန ရင်ခွင်ထဲသို့ထပ်ပြီး တိုးဝင်ဖက်တွယ်ဖို့ဆန္ဒတွေကို သူမထိန်းချုပ်နေရသည်။ သခင် တွယ်တာနှစ်သက်ရတဲ့ လမင်းရင်ခွင်လေးပါ။ ညိုမှိုတို့ရောက်လာ၏။ သခင့်ကို လာကြည့်တာပါ။ သခင်ရဲ့ မနာလိုဝန်တိုမှုတွေကို သခင့်နှလုံးသားမှ ဖယ်ရှားပြစ်ရင်း ညိုမှိုကိုရန်လိုမှုတွေ မရှိတော့ဘဲ အပြုံးနှင့်ဆီးကြိုရန် ကြိုးစားခဲ့ရသည်။ ညိုမှိုနဲ့အချစ်ဆုံး အခင်မင်ဆုံး သူငယ်ချင်းဖြစ်သည်။

"ညိုမှို လာလေ ယောင်းမ ... အခုလိုလာပြီး အားပေးတဲ့အတွက် ကျေးဇူးပဲ ..."

သခင့်စကားလုံးတွေက ပြေပြေပြစ်ပြစ်ထွက်ပေါ်မလာခဲ့။ တုန်ယင်လှိုက်တုန်သွားရသည်။ ညိုမှိုနှင့်ခနကိုတွဲလျက် မြင်တွေ့နိုင်ခြင်းလည်း မရှိခဲ့။ ယခင်ကလို ခနကို မတူမတန်သလိုလို ရင်ထဲက ချစ်နေလျက် မာနတကြီး ချိုးဖွဲ့နှိမ်ချတဲ့ အမူအယာမျိုးတွေ ဟန်ဆောင်၍ပင် မပြသလိုတော့ပေ။ ညိုမှိုရယ် ... ပြန်ပါတော့ သခင့်မှာ သတ္တိတွေ မရှိလို့ပါ။ ခနကို သခင့်အနားကနေ ဆွဲထုတ်မသွားပါနဲ့ဟု တောင်းပန်ချင်နေမိသည်။





"မောင်ရယ် ကြည့်ပါဦး သခင့်ကို ... မတွေ့ရတာကြာလို့လားမသိပါဘူး အရမ်းချောင်ကျသွားတယ် ... သူငယ်ချင်းရယ် အားမငယ်ပါနဲ့ဟာ ... သခင့်အတွက် လိုအပ်တာတွေအားလုံး ညိုမှိုဖြည့်ဆွမ်းပေးမယ် ... သခင် ပျော်ရွှင်သလိုနေပါ"

"အင်းပါ ကျေးဇူးပဲ ..."

မောင်တဲ့ ... အရင်ကလည်း ခနကို ကြိတ်ပိုးနေတဲ့ ညိုမှိုက မကြာခဏပဲ စိုင်စိုးပိုင်နိုင်း မောင်ဟုခေါ်နေတတ်သည်။ သခင် အမြင်ကတ်နေမိ၏။ ညိုမှိုအသံတွေက သခင်နားထဲသို့ ပူပြင်းခါးသက်လျှက်။ ခနကို စိတ်ချမ်းသာစေချင်သဖြင့် အပြုံးတွေကို သူမနှုတ်ခမ်းတွေပေါ်မှ မဖယ်ရှားပြစ်ခဲ့။ ခနက သတိထားမိပုံရပြီး ညိုမှိုကို အပြင်ခေါ်ထုတ်သွားသည်။

"ညိုမှို ... သွားကြမယ် ... သခင်နားပါစေ"

"ဟုတ်သားပဲ မောင်ရယ် ... သခင်အရမ်းပင်ပန်းနေတာ၊ နားတော့နော် ... ဟဲ့ ယောင်းမ ... ဘာမှအားမငယ်နဲ့သိလား မောင်ရောငါပါ သခင့်ကို ညီမလေးလို နွေးနွေးထွေးထွေး စောင့်ရှောက်ပေးမယ်"

ဘာတွေလာပြီး ပြောနေတာလဲဟာ။ မောင်ရောနင်ရော ထုတ်လား ... သခင်စိတ်ကိုထိန်းစမ်းပါ။ ညိုမှိုက ဘာသိမှာလဲ။ ခနလိုအဆင့်ကို ဒေဝီသခင်က ဘယ်တော့မှမမှန်းဘူးလို့ထင်ထားတာပါ။ ဘယ်လိုပဲ ထိန်းချုပ်ထားပါစေ မရခဲ့။ ခနတို့နောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်သွားချင်ပေမယ့် အင်အားတွေ ချိနဲ့လွန်းနေသည်။ သခင်ရဲ့လမင်းရင်ခွင်ထဲမှာ ညိုမြိုရောက်နေတာ ကြည့်နိုင်မှာမဟုတ်။ ကြိတ်ပြီး မျက်ရည်တွေပဲ ကျနေသည်။

"မနက်ကို မုန်းတယ် ... အရမ်းမုန်းတာပဲ၊ ဘာဖြစ်လို့ ညိုမြိုကို ချစ်ရတာလဲဟင် ... သခင် ဘာလုပ်ရတော့မလဲ သေချင်တယ်"

သခင် အိပ်ရာထဲမှာပဲ ခွေနေမိသည်။ အစားအသောက်တွေလည်း မစားနိုင်။ ဒေါ်လေးခင်က အတင်းအကျပ်ကျွေးရ၏။ ကျွန်မ အသည်းကွဲနေတယ် မနေ။ ဘယ်သူ့မှလည်း တွေ့ချင်စိတ် မရှိတော့ဘူး။ နှလုံးသားထဲမှာ မီးတောက်တွေ ထတောက်နေပြီထင်တယ် မနေ ခဏလေးပျောက်သွားတာပင် လွမ်းဆွေးတမ်းတလို့ မဆုံးနိုင်။ အချစ်တွေကို သခင့်နှလုံးသားထဲမှာ ထိန်းသိမ်းသိုဝှက်ထားရတာ ခက်ခဲလွန်းနေသည်။ သခင့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့် ပြည့်နှက်နေခဲ့၏။ မနေ မသိနိုင်ပါဘူး ... သခင်ဟန်ဆောင်နေခဲ့လို့ပါ။ တဖြည်းဖြည်းနှင့် သခင်အားအင်တွေ ချိလာပြီး အိပ်ရာပေါ်က နေ မထနိုင်တဲ့အထိ ဖြစ်သွားသည်။

"သခင် ... မင်းအစားတွေ မစားဘူးဆို၊ အဲဒီလိုမလုပ်ပါနဲ့ သခင်ရယ် ... "

သခင့်ကို အဆုံးရှုံးမခံနိုင်ဘူးဆိုတာ မင်းသိရဲ့လားသခင်။ အရမ်းပိန်ချုံးနေတဲ့ ပါးလှပ်လှပ် သခင့်ကိုယ်လေးကို သူထူမပွေ့ယူထားလိုက်မိသည်။



"သခင် ဘာမှမဖြစ်ပါဘူး ... အစာတွေက မျိုချလို့မရဘူး မနေရယ် ... ဘာဖြစ်လို့လဲ မသိဘူး၊ ဒက်ဒီ့ကို သတိရနေလို့ထင်တယ်၊ တောင်းပန်ချင်တယ် ... သမီးရဲ့မိုက်မဲမှုတွေကိုလေ၊ အခု သခင် အရမ်းလိမ်မာနေပြီဆိုတာ ပြချင်တယ်"

ကိုယ် သိနေပါတယ် သခင်ရယ်။ ဒက်ဒီသာရှိရင် မင်းနဲ့ကိုယ့်ကို အတင်းအကျပ် လက်ထပ်ပေးမှာမဟုတ်လား။ သခင့်ကို လုံးဝ ထက်လွှတ်မခံနိုင်ဘူးဆိုတာ မနေပို၍ သိရှိလာရသည်။

"မနေ"

"ဟင်"

"ဒက်ဒီကျန်ခဲ့တဲ့ပစ္စည်းတွေရော ဒီခြံကြီးကိုရော မနေ့နာမည်နဲ့ပဲ လွှဲပေးထားချင်တယ် ... မနေက သခင့်အသက်နဲ့အရှက်ကို အကြိမ်ကြိမ် ကယ်တင်ပေးခဲ့တာ မဟုတ်လား ... လက်ဖွဲ့ချင်တယ် လက်ခံပေးပါနော် ... "

"သခင် ကျန်းမာအောင်ပဲ ကြိုးစားပါကွာ၊ ကိုယ့်ကိုစိတ်ပူအောင် မလုပ်ပါနဲ့ ... ဆရာဝန်ကြီးခေါ်ရမယ်"

"သခင် ဘာမှမဖြစ်ပါဘူး၊ အားနည်းနေတာပါ မနေ ... ကျောင်းကိုသွားပါ၊ သခင် ကြိုးစားပြီး ထူမတ်နိုင်အောင် ကြိုးစားပါမယ် မနေရယ် ... ညိုမြို စောင့်နေလိမ့်မယ်"

ညိုမြိုကို အိမ်ခေါ်မလာဖို့ တားဆီးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင် ဘာမှမဖြစ်ဘူးနော် ... ညီမို့ကိုလည်း ပြောပြမနေ ပါနဲ့ မကြာခင် ထူထောင်လာမှာပါ ... မနကို ကျေးဇူးဆပ်ပြီးရင် ပိုပြီးတောင် စိတ်ချမ်းသာရမှာ"

ဆက်မပြောပါနဲ့တော့ သခင်ရယ် ... ကိုယ်သိပါတယ်၊ မင်း ဘယ်လောက်အထိ ခံစားနေရလဲဆိုတာ။ မနကိုယ်တိုင် ချော့မော့ ၍ အစားအသောက်တွေကျွေးပြီးမှ ကျောင်းကိုထွက်လာခဲ့သည်။

"ညီမိနဲ့လက်ထပ်လို့ မဖြစ်တော့ဘူး သခင်သေလိမ့်မယ် ညီမို့ကိုလည်း မချစ်ဘဲနဲ့ ဟန်ဆောင်လက်ထပ်လို့မဖြစ်ဘူး ... နှစ် ယောက်လုံး စိတ်ဆင်းရဲရလိမ့်မယ်"

ဘယ်လိုပဲဖြစ်ဖြစ် သခင့်ကိုတော့ လက်လွှတ်အဆုံးရှုံးခံ နိုင်ကြောင်း တဖြည်းဖြည်းပို၍သိလာခဲ့သည်။ ညီမိနှင့်တွေ့ဆုံရတဲ့ အချိန်တွေက သူ့အတွက် မွန်းကျပ်ကျပ်ကြီးနှင့် စိတ်မသက်မသာ ဖြစ်ခဲ့ရ၏။ မန ကျောင်းကိုရောက်တော့ ညီမိက လူကြီးတွေအင် ပေးပြီး လက်ထပ်ဖို့ကိစ္စပြောသည်။

"မောင်"

"ဟင်"

"လူကြီးတွေကို ဖွင့်ပြောပြီး ညီမိတို့လက်ထပ်ကြရအောင်ပါ သခင့်ကိုလည်း အနီးကပ်စောင့်ရှောက်ပေးချင်တယ်နော် ... မောင်"

"မဖြစ်သေးဘူး ညီမိ ... အချိန်ကာလ အတိုင်းအတာတစ်ခု





အထိတော့ စောင့်ရလိမ့်မယ် ... သခင့်ကျန်းမာရေး သိပ်မကောင်း သေးဘူး ... ကိုယ်လည်း အဆင်သင့်မဖြစ်သေးဘူးထင်တယ်"

"ဟင် ... မောင်ပဲလက်ထပ်ဖို့ တောင်းဆိုခဲ့တာလေ ... ညီမိ စိတ်မချတော့ဘူး။ ညီမိနဲ့ပတ်သက်လာရင် မောင့်ဘက်က အရမ်းအေးစက်တာပဲ ... ညီမိအပေါ် မောင့်သဘောထားရိုးသား ဖြူစင်ရဲ့လား ... မောင်နဲ့ညီမိတို့ နှလုံးသားထဲက အချစ်တွေပွင့်အံ ထွက်လာဖို့ ညီမိ ခုတုန်းအလုပ်ခံရတာလား ပြောလေ ... "

"မဟုတ်ဘူး ညီမိ ... လောလောဆယ် ကိုယ်တို့မိသားစု ပြဿနာတွေရှိနေသေးတယ် ... သခင့်အတွက် အချိန်ပေးရလိမ့်မယ် ညီမိ ... ကိုယ် တောင်းပန်ပါတယ်၊ လက်ထပ်ဖို့ကိစ္စ မလောပါနဲ့"

"မရဘူး ညီမိ စိတ်ပူတယ် ... မောင်က ညီမ ညီမနဲ့ သခင် တစ်ခုခုဖြစ်ရင် ပြာယာခတ်နေတာပဲ ... ဘယ်လိုအနေ့ရာယ်မှလည်း မမြင်တော့ဘူး ... မောင် အရမ်းအဖြစ်သဲလွန်းတယ်၊ ညီမိကတော့ အချိန်တွေ ဆွဲမနေချင်တော့ဘူး အမြန်ဆုံးလက်ထပ်မယ် ... "

"ကိုယ် မလိုက်လျောနိုင်သေးဘူး ညီမိ ... ကိုယ်တောင်းပန် ပါတယ်"

"ရှင့်ကိုမယုံဘူးမနေ ... အပိုတွေပြောမနေစမ်းပါနဲ့၊ ရှင် သခင့် ကိုချစ်နေတာပါ ... သခင်က ညီမိထက်ပိုပြီးချောမောလှပတယ်၊ ပိုက်ဆံလည်းချမ်းသာတယ်၊ အမွေတွေ တစ်ပုံတပင်ကြီးကျန်ခဲ့တဲ့ မိန်းမ ... "



www.burmeseclassic.com

www.burmeseclassic.com



"ညိုမီ တော်ပါတော့ကွာ ... အဲဒီလိုမိန်းမတစ်ယောက်ကို လက်မထပ်ချင်လို့ မင်းကိုချစ်သူအဖြစ် ရွေးချယ်ခဲ့တာလေ"

"ကျွန်မက အရုပ်မဟုတ်ဘူးနော် မေ ... ရှင်ကစားချင်တိုင်း ကစားလို့မရဘူး ... လူကြီးတွေနဲ့တွေ့ရမယ် ... ရှင် လိုက်ခဲ့ရမယ်"

"ကောင်းပြီလေ ... မင်းသဘောအတိုင်းဖြစ်စေရမယ် ... ကျေနပ်ပါတော့ကွာ"

"ဒါဆို ဒီညနေပဲ ညိုမြိုမိဘတွေနဲ့တွေ့ဖို့ မောင်လိုက်ခဲ့ရမယ်"

သူ့အတွက် ညိုမီနှင့်လက်ထပ်ရန် ဒီလောက်အထိ ခက်ခဲနေလိမ့်မည်ဟု မထင်မိ။ တကယ်တမ်း လက်ထပ်ဖို့ တွန့်ဆုတ်နေမိသည်။ အခုချိန်အထိ ညိုမြိုအား ချစ်သူအဖြစ် အမည်လေးပဲတပ်ထား၍ ကြင်ကြင်နာနာ ယုယုယယမနေမိ။ သူ့ဆုံးဖြတ်ချက်တွေ မှားယွင်းသွားပြီလားပဲ။ သခင့်ကို ဥပေက္ခာပြုထားလို့ မဖြစ်နိုင်ပေ။ မထူးတော့ပါဘူး။ ညိုမီနှင့်ပဲ လက်ထပ်မယ်။ ညိုမီခေါ်ရာနောက် လိုက်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။ ညိုမီနှင့်လိုက်သွားခါနီးမှာပင် ဒေါ်လေးခင်ဆီက ဖုန်းလာ၏။ သခင်အရမ်းဖျားနေသည့်တဲ့ အမြန်ဆုံးလာခဲ့ဖို့ ပြောသည်။

"ညိုမီ ... မောင် မလိုက်နိုင်တော့ဘူးထင်တယ်၊ သခင် နေမကောင်းဘူးတဲ့ ... ကိုယ် ပြန်သွားရမယ်ထင်တယ်"

"မရဘူး မောင် ... အဓိပ္ပါယ်မရှိတာဘဲ၊ ညိုမီက မောင့်ချစ်သူလေ ... ညိုမြိုမိဘတွေနဲ့ တွေ့ရမှာပဲ ... ညိုမီနဲ့ပဲ လိုက်ခဲ့ရ





မယ်"

"ကိုယ်ပြန်ရမယ်ညိုမီ ... တောင်းပန်ပါတယ်၊ ဒက်ဒီက ကိုယ့်လက်ထဲ အပ်ထားခဲ့တာပါ၊ မင်းမိဘတွေနဲ့ နောက်နေ့တွေ တွေ့လို့ရတာပဲ"

"မသွားရဘူး ... ရှင်သွားရင် ညိုမီနဲ့အပြတ်ပဲ"

သူဆက်ပြီး အချိန်ယူဆွေးနွေးတာတွေ မလုပ်နိုင်တော့ပေ။ သခင် နေမကောင်းဘူးတဲ့ ... မေ့ ကားမောင်းထွက်လာခဲ့သည်။

"အရှုံးကောင် မေ့ ... ငါ့ကို အသုံးချတာပဲ၊ နင်ချစ်တာ သခင်ပဲ ... ငါသိတယ် ... နင့်လိုကောင်နဲ့ ငါဘယ်တော့မှ လက်မထပ်ဘူး ... မှတ်ထား ..."

ညိုမီ အော်ဟစ်ပြောဆိုသံတွေက နေကားနောက်မှာ ဝေ့ကျန်ရစ်ခဲ့သည်။

"ကိုယ် တောင်းပန်ပါတယ် ညိုမီ ... လောကကြီးထဲမှာ ကိုယ့်အတွက် အရေးအကြီးဆုံးက သခင်ပဲ"

သူ ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ သခင့်ဆီရောက်လာခဲ့သည်။

"မောင်ခနရယ် ... သခင့်ကိုကြည့်ပါဦး၊ အဖျားတွေအရမ်းတက်နေတယ် ... သတိတွေတောင် လစ်နေပြီ"

"သခင် ... သခင်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"သတိရလား ... ကိုယ်လေ မနပါ ... ကြားလား သခင်"

"မနလား"

"ဟုတ်တယ် မနပါ ... သတိထားပါဦးသခင်ရယ် ... ကိုယ် ဆရာဝန်ကြီးကို ဖုန်းဆက်ခေါ်ထားတယ်၊ အားတင်းထားပါနော်"

"မနရယ်"

ညည်းညူသံလေးနှင့်အတူ မျက်တောင်လေးတွေ ဖြတ်ခနဲ ပွင့်လာသည်။ ဆရာဝန်ကြီးရောက်လာပြီး စစ်ဆေးနေသည်။ သူ့ အရမ်းစိတ်ပူပင်နေ၏။ မနရင်တွေ တဆတ်ဆတ်တုန်ယင်နေသည်။

"သခင် ... မင်းကို မခွဲနိုင်တော့ဘူး၊ ကိုယ်ဟန်ဆောင်ပြီး မင်းနဲ့အဝေးဆုံးကိုထွက်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကိုယ်အရမ်းချစ်တယ် ... သခင်တလွဲပြီး ဘယ်မိန်းကလေးမှ ကိုယ်ရဲ့လမင်းရင်ခွင်ထဲမှာ ထွေးပွေ့မထားနိုင်တော့ဘူးကွာ"

ဆရာဝန်က ဆေးထိုးပေးသဖြင့် မကြာခင် အဖျားကျသွားသည်။

"ဒေဝီသခင့်မှာ တခြားဘာဝေဒနာမှမရှိဘူး ... အအိပ်အစား မမှန်ဘူးထင်တယ် ... အားအရမ်းနည်းနေတယ်၊ ကြာရင် မကောင်းဘူးနော် ... စိတ်ချမ်းသာအောင်နေရမယ် ... ဒေါ်ခင်လေး ဂရုစိုက်ပါ ... မောင်မနလည်း ဒေဝီသခင့်အပေါ် စောင့်ရှောက်ပေးပါကွာ၊ ကိုထင်လင်းက အပ်သွားတာပဲမဟုတ်လား"





ဆရာဝန်ကြီးရဲ့မှာစကားတွေက အမိပ္ပါယ်နက်ရှိုင်းစွာရှိနေကြောင်း မနသိသည်။ သူ့အနေနှင့် သခင်အား အနီးကပ်ကြပ်မှာ ထူယစွာ စောင့်ရှောက်ပေးရတော့မည်ဖြစ်၏။ ဒေါ်လေးခင်က လည်း သခင့်ကို ဥပေက္ခာပြုမထားဖို့ တောင်းပန်သည်။

"သခင့်ကိုပဲ လက်ထပ်ပါ မောင်မနရယ် ... မင်းချစ်ရက်သားနဲ့ ဘာဖြစ်လို့ ငြင်းပယ်နေရတာလဲဆိုတာ ဒေါ်လေးသိပါတယ်၊ တခြားတွေ ဘာမှမတွေးပါနဲ့ကွယ် ... သခင့်အနားမှာ မင်းရှိမှဖြစ်မယ်လေ"

ဒေါ်လေးခင် ထွက်သွားတဲ့အချိန်တွင် အခန်းထဲမှာ မနတစ်ယောက်ထဲကျန်ခဲ့သည်။

သခင်က အိပ်ပျော်နေဆဲပင်။

"သခင်ရယ် ... မင်းကိုဥပေက္ခာပြုထွက်သွားဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး ... ကိုယ် ဆုံးဖြတ်လိုက်ပြီ၊ သခင့်အနားမှာပဲ ထာဝရအားပေးနှစ်သိမ့်ပြီး နေသွားပါတော့မယ်ကွာ"

"ဟင် ... မန တကယ်ပြောတာလားဟင်၊ သခင့်အနားမှာပဲ တကယ်နေတော့မယ် ဟုတ်လား ... "

"သခင် ... မင်းအိပ်ပျော်နေတာ မဟုတ်ဘူးလား"

"အင်းလေ ... သခင်အိပ်နေတာပါ၊ မနစကားသံကြောင့် လားမသိဘူးလေ သခင်လန့်ပြီး နိုးထလာတယ်"

"သခင်ရယ် ... "

www.burmeseclassic.com



သခင့်ခန္ဓာကိုယ်လေးကို သူတင်းတင်းကြပ်ကြပ် ဆွဲယူပွေ့ဖက်ထားမိသည်။

"စောစောက မနေပြောနေတာတွေက တကယ်လား ... ထပ်ပြီး သခင့်ကိုမချစ်သလိုလိုလိမ်ညာဟန်ဆောင်ပြနေဦးမှာလားဟင်"

"ကိုယ် ဆုံးဖြတ်ထားလိုက်ပြီ သခင်ရယ် ... တခြားသူတွေကိုလည်း ကိုယ်ခုတုံးမလုပ်ချင်တော့ဘူး ... အချစ်မပါတဲ့ အိမ်ထောင်ရေးကိုလည်း မထူထောင်နိုင်တော့ဘူး ... ကိုယ်ချစ်မြတ်နိုးရတာက သခင်ပါ"

"မနု"

"ပြော"

"ညိုမီကရော"

ထိုအချိန်တွင် သူတို့အခန်းဝတွင် ညိုမီပေါ်လာသည်။

"ညိုမီအတွက် ဘာမှထည့်စဉ်းစားမနေပါနဲ့တော့ ဒေဝီသခင် ချစ်ကြပါ ... ချစ်ကြပါ ... မနေပြောသလိုပဲ အချစ်မပါတဲ့ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုကို ထူထောင်ဖို့ ဘဝတစ်သက်တာလုံး ညိုမီပဲ စိတ်ဆင်းရဲနေရမယ်လေ ... ဒါကြောင့် ညိုမီနောက်ဆုတ်ပေးပါ့မယ် ... သခင့်အနားမှာ မနုရှိနေဖို့လိုအပ်တယ်ဆိုတာလည်း ညိုမီ နားလည်ပါတယ် ... သွားပြီ ... "

"ညိုမီ"





ညိုမီ လုံးဝလှည့်မကြည့်တော့ဘဲ ကျောခိုင်းထွက်ခွာသွားသည်။

"မင်းတို့နှစ်ယောက် ချစ်နေကြတာ ညိုမီသိအောင် ဒေါ်လေးခင် ရှင်းပြလိုက်တာလေ ... တမင်ပြလိုက်တာပါ။ သခင့်အနားမှာမနုရှိနေမှ ဖြစ်မယ်လို့ ... "

ဒေါ်လေးခင်က လာပြောပြီး စိတ်ချမ်းသာသွားပြီဟု ရေရွတ်ရင်း ပြန်ထွက်သွားသည်။

မနုနှင့်သခင်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျှက် အပြုံးပီတိတွေ ဝေဆာစွာ သခင်က မနုရဲ့လမင်းရင်ခွင်ထဲပို၍ တိုးဝင်ဖက်တွယ်ထားလိုက်လေသည်။

"မောင့်ရဲ့လမင်းရင်ခွင်လေးကို သခင်ပြန်ပြီး ပိုင်ဆိုင်ခွင့်ရသွားပြီနော်"

"အင်း"

"မောင်"

"သခင်"

"ကျွန်မကိုချစ်တယ်လို့ သေချာအောင်ထပ်ပြောပါဦးလား"

"သခင်ရယ် ... မောင့်နှလုံးသားထဲမှာ မြင်မြင်ချင်းစွဲလမ်းပြီး ချစ်မြတ်နိုးရတာ ဒေဝီသခင်ပါ ... ယုံကြည်ပေးပါကွာ၊ သခင့်ကို မောင် အရမ်းချစ်တယ်"

www.burmeseclassic.com



"မောင်ရယ်"

မာနခနေက ဒေဝီသခင်အား အချစ်တွေ စတင်ဖြစ်ထွန်းလာခဲ့ပုံတွေကို ပြန်ပြောပြတော့ ဒေဝီသခင် တခစ်ခစ်နှင့်ပျော်ရွှင်ကြည်နူးလျက် ရယ်မောလေသည်။

ရှင်မြတ်နိုး

www.burmeseclassic.com